www.burmeseclassic.com

BURMESE CLASSIC .com

# မျှား

ရင်ဘတ်တဓောက်ကန်း

DESIGN THEIN SHWE

www.burmeseclassic.com

www.burmeseclassic.com

## ဒို့အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗျူး

# ရင်ဘတ်တဗောက်ကန်း

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - Idea Kyaw
ထုတ်ဝေသူ - ဒေါ်နီးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၈၊ တကောင်းလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ဈေး
ရင်ဘတ်တစ်စောက်တန်း / ဈေး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရင်ဘတ်တစ်စောက်တန်း

## အခန်း (၁)

စားပွဲပေါ်က လက်တော့(ပ်)လေးကိုပိတ်ကာ ခုံလည်ကုလား ထိုင်က သတိုး ထလိုက်သည်။ ညာဘက်စားပွဲမှာ ထိုင်နေသော နွယ်ကို လှမ်းကြည့်တော့ သတိုးကို စိုက်ကြည့်နေသော မျက်ဝန်းတွေနှင့်ဆုံသည်။

ဘယ်အချိန်ကတည်းက သတိုးကို အကဲခတ်ကြည့်နေသည် မသိပါ။ သတိုး မျက်ခုံးလေးတွေ တွန့်ကုပ်ကြည့်မိရင်း

"နွယ် ဘာကိုကြည့်နေတာလဲ"

သတိုး အမေးကို မဖြေသေးဘဲ ပြုံးယှဲ့ယှဲ့လေး လုပ်နေသော နွယ်ကြောင့် မလုံမလဲ ဖြစ်သွားရတာအမှန်။ နွယ်ကတော့ အသံလေးထွက် အောင်ရယ်ရင်း

"အဟင်း ဟင်း သတိုးကို သဘောကျလို့"

"နွယ်နော် လျှောက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အတင်း ဖော့ာင်ပါဘူးကွာ၊ သတိုးက တကယ့် အချိန်မှန် ရထားလေးပဲ"

နွယ် ဘာကိုဆိုလိုသည်ဆိုတာ ချက်ချင်းသိသော သတိုး မျက်နှာလေး ပန်းနုရောင် သမ်းသွားသည်။

"အခုပဲကြည့်လေ ဆယ့်တစ်နာရီတိုးဖို့ ငါးမိနစ်ဆိုတာနဲ့ သတိုးက အဆင်သင့်ဖြစ်နေပြီ"

"မနောလို ဖြစ်နေရင် နွယ်လည်း ချစ်သူရှာလိုက်လေ"

"သတိုးလို ကိုယ့်ချစ်သူကို သိပ်ချစ်တတ်တဲ့သူမျိုး ရရင်တော့ လိုချင်တာပေါ့၊ တကယ် သတိုးရဲ့ချစ်တတ်လွန်းတဲ့ စိတ်ကိုတော့ အံ့ဩတယ်"

နွယ်ရဲ့ ခပ်ငေါ့ငေါ့စကားကိုပဲ သတိုး ရှက်ပြုံးပြုံးလေးနှင့် ကျေနပ်စွာ ခံယူမိပါ၏။ ကိုကို သတိုးသိပ်ချစ်ပါသည်။ နှလုံးသားက မြတ်နိုးစုံမက်စွာ ချစ်ခဲ့မိတာဖြစ်သည်။

ထို့အတွက် သတိုးရဲ့ချစ်ခြင်းက နွယ်ဆိုသလို ချစ်တတ်လွန်းသူဖြစ်နေသည်ဆိုလျှင်လည်း ဂုဏ်ယူစွာ ကျေနပ်နေမှာပဲ ဖြစ်သည်။

နွယ့်ကို ဘာမှ ပြန်မပြောမိတော့ဘဲ လက်ကိုင်အိတ်လေးထဲက မှန်ဝိုင်းလေးကို သတိုး ထုတ်ယူကြည့်လိုက်သည်။

အလှအပကို ထွေထွေထူးထူး ပြင်ဆင်စရာ မလိုအောင် မြသတိုးဆိုသော သူမက ချောမောလှပသည်ဟု မြင်သူတိုင်းက ဆိုကြသည်။



စိမ်းဖန့်သွယ်တန်းနေသော မျက်ခုံးတန်းတန်း နှစ်ဖက်အောက်က မျက်ဝန်းဝိုင်းစက်စက်တွေ မျက်တောင်ရှည်ကြီးတွေက ကော့ပျံ့လျက် နှာတံစင်းစင်းလေးက ချွန်မြနေတာ မဟုတ်ဘဲ ပေါ်လွင်ကြည့်ကောင်းသည်။

နှုတ်ခမ်းဖူးဖူးလေးနှင့် မေးစေ့ချွန်ချွန်လေးကလည်း အပြစ်ဆိုရက်စရာမရှိ။

လှပ နုညက်သော မျက်နှာလေးနှင့် လိုက်ဖက်စွာ အချိုးအစားပြေပြစ်လွန်းသော သူမခန္ဓာကိုယ်လေးက မိန်းကလေးချင်းတောင် လည်ပြန်ငေးလောက်သည်။

"သတိုးက သိပ်လှတာပဲ"

အခုချိန်ထိ သူမထံပါးက အကြည့်တို့ လွှဲဖယ်မသွားသေးသော နွယ်ဆီက ချီးကျူးစကားကို ကြားရပြန်ပါသည်။

သတိုး နှစ်နှစ်ခြိုက်ခြိုက်ကလေးပြုံးကာ နွယ်က လှည့်ကြည့်ရင်း

"ညနေကျရင် နွယ့်ကို ကြေးအိုးကျွေးမယ်"

"အံမယ် စားချင်လို့ ပြောတာမဟုတ်ဘူးနော်၊ သတိုးက တကယ်လှလို့ပြောတာ၊ သတိုးကလှတယ်၊ နုပျိုတယ်၊ စိတ်တိုင်းကျ ရွေးချယ်စရာ ယောကျ်ားလေးတွေ အများကြီးရှိရက်နဲ့ ဦးမိုးရိပ်ထင်ကိုမှ ရွေးချယ်လိုက်တာ နွယ် အံ့ဩတယ်"

နွယ့်နှုတ်က ထိုစကားကြောင့် သတိုး မကျေမနပ် မျက်စောင်း

www.burmeseclassic.com



လေး ကျုံ့သွားမိသည်။ ဒီမေးခွန်းမျိုး ဝေဖန်ချက်မျိုးကိုပဲ သတိုး မကြိုက်တာဖြစ်သည်။

နွယ်တင်မကပါ သတိုးနှင့် ရင်းနှီးခဲ့ပင်သော သူငယ်ချင်းတွေအားလုံးကလည်း ဒီလိုမေးတတ်ကြ၏။

သတိုး မြတ်နိုးချစ်သော ကိုနှင့် သတိုးအသက်က ဆယ့်လေးနှစ်ကျော်ကွာခြားတာကြောင့်ပဲ ထင်သည်။ အချစ်မှာ ထိုအသက်အရွယ်ဆိုသော သတ်မှတ်ချက်က အဓိကကျသည်လား။

ငွေကြေး၊ ဥစ္စာခဓ၊ ဂုဏ်တွေကကော အရေးပါသည်လား။ ဟင့်အင်း သတိုး လက်မခံနိုင်ပါ၊ မယုံကြည်ပါ၊ ကိုကို သတိုးချစ်သော ချစ်ခြင်းမှာ ဘာတစ်ခုမှ မပါဝင်ခဲ့ပါ။

ကိုကို စတွေ့လိုက်ရချိန်မှာ သတိုး ခံစားရသော ရင်ခုန်ခံစားချက်က ဘူးဆန်းပါသည်။

အသက်နှစ်ဆယ့်ငါးနှစ်ဆိုသော မိန်းမတစ်ယောက်သည် ဆန့်ကျင်ဘက် ယောကျ်ားတစ်ယောက်အပေါ် အလွယ်တကူ ရင်ခုန် တွယ်ငြိသွားအောင် ဆင်ခြင်ဉာဏ်ကင်းမဲ့သူမှ မဟုတ်ဘဲလေ။

ပြီးတော့ မြသတိုးဆိုသော သူမသည် စိတ်ဓာတ်မာကြောကာ ရည်ရွယ်ချက်ကြီးမားခဲ့သူ ဖြစ်သည်။

မိဘနှစ်ပါးစလုံး မရှိတော့ပေမယ့် ဘဝကို တစ်ယောက်တည်း ရှင်သန်ရပ်တည် ကြိုးစားခဲ့တာ ဖြစ်သည်။ စီးပွားရေးတက္ကသိုလ် ဘွဲ့တစ်ခုရအောင် ယူခဲ့သည်။ အင်္ဂလန်မှာ စီးပွားရေးပညာရပ်ဆိုင်ရာ





သင်တန်းတွေ နှစ်နှစ်တိတိ သင်ကြားခဲ့သည်။

ယခုအချိန်မှာ သွင်းကုန်ထုတ်ကုန် လုပ်ငန်းကုမ္ပဏီကြီးကို အောင်မြင်စွာ ဦးစီးနေသူ တစ်ယောက်။

စီးပွားရေး လောဘကြီးမားသော သူမသည် နိုင်ငံခြားက ဆေးဝါးကုမ္ပဏီက ဆေးဝါးပစ္စည်းတွေကိုလည်း မြန်မာပြည်ရဲ့ တစ်ဦးတည်းသော မှုပိုင်တာဝန်ယူ ဖြန့်ချိသေးသည်။

ဟိုတယ်လုပ်ငန်းတွေနှင့် စားသောက်ဆိုင်ကြီးတွေမှာလည်း ရှယ်ယာဝင် မြှုပ်နှံထားသေး၏။

သည်လို မိန်းမတစ်ယောက်က ကိုယ့်ထက် အသက်ဆယ့်လေးနှစ်ကျော်ကြီးသော ယောကျ်ားတစ်ယောက်ကို ဘဝအတွက် ရွေးချယ်ချစ်ခဲ့သည်ဆိုတော့ အားလုံးက တအံ့တဩ မျက်ဝန်းတွေနှင့် ကြည့်ကြ၏။

တကယ်ဆို ဦးမိုးရိပ်ထင် ဆိုသော ကိုရဲ့ ချမ်းသာပြည့်စုံမှု၊ စီးပွားရေးလောကမှာ အောင်မြင်မှုတွေထက် သတိုးက သာလွန်ပါသည်။

လူတွေက သတိုးနှင့် ကိုနှလုံးသားကို မမြင်နိုင်ကြဘဲ အပေါ်ယံ သက်မှတ်ချက်တွေနှင့် နှိုင်းယှဉ်အကဲခတ်နေတာ ဘာကြောင့်မှန်းမသိ။

အခုလည်း အရင်းနှီးဆုံး အခင်ဆုံး နွယ်ကဆိုနေပြန်သည်။ သတိုး ပြန်မဖြေရှင်းချင်တော့တာမို့ နှုတ်ဆိတ်နေပေမယ့် မရ။

"ဦးမိုးရိပ်ထင်ကို သတိုးဘာလို့ ရွေးလိုက်တာလဲဟင်"

နွယ် ထပ်မေးနေပြန်တာမို့ သတိုး စားပွဲပေါ်က စလင်းဘတ်အိတ်လေးကို လှမ်းယူရင်း နွယ်ကို ရင်ဆိုင်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နွယ် လူတွေက တို့ကို အဲဒီလို တအံ့တသြ မေးကြရင် တော်တော် စိတ်ပျက်တယ်သိလား၊ ကိုကို တို့ချစ်တာ နှလုံးသားက ချစ်ခြင်းကိစ္စပဲလေ၊ အသက်အရွယ်တွေ ပိုင်ဆိုင်မှုတွေ၊ စီးပွားရေးကိစ္စတွေနဲ့ ဘာမှမဆိုင်ဘူး။ အချစ်ကအချစ်နဲ့ပဲ ဆိုင်တယ်၊ ကိုကို တို့ချစ်တယ်၊ တို့ကိုလည်း ကိုက ချစ်တယ် ကဲ ဘာလိုသေးလို့လဲ"

နွယ်ဘာမှ မပြောဘဲ ငေးငေးလေး ကြည့်နေသည်။ သတိုးလက်က နာရီကို ငုံ့ကြည့်လိုက်တော့ ဆယ့်တစ်နာရီ ထိုးနေပြီ။

"ကဲ နွယ်နဲ့ပြောနေတာ ငါးမိနစ်အချိန်ကုန်သွားပြီ၊ သွားမယ်နွယ်"

"ဆောရီး ဆောရီး နွယ်ကြောင့် အချိန်မှန်ရထားလေး နောက်ကျနေဦးမယ် အဟင်း ဟင်း"

နွယ် နောက်ပြောင်တာလား လှောင်တာလားမသိ။ သတိုးကတော့ ဉပေက္ခာပြုကာ ရုံးခန်းထဲက ထွက်ခဲ့လိုက်သည်။

တစ်ပတ်မှာ ဒီလို ဗုဒ္ဓဟူးနေ့လေးက ကိုနှင့်သတိုးအတွက်တော့ သိပ်ကို အရေးကြီးပါသည်။

တစ်ပတ်လုံးမှာ နားရက် တနင်္ဂနွေရက်ကလေးပဲ ကိုနှင့်သတိုးတို့ အေးအေးဆေးဆေး ဆုံတွေ့ခွင့်ရှိ၏။ ဒါတောင် တစ်ခါတရံ ထိုတနင်္ဂနွေရက်လေးမှာ အပြည့်အဝ ဆုံခွင့်မရှိ။

ကို့ အလုပ်ကိစ္စ အရေးပေါ်ကြုံလာတာမျိုး၊ သတိုးအလုပ်ကိစ္စပေါ်လာတာမျိုးဆိုလျှင် ဆုံခွင့်မရှိ။





ဒါကြောင့်လည်း ဒီဗုဒ္ဓဟူးနေ့ အခွင့်အရေးကို သတိုး တောင်းဆိုတော ဖြစ်သည်။

"ကို ဗုဒ္ဓဟူးနေ့တိုင်း နေ့လည်စာ စားချိန်ကျ သတိုးတို့ ဆုံကြရအောင်နော်"

"ဘာလို့လဲ သတိုးရဲ့ အလုပ်ဖွင့်ရက်ကြီးလေ"

"အလုပ်ဖွင့်ရက်မို့ နေ့လည်စာ စားချိန်ဆုံချင်တာပေါ့ ကိုနဲ့သတိုးဆုံတွေ့ရက်က တနင်္ဂနွေတစ်ရက်ပဲလေ ဒါတောင် အရေးပေါ်ကိစ္စတွေကြုံလာရင် အချိန်ပြည့်မဆုံနိုင်ဘူး၊ ဒီတော့ ကျန်တဲ့ခြောက်ရက်မှာဆုံဖို့မလွယ်ဘူးလေ၊ ဒါကြောင့် ဗုဒ္ဓဟူးနေ့လေးတော့ ဆုံရအောင်နော်"

"နေ့လည်စာ စားချိန်က တစ်နာရီလေးပဲ ရတာလေ သတိုးနဲ့ ကိုယ့်ရုံးခန်းက နီးနီးလေးမဟုတ်ဘဲ ဘယ်လိုဆုံမှာလဲ"

"အဟင်း ကိုကလည်း ဆုံချင်ရင် အနီးလေးတွေ့ ကိုတို့ ရုံးခန်းနားက 'လရိပ်ပြာ' ရက်စတောရင့်လေးမှာ အတူနေ့လည်စာ စားကြမယ်လေ၊ ကိုကားနဲ့ ထွက်လာရင် ငါးမိနစ်လောက်ပဲ ကြာမယ်"

"သတိုးက ပိုဝေးမှာပေါ့"

"အလွန်ဆုံး ကားနဲ့လာရင် ဆယ့်ငါးမိနစ်ပေါ့ ကိုရယ်၊ သတိုး စောထွက်ခဲ့မှာပေါ့"

"အင်း သတိုး ဆန္ဒအတိုင်းပါကွာ"

သည်လိုနှင့် ဗုဒ္ဓဟူးနေ့လေးတိုင်း သတိုးနှင့်ကို ဆုံတွေ့နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကို့ရဲ့ ကုမ္ပဏီရုံးခန်းနှင့် မဝေးလှသော လရိပ်ပြာမှာ သတိုးတို့ နေ့လည်စာစားရင်း ဆုံဖြစ်ကြ၏။ ကိုနှင့် မျက်နှာချင်းဆိုင် တဒင်္ဂလေး တွေ့ခွင့်ရခြင်းကပင် သတိုးအတွက် တန်ဖိုးရှိသော အချိန်လေး ဖြစ်၏။

နွယ်ကတော့ တစ်နာရီလောက်မျှတောင် ဆုံခွင့်မရသော အချိန် လေးအတွက် သတိုးကို အပင်ပန်းခံလိုက်တာဟု ဆိုရင်း

"သတိုးရယ် အတူထမင်းလက်ဆုံလေး စားရဖို့ ဆယ့်ငါးမိနစ် လောက် သွားရမယ်၊ နာရီဝက်အတွင်း ကသုတ်ကရိုက်စား ကသောက မျော ပြန်လာရမှာကို ပင်ပန်းလိုက်တာဟယ်"

"ဟင့်အင်း ကို့မျက်နှာကို ခဏလေး မြင်ရရင် ငါကျေနပ် တယ် အမောပြေတယ်"

နွယ့်ကို ယတိပြတ်ပဲ သတိုးပြောဖြစ်ခဲ့သည်။ ချစ်တတ်ခဲ့သော နှလုံးသားမှာ ကိုသည် သတိုးအတွက်တော့ ကမ္ဘာတစ်ခု ...။

■ ■ ■

ဆိုင်လေးရဲ့ ကားစတင်းမှာ ကားလေးကို ထိုးရပ်လိုက်တော့ ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ် ရှိပြီ။

သတိုး မျက်ဝန်းတွေက ရပ်ထားသော ကားစတင်းကို ဝေ့ဝဲ ကြည့်ပြီး ဖြစ်နေ၏။ ကို့ရဲ့ကားကို မတွေ့ရတော့ စိတ်ထဲမှာ ထင့်ခနဲ စိုးရိမ်သွားမိသည်။

ကို ဘာလို့ ရောက်မလာသေးတာလဲ မသိ။ အနည်းဆုံး ဆယ် တစ်ဆယ့်ငါးဆို ကို ရောက်နေကြဖြစ်သည်။





"မမလေးတို့ နောက်ကျတယ်နော်"

သတိုးနှင့် မျက်မှန်းတန်း ခင်မင်နေသော စားပွဲထိုးကလေးက တ်ဆက်ရင်း ဆိုလာသည်။ ချာတိတ်စကားက သတိုးတို့ ဟု ရည်ညွှန်း တော့ ကို မရောက်သေးတာ သေချာ၏။

"အေးကွယ် မင်းတို့အစ်ကို မရောက်သေးဘူးလား"

"ဟင့်အင်း အစ်ကိုကြီးလည်း မရောက်သေးဘူး မမလေး"

သတိုး လက်ကိုင်အိတ်ထဲက ဟန်းဖုန်းလေးထုတ်ကာ ကို့ဆီ ဖုန်းလှမ်းဆက်မိသည်။

"ဟဲလို ကိုလား"

"ဟုတ်တယ် သတိုး ပြောလေ"

"ကို မရောက်သေးလို့ ဖုန်းလှမ်းဆက်တာ"

"ကို အခုပဲ ထွက်လာပါပြီ သတိုးရဲ့ နှစ်မိနစ်လောက်ဆို ရောက်ပြီ"

သည်တော့မှပဲ သတိုး စိုးရိမ်စိတ်လေး လျော့ကျသွားရသည်။ နားသောမှာ ပြုံးပြုံးလေး ရပ်စောင့်နေသော ဝိတ်တာလေးကို လှည့်ကြည့်ရင်း

"အိုခေ မောင်လေး မမတို့ ဝိုင်းအတွက် ပြင်ဆင်လိုက်တော့"

"ဟုတ်ကဲ့ခင်ဗျ"

ချာတိတ်လေး ထွက်သွားတော့ သတိုး ကားစတင်းကပဲ ရပ်လို့ စောင့်နေမိသည်။ နှစ်မိနစ်သာသာ လောက်မှာပဲ ကို့ရဲ့ကားလေး မောင်း ဝင်လာတာကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကို ကားတံခါးဖွင့်ဆင်းလာချိန်မှာ သတိုးက အနားကို ရောက်နေပြီ အပြာနုနုအဖြူအစင်း စပို့ရှပ်လက်တိုကို အနက်ရောင် စတိုင်လ်ဘောင်းဘီနှင့် တွဲဝတ်ဆင်ထားသော ကိုသည် သတိုး မျက်ဝန်းထဲမှာ တည်တည်ငြိမ်ငြိမ်နှင့် ကြည့်မဝ ကောင်းနေဆဲ။

ဆံပင်တိုတို သေသေသပ်သပ်နှင့် ရှင်းသန့်သော မျက်နှာကို သတိုး ငေးငေးလေး ကြည့်မိသည်။

ပြေသောနဖူးအောက်က မျက်ခုံးနှစ်ဖက်က ထူပိန်းနေတာ မဟုတ်ဘဲနှင့် ထင်ပေါ်သည်။

နှာတံကျစ်ကျစ်နှင့် အနားသပ် တိတိပပပေါ်သော နှုတ်ခမ်းပြည့်ပြည့်တွေကိုလည်း သတိုး နှစ်သက်ခဲ့တာပဲ ဖြစ်၏။

အသက်လေးဆယ်နီးပါးဆိုသော အရွယ်ထက် နုပျိုလွန်းသော ကိုသည် ကျစ်လျစ်ကြည့်ကောင်းသော ခန္ဓာကိုယ်နှင့် မြင့်မားသော အရပ်အမောင်းက သတိုးထက် ခေါင်းတစ်လုံးစာခန့် ပိုသာသည်။

"ဘာကြည့်နေတာလဲ သတိုးရဲ့"

"တနင်္လာ အင်္ဂါ နှစ်ရက်မမြင်ရတဲ့ ကို့ မျက်နှာကို အလွမ်းပြေ ကြည့်တာပေါ့"

သတိုးကို ယုံ့ယုံ့လေး ပြုံးကြည့်သော ကို့အပြုံးတွေက စွဲမက်ဖွယ်ကောင်းပါသည်။

"ကောင်မလေး မပိုနဲ့"

"မပိုပါဘူး ကိုရယ် ကို့ကို သတိုးသိပ်ချစ်တာပါ"





ပြောရင်း ကို့လက်မောင်းကို သတိုးတွဲလိုက်တော့ ကို့မျက်ဝန်းတွေထဲမှာ ရှက်ရိပ်တို့ ဖြာသွားခဲ့ကာ

"ယုံပါတယ်ကွာ ကဲ နေ့လည်စာ စားရအောင် နောက်ကျနေဦးမယ်"

စကားပြောလျှင် လေသံတိုးတိုးနှင့် တည်ငြိမ်စွာ ပြောတတ်သော ကိုသည် သတိုးနှင့်ယှဉ်တွဲ အတူသွားတိုင်း မဝံ့မရဲ တွန့်ဆုတ်ဆုတ်ဖြစ်နေတတ်သည်။

သတိုးနှင့် ကို့ကြားက အသက်အရွယ် ကွာခြားမှုကြောင့် ဒီလိုဖြစ်နေတာဟု သတိုး နားလည်ပါသည်။ ဒါကြောင့်လည်း ကိုနှင့်သတိုး ချစ်သူဘဝရောက်ဖို့ သတိုးဘက်ကပဲ မိန်းမသားတန်မယ့် အခွင့်အရေးတွေ ဖန်တီးခဲ့ရသည်။

ကို့ ရင်ထဲက ချစ်ခြင်းတွေ ပွင့်ထွက်လာအောင် သတိုးပဲ ကြိုးစားခဲ့ရတာဖြစ်၏။

သတိုးနှင့်ကို ထိုင်နေကျ သီးသန့်ခန်းလေးထဲရောက်တော့ ပူပူနွေးနွေး ထမင်းဟင်းတွေကို စိတ်တာလေးက ပြင်ဆင်ပေးနေသည်။

"အဆင်သင့် သုံးဆောင်နိုင်ပါပြီ အစ်မလေးတို့"

စားပွဲပေါ်မှာ မနက်ကတည်းက သတိုးကြိုတင် မှာထားသော ဟင်းလျာတွေက အပြည့်အစုံ ရောက်နေသည်။ ကို ကြိုက်တတ်သော ငါးရံ့အူဟင်းကလည်း ပါသည်။

စားပွဲမှာ ထိုင်သည်နှင့် ကိုက ဖွန်းနှင်ခက်ရင်းကို ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်။ ဆယ့်တစ်နာရီတောင် ခွဲတော့မည်ဆိုတော့ ကို ဗိုက်ဆာနေပြီ ထင်သည်။

သတိုး ငါးရံ့အူဟင်းကိုခပ်ကာ ကို့ပန်းကန်ထဲ ဦးချထည့်ပေးလိုက်သည်။ ပြီးတော့ ကြက်အသည်း တစ်ဖက်ပါ ခပ်ထည့်ပေး၏။

"ကို စားနော် ဒီမှာ အရည်သောက်ဟင်းချိုလည်း ပါတယ်"

"စားမှာပေါ့ သတိုးလည်းစားလေ"

ပြောရင်း ပုဇွန်ထုပ်ဟင်း တစ်ဇွန်းခပ်ကာ သတိုးပန်းကန်ထဲကို ထည့်ပေးသည်။ သတိုး ပုဇွန်ထုပ်ဟင်း ကြိုက်တာကို သိသည်။

ကို အားပါးတရ စားသောက်နေတာကြည့်ရင်း သတိုး အနားက အရိပ်လိုကြည့်ရင်း လိုတာတွေ ခပ်ထည့်ပေးနေမိ၏။

"စားပါ သတိုးရဲ့ ကိုယ့်ဘာသာ ထည့်စားပါ့မယ်"

"စားပါတယ် ကိုရဲ့၊ ကိုသာ ဝအောင်စားနော်"

တစ်ပတ်တစ်ကြိမ်သာ ဆုံနိုင်သော ဒီလိုအချိန်လေးမှာ သတိုးကတော့ ကိုနှင့် လက်ဆုံစားရတာကို နှစ်သက်ပါသည်။ ပြီးတော့ ကို အားပါးတရ စားနေတာကိုကြည့်ပြီး ကျေနပ်သည်။

သတိုးကိုယ်တိုင်ကတော့ စားရင်း ကို လိုအပ်တာကို ခပ်ထည့်ပြင်ဆင်ပေးနေရတာကို ကြည်နူးချင်သည်။

"ဝပြီလား ကို"

"နှစ်ပွဲသာသာတောင် ကုန်ပြီလေ သတိုးလေးရဲ့၊ ဒီထက်ပိုစားရင် ရုံးခန်းတောင် ပြန်လို့ရမှာ မဟုတ်ဘူး"





"မပူနဲ့ သတိုးပြန်ပို့ပေးမှာပေါ့ အဟင်း ဟင်း ဒီမှာအချိုပွဲလေး စားဦးလေ"

ကို ခေါင်းညိတ်ကာ သဘော်သီးမှည့်စိတ်စိတ်ကို ခက်ရင်းလေးနှင့် ထိုးကာစားသည်။ သတိုးလည်း နောက်ဆုံး လက်ကျန်ထမင်းတစ်ဇွန်းကိုစားကာ လက်စသပ်လိုက်၏။

"သတိုး အစားနည်းသလိုပဲ"

"တစ်ပန်းကန် ကုန်တယ်လေ ကိုရဲ့ သတိုး ဒီလောက်ပဲစားတာ ကိုသိရက်နဲ့"

"ကဲ ဒါဆိုလည်း အချိုတည်းလိုက်ဦး ဆယ့်နှစ်နာရီ ထိုးနေပြီ သတိုးရဲ့"

နာရီကို တစ်ချက်ငုံ့ကြည့်ကာ ကိုပြောတော့ သတိုး အချိုရည်ဘူးလေးကို မော့သောက်လိုက်ရင်း

"ကိုကလည်း အခုပဲ စားပြီးရုံရှိသေးတယ်၊ တန်းပြန်တော့မလို့လား"

"တစ်နာရီမှာ မီတင် ထိုင်စရာတစ်ခု ရှိတယ်လေ သတိုးလေးရဲ့"

လုပ်ငန်းသဘောကို သတိုး နားလည်စွာ ဘာမှပြန်မပြောလိုက်မိ။ တကယ်ဆို ကိုရော သတိုးပါ အချိန်ပိုဆိုတာ ရှားပါးစွာ အလုပ်ခပ်နေကြရသူတွေပဲ ဖြစ်သည်။

"လာမယ့် ဆန်းဒေးတော့ ကို အားပါတယ်နော်"

www.burmeseclassic.com



''အင်း အားပါတယ် သတိုးရဲ့ ဘယ်သွားချင်လို့လဲ''

''ဘယ်မှမသွားပါဘူး ကို့အိမ်ကိုပဲ လာခဲ့မယ်၊ နေပြည်တေ
က ပြန်လာတဲ့ မိတ်ဆွေတစ်ယောက် ပျဉ်းမနား မှုစ်ချဉ်တွေ ပေးထားတ
နှိုတယ် ကို့ကို သတိုးချက်ကျွေးမလို့''

''အိုကေ ဒါဆို ကိုယ်တို့ အိမ်မှာပဲ လက်ဆုံစားကြတာပေါ့

လရိပ်ပြာ ဆိုင်လေးထဲက လမ်းခွဲထွက်ခဲ့တော့ ဆယ့်နှစ်နာ
ဆယ်မိနစ် ရှိနေပြီ။

သတိုးလည်း တစ်နာရီမှာ မန်နေဂျာနှင့် တွေ့ဆုံဖို့ရှိသည
ပြီးလျှင် နေ့လည်နှစ်နာရီ မြို့ထဲက ဆေးဆိုင်ကြီးတစ်ဆိုင်ကို သွားရမည
ဒီနေ့ နေ့လည်ခင်း တစ်ချိန်လုံး သတိုးမှာ အချိန်ပိုမရှိတော့ပါ။

တကယ်ဆို သတိုးရဲ့ လုပ်ငန်းတွေက ကို့ထက်တောင် များပြ
နေခဲ့သည်။

ကိုနှင့် လက်ထပ်ပြီးလျှင်တော့ သတိုးရဲ့ စီးပွားရေးလောက
ကို လျှော့ချပစ်မှ ဖြစ်မည်။

ကိုနှင့် နှစ်ကိုယ်တူ တည်ဆောက်မည့် ဘဝလေးကို သတို
လေးအနက် တည်ဆောက်ချင်ပါသည်။

■ ■ ■



## အခန်း (၂)

ကိုနှင့် ထပ်ပြီး ဆုံတွေ့ခွင့် မရနိုင်သော သုံးရက်လုံးလုံး၊ သတိုး အလုပ်တွေနှင့် ရှုပ်ထွေးချာလည်နေခဲ့သည်။

ကုမ္ပဏီရုံးခန်းမှာ သတိုး ရှိနေသည့်ရက်က တစ်ရက်ပဲ ဖြစ်ကာ ကျန်နှစ်ရက်မှာ သတိုး ရှယ်ယာဝင်ထားသော ဟိုတယ်ကြီးတွေနှင့် ဆေးဆိုင်ကြီးတွေ ကိစ္စများနှင့် အလုပ်ရှုပ်ထွေးနေခဲ့၏။

သတိုးရဲ့ ရည်မှန်းချက်အတိုင်း အနာဂတ်အတွက် စီးပွားရေးလုပ်ငန်းတွေကို အခုကတည်းက စီမံကိန်းချ လုပ်ဆောင်နေတာဖြစ်သည်။

ဒါကို သိနေသော နွယ်က သတိုးကို အံ့သြသလိုကြည့်ကာ ပြောခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



''သတိုး ဘာကယ်ပဲ သတိုးရဲ့ စီးပွားရေးအလုပ်တွေကို လျှော့

ထားတော့မှာလား''

''အင်းပေါ့ အိမ်ထောင်တစ်ခု တည်ထောင်ပြီးရင် အိမ်ထောင်

ရှင်တာဝန်ကို ယူနိုင်ဖို့ သတိုးရဲ့ အလုပ်တွေကို လျှော့ချရမယ်လေ။

ဒါကြောင့် ဒီလက်ရှိ သွင်းကုန်ထုတ်ကုန် လုပ်ငန်းကြီးကိုတော့ သတိုး

ဆက်မလုပ်နိုင်တော့ဘူး။ ဟိုတယ်လုပ်ငန်းတွေနဲ့ ဆေးဆိုင်လုပ်ငန်းတွေ

ဆက်လုပ်မယ်''

''သတိုးရယ် ဒီကုမ္ပဏီကြီးကို သတိုး အောင်မြင်အောင် လုပ်

ပြီးမှ လုံးဝစွန့်ပစ်လိုက်မှာ နွယ်တော့ အံ့သြတယ်''

နွယ် ပြောမည်ဆိုလည်း ပြောစရာပဲ ဖြစ်သည်။ တကယ်

'ရွှေကောင်းကင်' ကုမ္ပဏီကြီးကို သတိုး အခုလိုအောင်မြင်သည်အ

ကြိုးစားခဲ့ရတာ အလွယ်တကူ မဟုတ်ခဲ့ပါ။

အခက်အခဲပေါင်းများစွာ အတိုက်အခံပေါင်းများစွာကို ရင်ဆိုင်

ပြီးမှ အောင်မြင်နိုင်ခဲ့တာ ဖြစ်သည်။

သတိုးဘဝ၏ အချိန်တော်များများကိုလည်း ဒီကုမ္ပဏီလုပ်

ကြီးထဲမှာ နှစ်မြှုပ်ထားခဲ့တာ သုံးနှစ်ကျော်တိုင်ခဲ့သည်။

အခုတော့ ထိုကုမ္ပဏီကြီးကို သတိုး စွန့်ပစ်မည့်ကိစ္စအတွ

နွယ် အံ့အားသင့်နေတာ ဖြစ်၏။

''သတိုး သတိုးရဲ့ စိတ်ကူးရည်ရွယ်ချက်တွေ အခုလို အပြော

လဲကြီး ပြောင်းလဲသွားတာ ဘယ်သူ့ကြောင့်လဲဟင်''





နွယ် မေးလာတော့ သတိုးမဖြေဘဲ နှုတ်ဆိတ်ကာ ပြုံးပြုံးလေး

ငြိမ်သက်နေမိသည်။ သတိုး မဖြေသော မေးခွန်းကို နွယ်ကပဲ ဖြေခဲ့၏။

''ဦးမိုးရိပ်ထင် ကြောင့်မဟုတ်လား''

''ကိုကြောင့် ဆိုတာထက် သတိုး နှလုံးသားက ဆန္ဒကြောင့်ပါ

နွယ်ရယ်၊ ကိုကို သတိုး သိပ်ချစ်တယ်၊ သတိုးနဲ့ကိုတို့ အနာဂတ်ဘဝလေး

ကို အေးချမ်းစွာနဲ့ တည်ဆောက်ချင်တယ်၊ ဒီတော့ သတိုးဘဝက စီးပွား

ရေး လုပ်ငန်းတွေနဲ့ နစ်မွန်းနေလို့ မဖြစ်ဘူးလေ၊ ကုမ္ပဏီအလုပ်တွေ

ကို သတိုး စွန့်လွှတ်မယ်၊ ဆေးဝါးလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းတွေက

သတိုး အချိန်ပြည့် ပေးစရာမလိုဘူး၊ ရင်းနှီးမြှုပ်နှံထားရုံပဲလေ''

''အင်း သတိုး အခုလိုဆုံးဖြတ်လိုက်တာ နွယ် အရမ်းအံ့သြ

တယ်၊ ပြီးတော့ သတိုး ဦးမိုးရိပ်ထင်ကို သိပ်ချစ်တာ ပေါ်လွင်လွန်းတယ်''

သတိုးကို နွယ်က မှတ်ချက်ပြုသလို သတိုးကိုယ်သတိုးလည်း

အံ့သြခဲ့မိပါသည်။

တကယ်ဆို မြသတိုး ဆိုသော သူမသည် အချစ်ကို ဘဝရည်

ရွယ်ချက်လောက် တန်ဖိုးမထားခဲ့တာ အသေအချာဖြစ်၏။ ကျောင်းသူ

ဘဝတုန်းကတည်းက သတိုးအချစ်ကို ပိုင်ဆိုင်လိုသူတွေ အများကြီး

ရှိခဲ့၏။ ဒါပေမဲ့ အားလုံးကို သတိုး ဥပေက္ခာပြုခဲ့သည်။

သတိုး ပညာရေးဘွဲ့တစ်ခု ပိုင်ဆိုင်ပြီးချိန်မှာ သတိုးရဲ့ အမွေ

ဆာကို ထိန်းသိမ်းပေးထားသော အန်ကယ် ဦးမြတ်မင်းတို့ ဇနီးမောင်နှံ

သည်း သတိုးဘဝအတွက် လက်တွဲဖော်ကို ရှာဖွေပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် သင့်တော်တဲ့သူပါ ပညာတတ်တယ်၊ အသိုင်းအဝိုင်း အဆင့်အတန်းလည်း ကောင်းတယ်၊ အန်ကယ်ကတော့ သမီး အနာဂတ်အတွက် စိတ်ချချင်တယ်"

"ဟင့်အင်း သမီး အိမ်ထောင်ပြုဖို့ ဆန္ဒမရှိဘူး အန်ကယ်၊ သမီးဘဝမှာ ရည်ရွယ်ချက်တွေ အများကြီး ရှိနေသေးတယ်"

"သမီး အခုပညာရေးလည်း ပြီးဆုံးပြီ သမီး မိဘတွေ ချန်ထားရစ်ခဲ့တဲ့ အမွေတွေလည်း ပိုင်ဆိုင်ပြီဆိုတော့ မိန်းမသားတန်မဲ့ တစ်ယောက်တည်း ရှင်သန်ဖို့မလွယ်ဘူး၊ ဒါကြောင့် အန်ကယ်က စီစဉ်ပေးတာပါ"

"သမီးကိုယ်သမီး ထိန်းကြောင်းနိုင်ပါတယ် အန်ကယ်၊ အဲဒီအတွက်မပူပါနဲ့"

သတိုးဘက်က ယတိပြတ်ငြင်းတော့ ဒယ်ဒီရဲ့ညီတော်သူ ဦးမြတ်မင်း ဒေါသဖြစ်သွားခဲ့သည်။ သတိုးပိုင်ဆိုင်ရရှိမည့် အမွေတွေကို ခွဲဝေပေးအပြီးမှာ သတိုးကို ဥပေက္ခာပြုသွားခဲ့၏။

သတိုးကတော့ ကိုယ့်ဘဝ ရည်ရွယ်ချက်အတိုင်း ဆက်လျှောက်လှမ်း ရပ်တည်ခဲ့သည်။

အင်္ဂလန်မှာ စီးပွားရေးဆိုင်ရာ ပညာတွေကို သတိုး သင်ကြားခဲ့သည်။ ပြီးတော့ မြန်မာပြည် ပြန်လာခဲ့ကာ သတိုး စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့သည်။

အန်ကယ် ဦးမြတ်မင်း ဆိုသလို သတိုးဘဝက အားကိုးရာ





ာကျ်ားသား တစ်ယောက်ရှိမှ ရှင်သန်ရပ်တည်နိုင်တာ မဟုတ်ဟု ကောင်းဆုံး သက်သေပြနိုင်ခဲ့သည်။

ယောကျ်ားတစ်ယောက်ကို ဘဝအတွက် အားကိုးဖော်ဟု သတိုး ဝမှာ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါ။ ဒါက အချစ်ကို သတိုး လုံးသားက မပိုင်ဆိုင် မခံစားဖူးသေးတာကြောင့်ပဲ ဖြစ်၏။

အံ့ဩစရာ ကောင်းသည်က ဘယ်ယောကျ်ားလေးအပေါ်မှ ကိမ်းညွှတ်ခဲ့သော သတိုး နှလုံးသားက ကိုနှင့် ဆုံလိုက်ချိန်မှာ ပျော် င်သွားခဲ့တာပဲ ဖြစ်သည်။

သတိုးထက် ဆယ့်လေးနှစ်ကျော် အသက်ကြီးသော မုဆိုးဖို စ်ယောက်ဖြစ်သော ဦးမိုးရိပ်ထင်ကိုမှ သတိုး မြတ်နိုးစွာ ချစ်ခင်သွား ခြင်းက အချစ်ကြောင့် ဆိုတာထက် ဘယ်အရာကမှ အရေးမပါခဲ့တာ သချာခဲ့လေသည်။

ကိုကို သတိုး သိပ်ချစ်သည်။ ထိုချစ်ခြင်းကြောင့်ပဲ သတိုး ရာအားလုံးကို စွန့်လွှတ်နိုင်ပါသည်။

ကိုနှင့် အတူနေထိုင်ရမည့် ဘဝတစ်ခုကို သတိုး ပိုင်ဆိုင်ချင် ည်။ ထိုအတွက်လည်း သတိုး အားလုံးကို စွန့်လွှတ်ဖို့အသင့်။

အလုပ်တွေ ဘယ်လောက်များများ ကိုနှင့်သတိုးကြားမှာ ဖုန်း လေးတော့ အဆက်အသွယ် မပြတ်ခဲ့ပါ။

နှစ်ဦးဆုံနေကျ တနင်္ဂနွေနေ့လေးမှာ ဘယ်လို အနှောင့်အယှက် စ်ခုကိုမှ သတိုး လက်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သတိုးရေ နေ့လည်လောက်က ဦးသက်အောင်ဆီက ဖိတ်စာ

တစ်စောင် ရောက်လာတယ်"

ညနေ ငါးနာရီကျော်မှ အိမ်ပြန်ရောက်သော သတိုးဆီကို နွယ်ဆီက ဖုန်းလေး ဝင်လာတာမို့

"ဖိတ်စာ ဘာအတွက်လဲဟင် နွယ် ဘာဖိတ်စာလဲ"

"ဦးသက်အောင်တို့ ကုမ္ပဏီ ဆယ်နှစ်ပြည့်တဲ့"

"မနက်ဖြန် သတိုး မအားဘူးလေ နွယ်ပဲ သွားလိုက်ပါနော်"

"အင်း ဆန်းဒေးက သတိုးရဲ့ အထူးအားလပ်ရက်ဆိုတာ နွယ် သိပါတယ်၊ သတိုးမသွားနိုင်တာသိလို့ နွယ့်ကိုပဲ လွှတ်မှာသိပါတယ်"

"အဟင်း နွယ်ကလည်းကွာ သိရက်နဲ့ နွယ်ပဲသွားလိုက်နော် သတိုး ဒီရက်တွေ တကယ်အလုပ်တွေ ပိနေခဲ့တာ၊ နေ့တိုင်း ငါးနာရီ ကျော်မှ အိမ်ပြန်ရောက်တယ်၊ အခုတောင် ပြန်ရောက်လို့ အဝတ်အစား တောင် မလဲရသေးဘူး"

"အဲဒီလောက် ပင်ပန်းနေတာတောင် မနက်ဖြန်ကျ သတိုးရဲ့ ချစ်သူကြီးဆီ သွားချက်ပြုတ်ပေးဦးမှာ မို့လား"

"စကားနာမထိုးပါနဲ့ကွာ ကိုနဲ့ မတွေ့ရတာ သုံးရက်ရှိပြီလေ နွယ်ပဲ သွားလိုက်နော် ဘိုင်ဘိုင့်"

ပြောပြီး သတိုး ဖုန်းလေးပြန်ပိတ် လိုက်သည်။ လူက ပင်ပန်းချိနေပြီမို့ ရေမိုးချိုးဖို့ ပြင်ဆင်လိုက်သည်။

"သတိုးလေး ရေချိုးနောက်ကျလိုက်တာ မြန်မြန်ချိုးနော် ပြီးရင်





ဒေါ်လေးမုံ ထမင်းပွဲ ပြင်ထားလိုက်မယ်"

"ဟုတ်ကဲ့ ဒေါ်လေးမုံ"

ဒေါ်လေးမုံ ဆိုသည်က သတိုးအတွက် မိခင်လို အားကိုးရာ အဖော်ကောင်း တစ်ယောက်ပဲ ဖြစ်သည်။ မာမိရဲ့ ညီမ နှစ်ဝမ်းကွဲလောက် တော်သူမို့လည်း သတိုးအတွက် အားကိုးရပါသည်။

တစ်ယောက်တည်းနေသော သတိုး အနားမှာ ဒေါ်လေးမုံက အတူလာနေပေးခဲ့သည်။ သားသမီးမရှိ အပျိုကြီးမို့လည်း သတိုးကို ခင်တွယ်ရှာ၏။

ဒီအိမ်ကြီးမှာ သတိုးရယ်၊ ဒေါ်လေးမုံရယ်၊ အိမ်အဖော် မိန်းကလေး မိတုတ်နှင့် ခြံစောင့်ကြီး ဦးညီပုတို့ လင်မယားပဲ ရှိပါသည်။

သတိုး ရေမိုးချိုးပြီး အခန်းထဲမှာ အဝတ်အစားလဲနေတုန်း မှာပဲ ဖုန်းလေးက မြည်လာပြန်သည်။ သတိုး လှမ်းကိုင်လိုက်တော့ ကို့ဆီက ဖုန်းမို့ ဝမ်းသာသွား၏။

"ကို လား သတိုးအခုပဲ ပြန်ရောက်လို့ ရေချိုးပြီးရုံပဲ ရှိသေး တယ်"

"ဟင် နောက်ကျလိုက်တာ သတိုးရယ်"

"ရန်ကုန်တစ်မြို့လုံးက ဆေးဆိုင်တွေ လှည့်နေရတာ ကိုရဲ့"

"သတိုးလေးအစား ပင်ပန်းလိုက်တာ ဘာလို့ စီးပွားရေးတွေ ဒီလောက် လောဘကြီးနေတာလဲ"

"လောဘကြီးတာ မဟုတ်ပါဘူး၊ သတိုး လုပ်ချင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း များကုန်တာပါ ကိုရဲ့''

သတိုး အဖြေအတွက် အနားမှာရှိလျှင် ကိုက ခေါင်းလေးကို မနာကျင်အောင် ခေါက်ကာ ပြုံးပြုံးလေး ကြည့်နေမှာ မြင်ယောင်မိသေးသည်။

တကယ်ဆိုလျှင် ကိုနှင့်သတိုး ဆုံတွေ့ချိန်တွင် မြသတိုး ဆိုသော မိန်းမသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းများစွာကို ဦးဆောင်နေသူ မိန်းမကြီးတစ်ယောက်ဟု ကိုက ထင်မြင်ထားသည်တဲ့။

သတိုးနှင့် ကို တရားဝင် ချစ်သူတွေ ဖြစ်ချိန်မှာ ကိုက ထိုအကြောင်းကို ရယ်ရယ်မောမော ပြန်ပြောဖူး၏။

''မဆုံခင် မမြင်ဘူးခင်ကတည်းက မြသတိုး နာမည်ကို ကိုယ် ရင်းနှီးနေတာ တကယ့် စီးပွားရေးရှင်ကြီးဆိုတော့ ကိုယ်တို့ထက်တောင် အသက်ကြီးမယ် ထင်ထားတာကွ ပထမဆုံး ဆုံလိုက်မှ အံ့ဩပြီး သတိုး ကို လေးစား အထင်ကြီးမိတယ်''

''သတိုးကိုကော ချက်ချင်း ချစ်မသွားဘူးလားဟင် ကို''

သတိုးပြောင်ချော်ချော်နှင့် သိချင်စွာမေးတော့ ကိုက ရိုးသား စွာပဲ အမှန်အတိုင်း ဖြေရှာသည်။

''အဲဒီစိတ် မထားရဲပါဘူးကွာ ကိုယ့်အသက်အရွယ်၊ အခြေအနေနဲ့ စိတ်ကိုမကူးရဲတာ''

ကို အဖြေစကားအတွက် အလိုမကျခဲ့ရပေမယ့် သတိုး နားလည်ပေးနိုင်ခဲ့ပါသည်။ တကယ်ဆို သတိုးကပဲ ကို့ကို စတင်ရင်ခုန်





ခဲ့တာပဲ ဖြစ်၏။

ခြောက်လကျော်မှ ရင်းနှီးကျွမ်းဝင်ပြီးမှ ကို့ချစ်ခြင်းကို သတိုး ဆိုင်ခဲ့ရတာ မဟုတ်လား။

''သတိုးလေး''

''ကို ပြောလေ''

''ခြော် ဘာမှ စကားသံမကြားဘဲ တိတ်သွားလို့''

''အတွေးလေး လွန်သွားလို့ပါ ကို အိမ်ပြန်ရောက်တာ ကြာပြီ လား''

''လေးနာရီကတည်းက ပြန်ရောက်လို့ ထမင်းတောင် စားပြီးပြီ တိုး မနက်ဖြန် လာဖြစ်သလား သိချင်လို့ ဆက်လိုက်တာ''

''လာမှာပေါ့ ကိုရဲ့ ကို့ကို ပျဉ်းမနားမှုစ်ချည် ချက်ကျွေးမယ်လေ''

''အိုကေ အိုကေ ကဲ သတိုး ညနေစာ မစားရသေးဘူး ဟုတ်လား စားလိုက်တော့နော် မနက်ဖြန်မှ ဆုံကြစို့''

''အင်း သတိုး ဆက်ဆက် လာခဲ့မယ် ကို ဘယ်မှမသွားနဲ့နော် တိုးကိုပဲ စောင့်ပေးနော်''

''အင်းပါ ဂွတ်နိုက် သတိုးလေး''

ကို နှုတ်ဆက်စကားသံလေးကြောင့် သတိုးရင်ထဲ နွေးခနဲ စားလိုက်ရပါသည်။ နှစ်ယောက်တည်း ဆုံတွေ့ချိန် ဖုန်းစကားပြောချိန် တွေမှာ ကိုသည် သတိုးလေးဟုပဲ ခေါ်တတ်သည်။

ဖုန်းလေး ပြန်ပိတ်ကာ သတိုး ထမင်းစားခန်း ထွက်ခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမုံက ပြုံးဆင်ပြီး အသင့်စောင့်နေသည်။

''သမီး သတိုးလေး ဆာနေပြီလား၊ လာ ထိုင်လေ''

''ဟုတ်ကဲ့ ဒေါ်လေးမုံ ဒီနေ့ အလုပ်တွေများလို့ မနက်စာတောင် ကောင်းကောင်း မစားလိုက်ရဘူး အဟင်း''

''မနက်ဖြန်ကော သတိုးလေး အပြင်သွားဦးမှာလား''

ဒေါ်လေးမုံက သတိုး ပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးရင် မေးတော့ သတိုး ခေါင်းလေးညိတ်ပြရင်း

''ဟုတ်ကဲ့ ဒေါ်လေးမုံ ကိုမိုးရိပ် အိမ်သွားမလို့''

သတိုးနှင့် ကို့အကြောင်းကို ဒေါ်လေးမုံ သိသည်။ သတိုး ရွေးချယ်မှုအပေါ်မှာ ဒေါ်လေးမုံက မဆန့်ကျင်သော တစ်ဦးတည်းသော သူပဲဖြစ်သည်။

''အင်း သမီးလေး ရွေးချယ်တဲ့သူကို ဒေါ်လေးမုံ မဝေဖန်ချင် ပါဘူး။ သမီးက စဉ်းစားဆင်ခြင်နိုင်တာ ယုံပါတယ်''

အိမ်ကို မကြာခဏ လာလည်တတ်သော ကိုနှင့် ရင်းနှီးခင်မင် သွားခဲ့ချိန်မှာတော့ ဒေါ်လေးမုံ ကို့ကို သဘောကျသွားခဲ့၏။

''မောင်မိုးရိပ်ထင်လေးက တည်ကြည်ပါတယ်၊ သမီးကိုလည်း ချစ်ရှာပုံပဲ၊ သတိုးလေး အိမ်ထောင်ရေး ကံကောင်းမှာပါကွယ်''

ညစာ စားပြီးတော့ သတိုး ချက်ချင်း အနားမယူနိုင်သေးပါ။ ဆေးဆိုင်က စာရင်းဇယားတွေကို အသေးစိတ် ပြန်စစ်ဆေးရသေးသည်။

မနက်ဖြန် တစ်ရက်မှာ သတိုး အပူအပင်ကင်းကင်း နားချင်





သောမို့ အလုပ်ကြွေးတွေ မထားချင်ပါ။

တနင်္လာနေ့ဆိုလျှင် ကုမ္ပဏီသွားရမှာမို့ ဒီစာရင်းတွေကို မစစ်ဆေးနိုင်အောင် အလုပ်တွေ ပိနေမှာဖြစ်၏။

နှစ်နာရီလောက် စစ်ဆေးပြီးတော့မှ ပြီးဆုံးသွား၏။ နာရီကို ကြည့်တော့ ကိုးနာရီခွဲနေပြီ။

ဒီအချိန်ဆို ကို အိပ်ပျော်နေမည်ထင်သည်။ ကို့မှာက ကုမ္ပဏီ လုပ်ငန်းတစ်ခုတည်းမို့ သတိုးလောက် အလုပ်မများပါ။

သတိုးမှာသာ ကိုယ့်အလုပ်လောဘတွေ ပိကာ အချိန်ပိုမရှိခဲ့။ သတိုးအခုချိန်ထိ အနားမယူ နိုင်သေးတာသိလျှင် ကို ပင်ပန်းလိုက်တာ ကွာဟု ညည်းဦးမှာသေချာ၏။

ကိုသည် ဘယ်အရာကိုမျှ လောဘကြီးမားခြင်း မရှိတာကို သတိုး သိထားသည်။ စီးပွားရေး လုပ်နေပေမယ့် ကိုသည် လောဘစိတ် ကြီးမားပါ။

''ကိုယ်က သတိုးလောက် ငွေမရှာနိုင်ဘူးကွ လက်ရှိကုမ္ပဏီ လုပ်ငန်းဆိုတာလည်း ကိုယ့်ကို မှီခိုနေကြတဲ့ တပည့်တွေ၊ ဝန်ထမ်းတွေ အဆင်ပြေအောင် အဓိကထားတာ စီးပွားရေးဆိုတဲ့ စိတ်ကြီး မထားဘူး အင်း သတိုးလေးနဲ့ လက်ထပ်ပြီးရင်တော့ ကိုယ် စိတ်ဓာတ်ကို ပြုံးဆင်ပြီး ငွေရှာရမယ် ထင်ပါရဲ့''

''ဟင့်အင်း မလိုပါဘူးကိုရယ် သတိုးနဲ့ကို့ကြားမှာ ငွေကြေးဆိုတာ ဘာမှအရေးမကြီးပါဘူး။ သတိုးတို့ အနာဂတ်အတွက် ပြည့်စုံရုံမကာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ ကိုရဲ့စိတ်ဓာတ်ကို သတိုး လေးစားပါတယ်၊ ကို ဒီအတိုင် ဆက်လုပ်ပါ။ သတိုးကလည်း စီးပွားရေးတွေနဲ့ နစ်မွန်းနေတဲ့ မိသားစုဘဝ ထက် နွေးထွေးတဲ့ မိသားစုဘဝလေးပဲ ပိုင်ဆိုင်ချင်တာပါ ကိုရယ်''

သတိုး ရင်ထဲကဆန္ဒအတိုင်း ဆိုခဲ့သည်။ ဒါကြောင့်လည် သတိုး စီးပွားရေးအလုပ်တွေကို လျှော့ချပြီး ကိုနှင့်အတူ ပျော်စရာ မိသားစု ဘဝလေးတည်ဖို့ ကြိုးစားနေခဲ့တာဖြစ်သည်။

သတိုးရဲ့ ကုမ္ပဏီလုပ်ငန်းကြီးကို စွန့်လွှတ်ကာ သတိုးခံယူချက် တွေ ပြောင်းလဲပစ်လိုက်တာ ကို သိလျှင် ဘာပြောမည်မသိ။

■ ■ ■

## အခန်း (၃)

''ဘယ် ဘယ်လို သတိုး''

သတိုး ကြိုတင်တွေးထားသည့်အတိုင်း သတိုးဆုံးဖြတ်ချက်ကို ကြားတော့ အံ့သြသလို ပြန်မေးရှာသည်။

''ဟုတ်တယ်လေ ကိုရဲ့ သတိုးက ကိုရဲ့ဇနီးမယား ဖြစ်သွားပြီ ဆိုတော့ ဇနီးမယားတာဝန် ကျေရမှာပေါ့။ ဒီတော့ သတိုး အခုချိန်မှာလို စီးပွားရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်နေလို့ မဖြစ်ဘူး။ ဒါကြောင့် ကုမ္ပဏီ အလုပ်ကို သတိုး အပြည့်အဝ တာဝန်မယူတော့ဘူး။ သတိုး မိတ်ဆွေတွေ ကို ရောင်းလိုက်မယ်''

''ဒီကုမ္ပဏီကြီးကို သတိုး အောင်မြင်အောင် ကြိုးပမ်းခဲ့ရတာ တွေ အတွက်ကော''

www.burmeseclassic.com

www.burmeseclassic.com



"သတို့ ဘာကိုမှ မမက်ဘူး ကို သတိုးမက်မောတာ ကိုနဲ့အတူ ချိုသနိုးဧည့် မိသားစုဘဝလေးပဲ"

"သတိုး ရယ်"

သတိုး လက်ဖဝါးလေးကို နွေးထွေးစွာ ဆုပ်ကိုင်ရင်း ကို ဆိုသည်။ မျက်ဝန်းညိုတွေက သတိုးကို ငေးစိုက်ကြည့်နေဆဲ။

"ကိုကို သတိုး သိပ်ချစ်တယ် ကို၊ ပြီးတော့ ကို့ရဲ့ချစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရလို့ သတိုး အရမ်းဝမ်းသာတယ် သိလား"

ကို့ ရင်ခွင်ထဲကို တိုးဝင်ရင်း သတိုးဆိုတော့ သတိုး နဖူးပေါ်က ဆံနွယ်လေးတွေကို ညင်သာစွာ သပ်တင်ပေးသည်။

"သတိုးလေးရယ် အဲဒီလောက်အထိ အရာရာကို စွန့်ပြီး ကိုယ့်ကို ချစ်သလားကွာ"

"တကယ်ပါ ကို၊ သတိုး မျှော်လင့်တာကို့ရဲ့ ချစ်ခြင်းကလွဲလို့ ဘာမှ မလိုချင်ဘူး၊ မပိုင်ဆိုင်ချင်ဘူး၊ သတိုးရှိသမျှ စည်းစိမ်တွေ စွန့်ပါဆိုရင်တောင် စွန့်ရဲတယ် အဲဒါ ယုံပါကိုရယ်"

ရင်ခွင်ထဲက ကို့ မျက်နှာလေးကို မော့ကြည့်ရင်း သတိုး ခိုင်ကျည်လေးနက်စွာ ဆိုမိသည်။ ရင်ဆိုင်ဆုံမိသော မျက်ဝန်းချင်း အတန်ကြာအောင် ဆုံမိကြသည်။

ချစ်ခြင်းရင်ခုန်သံတို့ နားလည်စွာ လှုပ်ခတ်မိတာတော့ သေချာ၏။

"သတိုးကို ကို ဘယ်လောက်ထိ ချစ်သလဲဟင်"

"သတိုးရယ် မင်းလေးနဲ့ ထပ်တူချစ်တယ်"

"သတိုး အရမ်း ဝမ်းသာကျေနပ်တယ် ကို"

ကို့ ကျောပြင်ကို သိုင်းဖက်ရင်း သတိုး မျက်ဝန်းတွေကို မှိတ်ထားလိုက်မိပါသည်။

ဘယ်ဘက်ရင်အုံထဲက တဒိတ်ဒိတ် ခုန်နေသော ရင်ခုန်သံတွေကို ကို ကြားနိုင်မည်ထင်၏။ သတိုး မျှော်လင့်မိသော အနမ်းတို့ ကို့ဆီက ပိုင်ဆိုင်ရဖို့ စောင့်ဆိုင်းရတာ ရင်ခုန်လှိုက်မောစရာ ကောင်းပါသည်။

နဖူးပြင်ပေါ်ကို နွေးထွေးရှိန်းမြသော ဝင်သက်ထွက်သက် လေပူလေး နူးညံ့စွာ ထိတွေ့သည်။

သတိုး မျက်ဝန်းတွေ မှေးစင်းကာ ကို့ရင်ဘတ်မှာ ခေါင်းလေး မှော့မှီထားမိဆဲ။

နွေးထွေးသော အနမ်းတို့က နဖူးပြင်လေးဆီမှာပဲ အဆုံးသတ်သွားစမြဲ။ ချစ်သူသက်တမ်း ခြောက်လကျော်အတွင်းမှာ ကို့ရဲ့ အနမ်းတို့သည် ဘယ်သောအခါမှ နယ်ကျွံမလာခဲ့ဘူးပါ။

အခုလည်း ပင့်သက်လေးရှိုက်ကာ ကို့မျက်နှာ သတိုး နဖူးပြင်လေးဆီက ပြန်ရုပ်သိမ်းသွားရင်း

"သတိုးလေး ဗိုက်ဆာနေပြီလား"

သတိုး မှိတ်ထားသော မျက်ဝန်းလေးတွေဖွင့်ကာ ကြည့်မိသည်။ ကြည့်နေသော ကို့မျက်နှာကို မြင်ရ၏။


ဗိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါးသိုင်းမွှေးညှင်းရောစိမ်းဖန့်နေသော ကိုမေးဖျားလေးကို သတ
မောနမ်းချင်စိတ်တို့ကို မျိုသိပ်ထားရသည်။

ရှက်တတ်သလို အသက်အရွယ်နှင့်အမျှ တည်ငြိမ်လွန်းသေ
ကိုကို သတိုး တစ်ခါတစ်ရံတော့ အားမလို အားမရ ဖြစ်မိ၏။ သတိုး
ကို ချစ်တာ သတိုး သိပါသည်။

ဒါပေမဲ့ ကိုချစ်ခြင်းက သိပ်ကို ဖြူစင်လွန်းသည်။ သတ
လက်ဖဝါးလေးကို နဖူးပြင်လေးကို မြတ်နိုးစွာ နမ်းတတ်သည်ကလွဲ
ကို ဘယ်တော့မှ အခွင့်အရေးမယူခဲ့ပါ။

''ဒေါ်မြိုင်ကြီး အခုလောက်ဆို ချက်ပြုတ်ပြီးလောက်ပြီ''

''ကိုက ဆာနေပြီလား''

''ဆာတာပေါ့ သတိုးရဲ့ သတိုး ချက်ထားတဲ့ ပဲ့ဥမနား မျှစ်
နဲ့ ဝက်သားဟင်းကို အရမ်းကြိုက်တာလေ''

မနက်ကတည်းက ကိုအိမ်ကို အစောကြီးရောက်နှင့်နေက
မျှစ်ချဉ်နှင့် ဝက်သားဟင်းကို သတိုးကိုယ်တိုင် ချက်ခဲ့တာဖြစ်၏။
အိမ်မှာ တနင်္ဂနွေနေ့လေးဆိုတိုင်း သတိုးကို နှစ်သက်သော ဟင်းေ
ချက်ကျွေးနေကြဖြစ်သည်။

''သတိုးလေး လက်ရာနဲ့ မောင်မိုးတော့ အစာကြေဆေးေ
သောက်ရတော့မယ် ထင်တယ်''

''ဟင် ဘာလို့လဲ ဒေါ်မြိုင်ရဲ့''

''မောင်မိုး ထမင်းစား မြိန်တော့မှာမို့လေ မယုံရင်ကြ





ဒေါ်မြိုင် ချက်တဲ့ဟင်းတွေ မနိုက်ဘဲ သမီးချက်တဲ့ဟင်းနဲ့ သူ့ထမင်း
ဘယ်နှစ်ပွဲ ကုန်မလဲ စောင့်ကြည့်''

''အဟင်း ဟင်း ဒေါ်မြိုင်ကတော့ ပြောရော့မယ်''

သတိုး အပင်ပန်းခံချက်ပေးသော ဟင်းကိုပဲ ကို နှစ်နှစ်ခြိုက်
ခြိုက် စားသောက်တာမြင်လျှင် သတိုး ပျော်မိပါသည်။

''ကို ဆာရင်စားကြမယ်လေ''

ကို ရင်ခွင်လေးထဲမှထွက်ကာ သတိုး ခုံတန်းလေးက ထရပ်
လိုက်မိပါသည်။

ကိုရဲ့ ခြံကြီးနှင့် သုံးထပ်တိုက်ကြီးမှာ သတိုးသဘောကျဆုံးက
တံ့ကော်ပင်ရိပ်အောက်က ဒီခုံတန်းလေး ဖြစ်သည်။

ကျွန်းပင်ကြီး၏ ပင်စည်ပိုင်းကြီးဖြင့် စားပွဲသဏ္ဍာန် ပြင်ဆင်
ထားကာ ကျွန်းသားတွေနှင့် ပြုလုပ်ထားသော ခုံတန်းလေးက ကဗျာ
ဆန်သည်။ ဒီစားပွဲနှင့် ထိုင်ခုံလေးမှာ အတူထိုင်ကာ သတိုးတို့ စကားတွေ
ပြောနိုင်သော နေရာလေးမို့ သတိုး နှစ်သက်ပါသည်။

သတိုး ကိုလက်မောင်းကို မှီခိုကာ အိမ်ဘက်သို့ အတူယှဉ်တွဲ
လျှောက်ခဲ့သည်။

တကယ်ဆို ကိုနှင့် ဒီလို ချစ်သူတွေပီပီ နေခွင့်ရတာက တနင်္ဂနွေ
နေ့ကလေး ကိုအိမ်ကို ရောက်မှဖြစ်သည်။

တစ်ခါတစ်ရံ အပြင်ထွက်လည်ချိန်တွင် ကို လက်မောင်းကို
တွဲယှဉ်ခွင့်မရ၊ တရင်းတနှီး နေထိုင်ခွင့်ကို ကိုက နှစ်သက်ပုံမရပါ။



www.burmeseclassic.com

www.burmeseclassic.com



လုပုံအလည်တွင် ကိုလည်း အမြဲတမ်း ပတ်ဝန်းကျင်ကို ရှက်ကြော[illegible]
ရရှိုက်တတ်သည်။

သတိုးရဲ့ လက်ဖဝါးလေးကို ဖွဖွဆုပ်ကိုင်တာမျိုးလောက်သ[illegible]
တို့ဘက်က ပြုမူတတ်သည်။

ကို့ စိတ်ဆန္ဒကို နားလည်စွာ သတိုးဘက်က ဂရုပြုဆင်ခြ[illegible]
ခဲ့ပါသည်။

လူတွေ ရှုပ်ထွေးများပြားသော နေ့ရက်တွေကို ရှောင်ကြ[illegible]
တတ်သော ကို့ဆန္ဒကို နားလည်စွာ သတိုးကလည်း ရှားပါးစွာ နှစ်[illegible]
ဆုံခွင့်ရသည့် နေ့မျိုးမှာ ကို့ရဲ့ ခြံလေးမှာပဲ အချိန်ဖြုန်းဖြစ်သည်။

''ဟော မောင်မိုးတို့ ထမင်းစားကြတော့မလား''

''အားလုံး အဆင်သင့်ပဲလား ဒေါ်မြိုင်''

''အဆင်သင့်ပါပဲရှင် သတိုးလေးချက်တဲ့ မှျစ်ချဉ်ဟင်းကိုလည်[illegible]
ပြန်နွှေးပေးထားပါတယ်''

ဒေါ်မြိုင် အလိုက်တသိပြောရင်း ထမင်းဝိုင်းတွေ ပြင်ဆင်[illegible]
တော့ သတိုးလည်း ဒေါ်လေးမြိုင်နှင့် ဝင်ကူညီပေးနေလိုက်မိ၏။

ဒီအိမ်မှာ ကိုနှင့်ဒေါ်မြိုင်၊ ခြံစောင့်ကြီး ဦးတိုးနှင့် ကိုရဲ့တပ[illegible]
လေး မောင်သော်တို့သာ ရှိသည်။

''ဒေါ်မြိုင်ပါ တစ်ခါတည်း ဝင်စားပါလား''

''သုံးဆောင်ကြပါကွယ် ဒေါ်မြိုင် မဆာသေးလို့ပါ''

ဒေါ်မြိုင် ပြောရင်း အလိုက်သတိ ရှောင်ထွက်သွားခဲ့လေသည်





[illegible]င်းဝိုင်းမှာ သတိုးနှင့် ကိုတို့နှစ်ယောက်သာ ကျန်ခဲ့သည်။

ဟင်းလျာတွေက စုံလင်သည်၊ သတိုးချက်သော မှျစ်ချဉ်နှင့်
[illegible]တ်သားဟင်းအပြင် ကြက်သား၊ ငါးဆုပ်၊ ပုဇွန်ထုပ်နှင့် ငါးပိကြော်က
[illegible] ဖွယ်ဖွယ်ရာရာရှိ၏။

ကိုက သတိုးချက်သော ဟင်းခွက်ကို အရင်ဆုံး ခပ်ယူမြည်း
[illegible]တော့ သတိုးကျေနပ်စွာ ပြုံးရင်း

''အဆင်ပြေရဲ့လား ကို''

''သတိုးလက်ရာပဲကွာ ကောင်းပါတယ်''

ကို့ ပန်းကန်ထဲကို အခြားဟင်းလျာတွေ သတိုး ခပ်ထည့်ပေး
[illegible]တော့ ကိုက လက်ကာတားရင်း

''သိပ်မထည့်နဲ့ သတိုး ကိုယ် မှျစ်ချဉ်နဲ့ဝက်သားပဲ စားမှာ''

''အဟင်း မှျစ်ချဉ်တွေချည်း အရမ်းမစားနဲ့ ကိုရဲ့ တော်ကြာ
[illegible]ကြာတွေ တက်နေမယ်''

''တက်ကာမှ တက်ရောကွာ သတိုးချက်ကျွေးတာတော့ အဝ
[illegible]ချင်တယ်''

''သတိုးကလည်း ကို့ကို အမြဲတမ်း ချက်ကျွေးချင်ပါတယ်
[illegible]ယ်''

ကိုနှင့်အတူ ပိုင်ဆိုင်ရသော ကြည်နူးဖွယ်ရာ အချိန်လေးများကား
[illegible]တိုးအတွက်တော့ အမြဲတမ်း ပိုင်ဆိုင်လိုသော အိပ်မက်ဘဝလေးပါပဲ

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မြသတိုးက မောင်မိုးကို တော်တော် ချစ်တာပဲနော်"

ညနေ သတိုး နှုတ်ဆက်ပြန်သွားတော့ ဒေါ်မြိုင် သူ့ကို ပြောလာ သည်။ သူ ပြုံးပြုံးနှင့်ပဲ နှုတ်ဆိတ်နေလိုက်၏။

"ဒေါ်မြိုင် မေးချင်လို့၊ မောင်မိုးတို့ လက်မထပ်ကြသေးဘူး လား"

ထိုမေးခွန်းမျိုးကို ဒေါ်မြိုင်နှုတ်မှသာ ကြားနေရတာ မဟုတ်ပါ။ သူနှင့်သတိုး အကျွမ်းဝင်သိသော မိတ်ဆွေများထံမှလည်း အမြဲတမ်းကြား နေခဲ့ရ၏။

ဒါပေမဲ့ ထိုအခါတိုင်း သူဘာမှ ပြန်မဖြေနိုင်ဘဲ နှုတ်ဆိတ်နေမိ စမြဲ။





"သတိုးလေးကိုတော့ ဒေါ်မြိုင် အရမ်းသဘောကျတယ်၊ မောင် ကို သူတော်တော်ချစ်ရှာတာ၊ ပြီးတော့ မောင်မိုးနဲ့ အတူနေနိုင်ဖို့အတွက် ဘက်က စီစဉ်နေတယ်တဲ့၊ ဒေါ်မြိုင်ကို ပြောပြသွားတယ်"

ဒေါ်မြိုင် ပြောတာတွေကို သူ သိပါသည်။ နေ့လည်ကလည်း တိုး သူ့ကိုပြောပြ သွားခဲ့သည်။

သူတို့နှစ်ယောက် အနာဂတ်ဘဝအတွက် သတိုးသည် စီးပွား လုပ်ငန်းတွေကိုတောင် လျှော့ချပစ်လိုက်သည်တဲ့။

"မောင်မိုး ဘက်က သွေးအေးလွန်းနေတာကို သတိုးလေးက းမလိုအားမရ ဖြစ်နေတာကွဲ့၊ ဒေါ်မြိုင်ကတော့ မောင်မိုးနဲ့ သတိုးကို မြန်ဆုံး လက်ထပ်စေချင်ပြီ"

"အင်း ကျွန်တော်လည်း အလေးအနက် စဉ်းစားနေပါတယ် ါမြိုင်"

"ဘာ စဉ်းစားစရာ လိုလို့လဲကွယ်"

"ဩော် ဒေါ်မြိုင်ရယ် သတိုးနဲ့ ကျွန်တော် အသက်ချင်းက ယ့်လေးနှစ်ကျော် ကွာခြားတယ်၊ ပြီးတော့ ကျွန်တော်က မုဆိုးဖို၊ တိုးက အပျိုစင်လေ"

"အမလေး မောင်မိုးရယ် ဒါတွေကို သတိုးလေးက သိပြီးသား ဲ လက်ခံရှိလည်း ချစ်သူတွေပဲကွယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည် မှုတွေ ခိုင်မာနေပြီပဲဥစ္စာ"

ဒေါ်မြိုင် စကားတွေကို သူအကြွင်းမဲ့ လက်ခံပါသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့စိတ်ထဲမှာ ရဲရဲပြတ်သားစွာ ဆုံးဖြတ်ဖို့ တွေဝေနေမိတာ ကိုယ်တိုင်ပဲသိသည်။

"ကိုင်း ကျွန်တော် ရေချိုးလိုက်ဦးမယ် ဒေါ်မြိုင်"

စကားစဖြတ်ကာ ထွက်ခဲ့တော့ ဒေါ်မြိုင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

အခန်းထဲရောက်သည်အထိ သတိုး အကြောင်းက အာရုံထဲမှာ ကပ်ငြိပါလာ၏။ မြသတိုး ဆိုသော မိန်းကလေးသည် သူ့ဘဝထဲရောက် လာမည်ဟု ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။

တကယ်ဆို မြသတိုး ဆိုသည့်အမည်ကို သူ ကြားသိရင်းနှီး နေတာကြာခဲ့ပြီး

'ရွှေကောင်းကင်'ကုမ္ပဏီကြီးက စီးပွားရေးလောကမှာ နာမည် ကျော်သော ကုမ္ပဏီကြီးတစ်ခုပဲ ဖြစ်၏။ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီ ကြီးဆိုပေမယ့် သူနှင့်ပတ်သက်စရာ အကြောင်းမရှိတာမို့ ကုမ္ပဏီပိုင်ရှင် ဒေါ်မြသတိုး ကိုလည်း သူ မမြင်ဘူးခဲ့ပါ။

သူနှင့် ပတ်သက်ကျွမ်းဝင်နေသော ပါတနာ မိတ်ဆွေတွေဆီက မြသတိုး ဆိုသော အမည်နာမကို အရင်ဆုံး ကြားသိခဲ့ရသည်။

ထိုအချိန်ကာလအထိ သူ ထင်မြင်မိထားသည်က မြသတိုး သည် သူနှင့်သက်တူ ရွယ်တူ ဒါမှမဟုတ် သူ့ထက်တောင် အသက်အရွယ် ကြီးသော စီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးကြီးဟုပဲ ထင်မိ၏။

သူ့ရဲ့ ထင်မြင်ချက်တွေ တက်တက်စင်အောင် လွဲချော်သွားစေ





…သော ထိုနေ့က သူနှင့်ခင်မင်သော မိတ်ဆွေကြီး ဦးသိဏ်းဆန်း၏ …ညစာ ပွဲ ပါတီတစ်ခုမှာ ဖြစ်၏။

ဦးသိဏ်းဆန်းတို့ ဇနီးမောင်နှံ၏ ခြံဝင်းထဲမှာ အရင်းနှီးဆုံး …တ်ဆွေများကို ရွှေရတု မင်္ဂလာညစာ ခံပွဲနှင့် ညစာခံသည်။

စားပွဲဝိုင်း ဆယ်ဝိုင်းခန့်သာ ခင်းကျင်းထားသော ခြံဝင်းထဲမှာ …ညစာ ခံပွဲလေးက စည်ကားသက်ဝင်နေ၏။ သူလည်း မိတ်ဆွေ လေး …ယောက်နှင့်အတူ စားပွဲဝိုင်းမှာ ရှိနေခဲ့သည်။

ညစာပရိသတ်တွေ စုံလင်ချိန်မှာ ဦးသိဏ်းဆန်းတို့ ဇနီးမောင်နှံ …ာ အားလုံးကို အပြုံးမျက်နှာတွေနှင့် လိုက်လံ နှုတ်ဆက်သည်။

"မင်္ဂလာပါ ဦးသိဏ်းဆန်း မင်္ဂလာရွှေရတုမှ စိန်ရတုထိ …ိုင်ပါစေဗျာ"

"ကွန်ဂရက်ကျူလေးရှင်း ဦးသိဏ်းဆန်း"

"တကယ့်စံပြ ဇနီးမောင်နှံ ဆိုတာ ဒါပဲဗျ"

ညစာခံပွဲရှင် ဦးသိဏ်းဆန်းတို့ ဇနီးမောင်နှံအတွက် ဆုမွန် …ာင်းပေးကြ၊ ချီးကျူးဂုဏ်ပြုကြနှင့် မီးရောင်စုံအောက်က မြက်ခင်းပြင် …းက အပြုံးအရယ်တွေ စည်ဝေနေခဲ့၏။

"မင်္ဂလာသက်တမ်း ရွှေရတုတိုင်တဲ့အထိ လက်တွဲညီတာတော့ …းစား ချီးကျူးဖို့ကောင်းတယ်ဗျ"

"ဟုတ်ပ့ါဗျာ ဒီပွဲမျိုး တက်ခွင့်ရတာ ဂုဏ်ယူစရာပါပဲ"

အားလုံး စီးပွားရေးအလုပ်တွေမေ့ကာ ရယ်ရယ်မောမော ပျော်



www.burmeseclassic.com

www.burmeseclassic.com



မိကြသော အချိန်လေးထဲမှာ သူလည်း နစ်မျောနေခိုက်

''ဟိုင်း မြသတိုး နောက်ကျလိုက်တာ''

''ဟုတ်ကဲ့ ဦး ညည့်သည်တွေကို ဒင်နာလိုက်ကျွေးနေရလို့ပါ''

မြသတိုး ဆိုသော အမည်နှင့်အတူ ပြန်လည်နှုတ်ဆက် ဖြေရှင်း

ပြသော အသံချိုချိုလေးကြောင့် သူ ဦးလှည့်ကြည့်မိ၏။

သူ့မျက်ဝန်းတွေ အံ့သြ မင်သက်သွားခဲ့တာတော့ အသေအချာ

ဖြစ်သည်။ သူ အကြိမ်ကြိမ် ကြားဖူးသိနေသော ဒေါ်မြသတိုး တဲ့လား

နှစ်မ်းရောင် တောက်တောက် ဇာဝတ်စုံလေးနှင့် ခန္ဓာကိုယ်၏

လှပသော ကောက်ကြောင်းတို့ ပေါ်လွင်စေသော ဝတ်စုံလေးကို ဆင်မြန်း

ထားသော သူမအလှမှာ နစ်မျောငေးမော သွားမိ၏။

ရွှေကောင်းကင် ကုမ္ပဏီပိုင်ရှင် ဒေါ်မြသတိုး အသက်အရွယ်က

သူ ထင်မှတ်ထားသည်ထက် ငယ်ရွယ်လွန်းနေသည်။

အလွန်ဆုံးရှိမှ သူမအသက် နှစ်ဆယ့်လေး ငါးဆိုတာ ဝင်းမွတ်

နေသော မျက်နှာနုနုလေးက သက်သေခံနေသည်။

လည်တိုင် ကျော့ကျော့လေးကို ပေါ်လွင်စေသော ပြင်သစ်ဆံထုံး

ပုံစံ ခွေခွေမြင့်မြင့် တစောင်းလေးနှင့်။

လည်တိုင်မှာ စိန်ပွင့်တို့ တန်ဆာဆင်သော သုံးထပ် ပလက်တီ

နမ်ဆွဲကြိုးလေး ဆင်ထား၏။ စိန်ပွင့်သေးသေး နားကပ်လေးနှင့် ဘယ်

လက်မှာ ပလက်တီနမ် ဟန်းချိန်းလေး။

ထိုအရာအားလုံးတို့ထက် သာလွန်သော သူမမျက်နှာပေါ်က

အလှတွေက သူ့အပါအဝင် ပရိသအားလုံးကို ဖွဲ့ဆောင်ထားနိုင်ပါသည်။

စိမ်းမှောင်တန်းနေသော မျက်ခုံးတစ်စုံ၊ ကော့ပျံနေသော မျက်

တောင်ရှည်ကြီးတွေ ဝန်းခသော မျက်နက်ဝန်းကြည်ကြည်၊ ပေါ်လွင်

သော နှာတံချွန်ချွန်လေးနှင့် ပန်းဆီရောင် နှုတ်ခမ်းဆီပွင့်လွှာ နှစ်ခုလို

တ်ခမ်းဖူးဖူးလေး။

တခဏ အတွင်းမှာ သူမရဲ့အလှတွေကို သူ သတိထား အကဲ

ခတ်မိပြီး ဖြစ်နေ၏။

ပခုံးကို လာကိုင်သော အထိအတွေ့ကြောင့် သတိဝင်ကာ

လှည့်ကြည့်တော့ သူ့ကိုပြုံးစစ ကြည့်နေသော ကိုသိုက်မော်ရဲ့ ပါဝါ

မျက်မှန်ထဲက မျက်လုံးတွေနှင့် ရင်ဆိုင်တိုး၏။

''ဥမ္မာဒန္တီရဲ့အလှမှာ သိဝိမင်းကြီး မိန်းမောသွားဖူးတယ်ဗျ''

ကိုသိုက်မော် စကားကြောင့် သူ မျက်နှာထူပူ နီမြန်းသွားရင်း

''ဟာဗျာ''

''မရှက်ပါနဲ့ဗျာ မြသတိုး ကလည်း ခေတ်သစ် ဥမ္မာဒန္တီ ဆိုတာ

ငယ်သူမှ မငြင်းနိုင်ဘူးလေ''

''ဟုတ်ပါ့ ဒါအမှန်တရားပဲ''

ကိုသိုက်မော် စကားကို အတူထိုင်နေသော ဦးမြတ်ဇော်ကပါ

ထောက်ခံသလို ကိုလှိုင်မင်းကလည်း အသိအမှတ်ပြု ခေါင်းညိတ်သည်။

သူကတော့ သတိလက်လွတ် ငေးမိသည့်အဖြစ်ကို နောင်တရ

ရှက်ရွံ့ကာ ထူပူနေမိသဲ။





www.burmeseclassic.com

www.burmeseclassic.com



သူမကို လာနှုတ်ဆက်သော ညှိုးသည့် မိတ်ဆွေတွေလည်း မကြာခဏ ဝိုင်းကို ရောက်လာတတ်သည်။

သူကတော့ အခုမှ ဆုံဖူးသော သူမကို တရင်းတနှီးလည်း စကား မပြောဖြစ်ခဲ့ဘဲ နားထောင်သူ သက်သက်ပဲရှိ၏။ ဒါကို သူမ သတိထားမိကာ မကြာခဏ သူ့ကို လှမ်းကြည့်တတ်ပါသည်။

ဆယ့်ငါးမိနစ်ခန့် ကြာတော့ သူမ နှုတ်ဆက် ပြန်သွားခဲ့သည်။

''ခွင့်ပြုပါဦး ဦးမိုးရိပ်ထင်''

သူမရဲ့ အပြုံးချိုချိုလေးနှင့် နှုတ်ဆက်စကားသံ ချိုချိုလေးကို တော့ သူ မှတ်မှတ်ရရ ရှိနေခဲ့၏။ ပြီးတော့ သူမ ပြန်သွားမှ ကိုမြတ်ဖော် တို့ ပြောပြသော သူမအကြောင်း တချို့ကို သူသိခွင့်ရခဲ့သေးသည်။

''မြသတိုးက တော်တော် ထက်မြက်တယ်၊ ရွှေကောင်းကင် ကုမ္ပဏီအပြင် သူရှယ်ယာ ဝင်ထားတဲ့ ဟိုတယ်လုပ်ငန်းတွေက မြန်မာ ပြည်အနှံ့ရှိတယ်၊ နိုင်ငံခြား ဆေးဝါးကုမ္ပဏီ တင်သွင်းတာကိုလည်း မြန်မာပြည်အတွက် တစ်ဦးတည်း မူပိုင်ရထားတာဗျ''

''မိတ်ဆွေမျိုးတွေ မရှိကြတော့ဘဲ တစ်ယောက်တည်း ရုန်းကန် နေတာတော့ ချီးကျူးစရာပဲဗျာ တကယ်ထက်တဲ့ မိန်းမ''

''ကိုမိုး ခင်ဗျား စိတ်ဝင်စားလို့ ရတယ်နော်''

''ဟာဗျာ မဟုတ်တာ''

သူ့ဘက် ဦးလှည့်လာတော့ ထူထူပူပူနှင့် သူ့ငြင်းဆိုတာကို မိတ်ဆွေတွေ ဝိုင်းရယ်ကြသည်။ ကိုသိုက်မော်က





''ကျုပ်တို့အားလုံးက လက်ရှိ family တွေနဲ့လေ ကိုမိုးတစ် ယောက်ပဲ လွတ်နေတာ''

''ဟုတ်ပ ဒို့လူကြီး မိန်းမဆုံးပြီးကတည်းက အဖော်မဲ့နေတာ ဆယ်နှစ်နီးပါး ရှိနေပြီဆိုတော့ ဘဝသစ်တော့ စသင့်ပြီ''

''ဟုတ်တယ် ကိုမိုး နှလုံးသားကို သွေးသစ်လောင်းသင့်တယ်၊ မြသတိုးက အိပ်ပျော်နေတဲ့ ခင်ဗျားနှလုံးသားကို နှိုးနိုင်လောက်ပါတယ်''

''စိတ်ကူး မလွဲနဲ့ကိုမိုးရေ ခင်ဗျားက ကျုပ်တို့အုပ်စုထဲမှာ အဖြောင့်ဆုံး အခန့်ဆုံးဗျ၊ ရင်မခုန်တတ်တဲ့ မြသတိုးကို ခင်ဗျား စွမ်း ဆောင် ပြလိုက်စမ်းပါ''

အားလုံးရဲ့ နောက်ပြောင် တွန်းပို့နေမှုထဲမှာ သူတုပ္ ရက်ရွံ့ကာ ရင်ခုန်နေမိတာက တကယ့် လူငယ်လေးတစ်ယောက်လို ဖြစ်နေခဲ့သည်။

ဒါပေမဲ့ မိုးရိပ်ထင် ဆိုသော သူဟာ အသက်လေးဆယ်ပြည့်လု လု ယောကျ်ားတစ်ယောက်ပဲ ဖြစ်၏။

မိသားစု ဘဝတစ်ခုကို တည်ဆောက်ခဲ့ဖူးပြီးပြီ။ ဒါပေမဲ့ လွန်ခဲ့ သည့် ဆယ်နှစ်ခန့်ကပဲ ဇနီးဖြစ်သူ ကွယ်လွန်သွားခဲ့သည်။

ဒါတွေကို ပြန်တွေးကြည့်လိုက်တော့ ကိုယ့်ထက်အသက်ငယ် ရွယ်ချောမောသော မိန်းမတစ်ယောက်ကို ရင်ခုန်မျှော်လင့်စရာ မရှိပါ။

■ ■ ■

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မဖြစ်နိုင် အဖြစ်သင့်သော အခြေအနေတစ်ခုကို မိုက်မဲစွ
တမ်းတရအောင် သူ့အရွယ်က လူငယ်လေး တစ်ယောက်မှမဟုတ်ဘဲ

ဒါပေမဲ့ ကံကြမ္မာက မြသတိုး ဆိုသော သူမနှင့် ဆုံဆည်းခွင့်
တွေ အကြိမ်ကြိမ်ထပ်ပေးခဲ့၏။

တကယ်ဆို ထို တိုက်ဆိုင်မှုတွေကို သူကသာ ကံကြမ္မာကြော
ဟု ထင်ခဲ့တာဖြစ်သည်။ မြသတိုးနှင့် ရင်းနှီးကျွမ်းဝင်ကာ ချစ်သူတွေ
ဖြစ်သွားချိန်ရောက်မှ ။ ။

ထိုတွေ့ဆုံမှု အားလုံးသည် မြသတိုး ဖန်တီးထားခဲ့ခြင်းမျာ
ဟု အံ့သြစွာ သိခဲ့ရ၏။





မြသတိုးနှင့် ပထမအကြိမ် ဆုံတွေ့ပြီး ဒုတိယအကြိမ် ဆုံတွေ့
သော မနက်ခင်းလေးကို သူ မှတ်မိနေဆဲ။

တနင်္လာ မနက်ခင်းတိုင်း သူထိုင်တတ်သော ကော်ဖီဆိုင်လေး
မှာ မထင်မှတ်ဘဲ မြသတိုးနှင့် ပြန်ဆုံဖြစ်၏။

စားပွဲလေးမှာ တစ်ယောက်
တည်းထိုင်နေသော မြသတိုးနှင့် ပြန်ဆုံဖြစ်၏။

မြသတိုးကလည်း သူ့ကိုမြင်တော့ လှပသော အပြုံးလေးနှင့်
နှုတ်ဆက်၏။ သူတို့ ဦးသိဏ်းဆန်းရဲ့ ပါတီမှာ ဆုံခဲ့ပြီး တစ်ပတ်ကျော်
လေးကြာမှ ပြန်ဆုံတာကို သူမ မှတ်မိနေ၏။

"ကိုမိုးရိပ်ထင် ကော်ဖီလာသောက်တာလား"

"ဗျာ ဟုတ်ကဲ့ မြသတိုး"

သူ့နာမည်ကို မှတ်မိကာ နှုတ်ဆက်လိုက်ခြင်းအတွက် ဝမ်းသာ
သွားမိ၏။ ပြီးတော့ သူမကပဲ ရင်းနှီးသောအပြုံးတွေနှင့် ဖိတ်ခေါ်သည်။

"ဒီမှာ လာထိုင်လေ ကျွန်မတို့ စကားပြောဖော်ရတာပေါ့"

သူမရဲ့ ဖိတ်ခေါ်မှုကို မငြင်းနိုင်ဘဲ သူ စားပွဲလေးမှာ ဝင်ထိုင်
မိ ဖြစ်နေ၏။ ဝိတ်တာလေးက အနားကိုရောက်လာရင်း

"အစ်ကိုကြီး ထုံးစံအတိုင်းပဲနော်"

"အိုကေ ညီလေး"

သူလာတိုင်း မှာစားနေကျ အသားပေါင်းပွဲကို ကော်ဖီတစ်အိုး
နှင့် ဝိတ်တာလေး လာချပေးတော့



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးရိပ်ထင်က ထိုင်နေကျထင်တယ်"

"ဟုတ်တယ် မန်းအေးတိုင်း ကိုယ်ဒီမှာ ထိုင်တတ်တယ်လေ"

"ဒင်းဆမ်း ကြိုက်တယ်ထင်တယ် သတိုးလည်း ကြိုက်တယ်"

အခုမှ သူမ မှာထားသော အသားပေါင်းပွဲနှင့် ကော်ဖီအိုးကို သူ သတိထားမိ၏။

"အင်း ဒီဆိုင်မှာ တစ်ပတ်တစ်ရက်တော့ စားဖြစ်တယ်၊ မြ သတိုး ကော ထိုင်နေကျလား"

"သိးသန့် မထိုင်ဖြစ်ပါဘူး၊ ဒီလိုပဲ ကြုံလို့ဝင်ထိုင်တာ ဒါ ကိုမိုးရိပ်ထင်တို့ ကုပ္ပဏီက အီလက်ထရောနစ်ပစ္စည်းတွေ သွင်းဖြန့် တာနော်"

သူ အံ့ဩမိသည်။ သူ့ကုမ္ပဏီ အလုပ်ကိုတောင် မြသတိုး သိနေသည်လား။ သူမက စီးပွားရေးလောကမှာ ဘုရင်မတစ်ပါးဆိုတာ တော့ သူသိပါသည်။

"ဟုတ်ကဲ့ ဂျပန်က ကုမ္ပဏီနဲ့ ဆက်သွယ်ပြီး တည်ထောင်ထား တာပါ၊ အရမ်းဟဲဗီးကြီး မဟုတ်ဘူးဗျ၊ ဝန်ထမ်းငါးဆယ်ကျော်လောက် လည်ပတ်နေတာပါ၊ ရန်ကုန်မှာပဲ ကုမ္ပဏီခွဲတောင် မရှိပါဘူး"

သူ ရိုးသားစွာ ရှင်းပြမိသည်။ 'လင်း ကုမ္ပဏီ'သည် မြသတိုး ရဲ့ စီးပွားရေးလုပ်ငန်းတွေလောက် မကြီးကျယ်၊ မခမ်းနားကြောင်း သိစေချင်တာကြောင့် ဖြစ်၏။

"ဟို သတိုးရဲ့ ကုမ္ပဏီရုံးခန်းမှာ အဲကွန်းတွေ အသစ်လဲချင်လို့





ဒါ အဆင်ပြေနိုင်မလား"

"ကျွန်တော့်ကုမ္ပဏီက အဲဒီလို လိုက်ဆင်ပေးတဲ့ ဝန်ထမ်းအဖွဲ့ မရှိဘူး။ ဒါပေမဲ့ မြသတိုး လိုအပ်တယ်ဆိုရင် ကျွန်တော် စီစဉ်ပေးမယ် လေ"

"သင့်ခယူပဲ ကိုမိုး ဒါဆိုရင် သတိုး ကိုမိုးနဲ့ လာဆွေးနွေးလို့ ရလား၊ ဟိုး အဆင်ပြေမယ့်နေ့ သတိုးဆီ ဖုန်းဆက်ပေးပါနော်"

မြသတိုး စားပွဲပေါ်က လက်ကိုင်အိတ်ထဲမှ ဖုန်းကဒ်လေးကို ထုတ်ပေးနေတာမို့ သူ လှမ်းယူလိုက်ရသည်။

"အဟင်း သတိုးအလုပ်တွေ လျှောက်ပြောနေတာနဲ့ ကိုမိုး ဘာမှတောင် မစားရသေးဘူး ပူပူနွေးနွေး စားလိုက်ပါဦး"

ဒုတိယအကြိမ် ပြန်ဆုံချိန်မှာပဲ သူမရဲ့ အခေါ်အဝေါ်တွေ ပြောင်းလဲသွားခဲ့ကာ မြန်ဆန်စွာ ရင်းနှီးသွားခဲ့သည်။

ထိုမနက်က သူမနှင့် နှစ်ယောက်အတူ ထိုင်ဖြစ်ခဲ့သော ကော်ဖီ ဆိုင်လေးမှာ သူမနှင့်ထပ်ထိုင်ဖို့ အခွင့်အရေးတွေ ဖြစ်လာခဲ့၏။

ထိုအချိန်တုန်းက ကံကြမ္မာ၏ ဆုံတွေ့မှုအပေါ်မှာ ကြည်နူး သာနေခဲ့မိသော မြသတိုးရဲ့ ရင်ထဲကို မမြင်နိုင် မဖတ်တတ်ခဲ့ပါ။

သူနှင့်သတိုးကြားက ကွာခြားချက်တွေကိုလည်း ဥပေက္ခာပြု လျော့ထားခဲ့ခြင်းက ဘာကြောင့်မှန်းမသိ။

အချစ်ဆိုသောအရာသည် ရင့်ကျက်တည်ငြိမ်ခဲ့ပြီးဟု ထင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ယောက်ျားတစ်ယောက် နှလုံးသားကို သိမ်းပိုက်ခြယ်လှယ်သွား[…]က ထူးဆန်းပါသည်။

■ ■ ■



## အခန်း (၆)

နောက်နှစ်ရက် အကြာမှာ မြသတိုး၏ ဖုန်းနံပါတ်လေးကို ဆက်သွယ်ခဲ့မိ၏။

တကယ်ဆို သူ နောက်တစ်နေ့ မနက်မှာပဲ ဆက်သွယ်ချင်ခဲ့တာ ပေမယ့် မသင့်တော်သေးဟုတွေးကာ မဝံ့ရဲခဲ့တာကြောင့် နှစ်ရက်ကြာ ဆက်ဖြစ်ခဲ့တာ ဖြစ်၏။

"ဟဲလို မြသတိုး ပါရှင်"

"မြသတိုး ကိုယ်ပါ မိုးရိပ်ထင်"

"ဪ ကိုမိုး ပြောပါ ကိုမိုးဖုန်းကို သတိုး မျှော်နေတာ"

"အင်း သတိုးပြောထားတဲ့ အဲကွန်းကိစ္စလေ အဲဒါ သတိုးဘယ် […] လုပ်ချင်တာလဲ အဲဒါ မေးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လေ ကိုမိုး ဒီညနေ ကိုမိုး အားမလားဟင်"

"ဘယ်အချိန်လဲ သတိုး ကိုယ့်ရုံးက လေးနာရီဆို ဆင်းပါပြီ"

"ရတယ် လေးနာရီခွဲလောက် ကိုမိုးနဲ့ သတိုး ဆုံကြရအော အဆင်ပြေမလား"

"ပြေပါတယ် သတိုး"

"ဒါဆို နန်းရိပ်စံ ဟိုတယ်ကိုလာခဲ့လေ သတိုးတို့ ညနေ စားရင်း ဆွေးနွေးကြရအောင်"

"အိုကေ သတိုး ကိုယ်အရောက်လာခဲ့ပါ့မယ်"

သူ နန်းရိပ်စံ ကိုရောက်တော့ လေးနာရီခွဲဖို့ ငါးမိနစ် လို သည်။ ချိန်းထားသော ကားစတင်းမှာ သတိုး မရောက်သေးပါ။

သူ ကားစတင်းလေးမှာပဲ ရပ်စောင့်နေခိုက် လေးနာရီ တစ်မိနစ်လောက်မှာ မြသတိုး၏ အနက်ရောင် မတ်ခ်တူး ကား ထိုးရပ်လာသည်။

ကြက်သွေးရောင် ကိုယ်ကြပ်ဝတ်စုံလေးနှင့် မြသတိုး ကြွ လေး ဆင်းလာသည်။ ခါးအထိရှည်သော ဆံညှိတွေကို ဂုတ်နောက် ဆံညှပ်လေးနှင့် ရိုးရိုးစင်းစင်းလေး သိမ်းထား၏။

နဂိုဝင်းစက် နုညက်သော မျက်နှာလေးကို ဘာမှခြယ်သ Pan Cake ကလေးလောက်သာ ဖို့ထားတာမို့ သူမခမြာ ရုံး ကသောကမျောလေး ထပြေးလာပုံ ပေါက်နေ၏။

"ကိုမိုး ဆောရီး သတိုး နောက်ကျသွားတယ်"





"နောက်မကျပါဘူး အချိန်မှန်ပါပဲ သတိုးရဲ့"

"လေးနာရီ ဆယ်မိနစ်ကတည်းက ထွက်ခဲ့ဖို့ပြင်တာ မထင်မှတ် မှုကော့စ်တစ်ခုဝင်လာလို့ ရှင်းပေးနေရတာ"

မောဟိုက်သံလေးနှင့် ဆိုနေသော သတိုးကိုကြည့်ကာ သူ ားသွားမိသည်။

"ထင်ပါတယ် သတိုး ရုံးခန်းထဲက ကသောကမျော ပြေးလာ ပဲ"

"ဟင် သတိုးပုံက အဲဒီလို ဖြစ်နေလို့လားဟင်"

မျက်လုံးလေးဝိုင်းကာ မလုံမလဲ ဖြစ်သွားသော သူမ မျက်နှာ ကိုကြည့်ကာ သူ သဘောကျစွာ ပြုံးမိရင်း

"မဟုတ်ပါဘူး သတိုး စကားပြောပုံက မောသံပါနေလို့ ကဲ ယ်တို့ သွားကြမလား"

"အင်း သတိုး ဖုန်းနဲ့ ဘွတ်ကင်လုပ်ထားပြီးသား ကိုမိုးရဲ့"

သူမရဲ့ စေ့စပ်သေချာမှုနှင့် အလေးထားမှုအတွက် သူ ပိုလို့ စားသွားမိသည်။ သူ့ဘက်က မြသတိုးအပေါ် မရိုးသားခြင်း ဖြစ်နေ ည်လား။ မြသတိုးဘက်က ဖြူစင်ရိုးသားနေတာကို သူ့ဘက်က မရိုး သလို ဖြစ်နေသည်လား။

သူ့စိတ်ကို သူပြန်ထိန်းရင်း ပင့်သက်ကို ကြိတ်ရှိုက်လိုက်ရသည်။

သီးသန့်အခန်းလေးထဲ ရောက်တော့ အငွေ့တထောင်းထောင်း ဆင်ထားသော ထမင်းဝိုင်းကြီးက အသင့်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



''စားသောက်ပြီးမှပဲ လုပ်ငန်းကိစ္စ ပြောရအောင်နော် ကိုမိုး

သူနှင့်သတိုးတို့ အတူလက်ဆုံ စားဖြစ်သော ထမင်းပွဲလေး

ကြည်နူးစရာတော့ ကောင်းပါသည်။

သူ့ပန်းကန်ထဲကို ဟင်းတွေခပ်ထည့်ပေးတတ်သော သတို

အပြုံအမူလေးကြောင့် ရင်ထဲမှာ တစ်မျိုးခံစားရသည်။

တကယ်ဆို ဇနီးသည် ဆုံးပါးသွားကတည်းက သူ့ဘဝ

အလုပ်ထဲမှာပဲ ပုံမှန်ရှင်သန်ခဲ့တာ ဖြစ်၏။

အိမ်ထောင်သည်ဘဝမှာ ဆယ်နှစ်လောက် သူ ရှင်သန်ခဲ့ရ

မယ့် ပြည့်စုံသော ပျော်ရွှင်သုခကို မပိုင်ဆိုင်ခဲ့ရတာ ကိုယ်တိုင်ပဲ သိသ

ဒါတွေကို သူ ပြန်မတွေးချင်ပါ။ ရင်ထဲမှာ ဖြစ်တည်ခဲ့သေ

ဒဏ်ရာက အကင်းသေစပဲ ရှိသေးသည်။

''ဝပြီလား ကိုမိုးရဲ့ စားပါဦး''

''ကိုယ် ဒီလောက်ပဲ စားနိုင်လို့ပါ သတိုး စားပါ''

''သတိုးလည်း ဝပါပြီ''

စိတ်တာလေးက စားပွဲဝိုင်းကို ရှင်းလင်း သိမ်းဆည်းသွ

တော့ မြသတိုးနှင့် သူ အချိုဝိုင်းမှာ ထိုင်ရင်း အလုပ်ကိစ္စဆွေး

ဖြစ်၏။

မြသတိုး၏ ကုမ္ပဏီရုံးခန်းအတွက် လိုအပ်သော အဲကွန်း

တွေအတွက် စိတ်တိုင်းကျ ရွေးချယ်ဖို့ ကတ်တလောက်ကို သူပြ

''အချိန်ရမယ် ဆိုရင် သတိုးကို ဒီတစ်ညဲလောက် ရွေး





စားခွင့် ပေးပါလားဟင်၊ အဆင်ပြေမယ့် အမျိုးအစားနဲ့ ပုံစံကို

ချင်လို့ပါ''

''ရပါတယ် သတိုး''

''ဒါဆို မနက်ဖြန်မနက် သတိုးတို့ ကော်ဖီဆိုင်လေးမှာ ဆုံကြရ

အောင်၊ ဆန်းဒေးဆိုတော့ ကိုမိုး အားမယ်ထင်ပါတယ်''

''ဆန်းဒေး ကိုယ်အားပါတယ်''

''ဒါဆို အဆင်ပြေတယ်''

နောက်နေ့ ပြန်ဆုံခွင့်ကို သတိုးဘက်က စီစဉ်လာတော့ သူ

နှုတ်ပိတ်ပြန်သည်။

မဖြစ်သင့်ဟု ဦးနှောက်က တားမြစ်နေသည့်တိုင် သူ့နှလုံးသား

ဆန္ဒကျင်နေသည့် အဖြစ်တို့သည် . . .။

■ ■ ■

မြသတိုး၏ ကုမ္ပဏီရုံးခန်းတွင် တပ်ဆင်မည့် အဲကွန်းကိစ္စ

တွက် သူနှင့်မြသတိုးတို့ ဆုံတွေ့မှုက အကြိမ်ကြိမ် တိုင်ခဲ့သည်။

ဖုန်းဆက်သွယ်မှုတွေလည်း သူတို့နှစ်ဦးကြားမှာ ရင်းနှီးမှုများစွာ

ရှိစေခဲ့သည်။

တကယ်ဆို ထိုအရာအားလုံးသည် သတိုးရဲ့ ဖန်တီးမှုတွေ

နောင်မှ သိခဲ့ရတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တနလ်ာမနက်တိုင်း သူနှင့်သတိုး ကော်ဖီဆိုင်လေးမှာ ဆုံဖြ

ခဲ့သည်။

''ကိုမိုး ဒီတစ်ပတ် ဆန်းဒေး သတိုးမနက်စာ ကျွေးပါရစေ

''ဘာအတွက်လဲဟင် သတိုး''

''ဘာအတွက်ရယ် မဟုတ်ပါဘူး။ သတိုး ခင်မင်တဲ့ မိတ်ဆွေ

စကားပြောရင်း အားလပ်ရက်လေးကို ဖြုတ်သန်းချင်လို့ပါ''

သူ မငြင်းနိုင်ခဲ့ပါ။ တကယ်ဆို မြသတိုးကို ငြိတွယ်လာသေ

သံယောဇဉ်က နိုင်ကျုည်နေခဲ့၏။

သူမနှင့် အတူဆုံတွေ့ရချိန်လေးတွေက သူ့ဘ၀မှာ ကျေ

ကြည်နူးစရာ ဖြစ်ခဲ့တာတော့ မငြင်းနိုင်ပါ။

သတိုးရဲ့ ရွှဲမက်စရာကောင်းသော မျက်ဝန်းတွေထဲမှာ သံယေ

ဇဉ် အရိပ်တွေကို သူ မြင်တွေ့ခဲ့ရ၏။

ပြီးတော့ သူမရဲ့ဘ၀ အကြောင်းတွေကိုလည်း သူ မမေး

သတိုးက ပြောပြခဲ့၏။

''ကိုမိုးနဲ့ သတိုးဘ၀က တကယ့်ကို တူညီတယ်၊ သတိုး

နှစ်ယောက်စလုံး တစ်ကောင်ကြွက်ဆန်ဆန်တွေပဲနော်''

သတိုး ဆိုသလို လက်ရှိမှာ တူညီပေမယ့် သူ့အတိတ်

သတိုး မသိသေးပါ။ သူကလည်း ဖွင့်မပြောဖြစ်ခဲ့ပါ။ သတိုးကလည်

မမေးခဲ့။

မိုးရိပ်ထင် ဆိုသောသူသည် အိမ်ထောင်သည် တစ်ဦးဖြ





ည်လို့တောင် သတိုး သိရဲ့လားမသိ။

မင်းလေး သိသွားခဲ့ရင် ကိုယ့်အနားက ရှောင်ခွာသွားမှာ ကိုယ်

သိနေတယ် သတိုးရယ်။

■ ■ ■



www.burmeseclassic.com

## အခန်း (၇)

"တကယ်ဗျာ ခင်ဗျားက လျှို့ဝှက်ကြိတ်ပုန်း ခုတ်နေတာပဲ"

"ဟာ မဟုတ်ရပါဘူးဗျာ"

"ငြင်းဖို့ မကြိုးစားနဲ့ ကျုပ်တို့ မျက်မြင်တွေ့တာနော် ဟိုတယ်ထဲက နှစ်ယောက်ယှဉ်တွဲ ထွက်လာတာ"

သတိုးနှင့် သူ့ကို အတူ မနက်စာစားဖြစ်ခဲ့သော တစ်ရက်မှ ကိုမြတ်ဇော်တို့ ဘယ်လိုမြင်တွေ့သွားသည် မသိ။

သူ သူနိုးလူမိနှင့် ငြင်းရခက်နေခဲ့သည်။

"ကိုင်း ဘာငြင်းဦးမလဲ ကိုမိုး"

"တကယ်ပါဗျာ ခင်ဗျားထင်သလို မဟုတ်ပါဘူး။ သူက အလုပ် ကိစ္စအတွက် အကူအညီ တောင်းလို့ပါ"

သတိုးရဲ့ ကုမ္ပဏီအတွက် အဲကွန်းတပ်ဆင်ရသော ကိစ္စတွေကို





ပြောပြရသည်။ ဒါပေမဲ့ ကိုမြတ်ဇော်တို့ လက်မခံဘဲ ခေါင်းခါကြသည်။

"ဒါဆို မရိုးသားမှုက မြသတိုးပဲ"

"ဟာ မဟုတ်တာဗျာ"

"ခင်ဗျားလည်းမလိုနဲ့ အလွန်းတယ် ကိုမိုး မြသတိုးက ဒီအဲကွန်း ကိစ္စလေးအတွက် ခင်ဗျားနဲ့ ပတ်သက်လာတယ်ဆိုတာကိုက စဉ်းစား ရာဗျ။ အလုပ်တွေ မနားတမ်းများတဲ့ မြသတိုးက ကုမ္ပဏီရုံးခန်း အဲကွန်းတပ်ဖို့ ကိစ္စလေးအတွက် ကိုယ်တိုင်အချိန်ပေး လုပ်စရာမရှိဘူး"

"ဒါအမှန်ပဲ ဝန်ထမ်းပေါင်း နှစ်ရာကျော်နဲ့ လည်ပတ်နေတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးက အကူအညီတောင်း ခင်ဗျားကလည်း ကိုယ့်လုပ်ငန်း မဟုတ်ဘဲ အားစိုက်အင်တိုက် ကူညီပေး့"

"ဟာ ဒီလို မပြောပါနဲ့ဗျာ"

"ဒီမှာ ကိုမိုး ခင်ဗျားတို့ ပါးစပ်တွေက ရိုးသားပါတယ်လို့ ဘယ်လောက်အော်နေကြပါစေ ကိုယ့်စိတ်ကိုတော့ ညာလို့မရနိုင်ပါဘူး"

"ဟုတ်တယ် ကိုမိုး ဘာလဲ ကျုပ်တို့ကို ကျွေးမွေးရမှာ ကြောက် လို့ သိုဝှက်ထားတာလား၊ မရဘူး ဒီဝိုင်းကို ခင်ဗျားပဲ ရှင်းရမှာနော်"

"ကျုပ်တို့က ခင်ဗျားနဲ့ မြသတိုး အဆင်ပြေသွားတာကို ဝမ်း သာပါတယ်ဗျ အဟဲ ဂုဏ်ပြုပွဲတော့ ခင်ဗျား လုပ်ပေးရမယ်"

တစ်ဖက်သက် ထင်မြင်ချက်တွေနှင့် ပြောနေတာကို သူဖြေရှင်း နေကက်နေသည်။ တကယ်ဆို သူတို့ လွဲနေတာအမှန်။

"ဒီမှာ အခု ကျုသမျှ ကျွန်တော်ရှင်းပါ့မယ်၊ ဒါပေမဲ့ ခင်ဗျား

www.burmeseclassic.com



တို့ စွပ်စွဲနေတာ မှားတယ်၊ တစ်ပါးသူကို ထိခိုက်နေတယ်ဗျ"

သူနှင့် သတိုးကြားက ခင်မင်ရင်းနှီးမှုကို သူ အမှန်အတိုင်း ပြောပြ ဖြေရှင်းရ၏။

"အခုချိန်ထိ ကျွန်တော်နဲ့ မြသတိုးကြားမှာ ဖြူစင်တဲ့ ခင်မင် ရင်းနှီးမှုပဲ ရှိပါတယ်ဗျာ"

သူ ဖြေရှင်းချက်တွေကို ဘီယာ တစိမ့်စိမ့်သောက်ရင်း နာ ထောင်နေသော မြတ်ဇော်နှင့် ကိုသိုက်မော်တို့ ခေါင်းတညိတ်ညိတ်နှ

"အင်း ခင်ဗျားနဲ့ မြသတိုး ဒီအခြေအနေရောက်နေလျက် နဲ့ ပိုပြီး တိုးတက်မလာသေးတာ ခင်ဗျားညံ့လို့ပဲ"

"ဟုတ်တယ် မြသတိုးက ဒီလောက်အထိတောင် အခွင့်အရေး တွေပေးနေလျက် ခင်ဗျားက ဘာလို့ မကြိုးစားတာလဲ ကိုမိုး"

"မဖြစ်နိုင်တာ မပြောကြပါနဲ့ဗျာ သတိုးနဲ့ကျွန်တော အသက်အ ရွယ်က ဆယ့်လေးငါးနှစ်လောက် ကွာပါတယ်ဗျာ၊ ပြီးတော့ မြသတိုး က အပျိုစင် ကျွန်တော်က အိမ်ထောင်ကျဖူးတဲ့ မုဆိုးဖိုပါ"

"အား ခင်ဗျားမှာ လက်ရှိအိမ်ထောင်မရှိဘူး၊ ဒါ လွတ်လပ်တ ပဲဗျ"

"ဟုတ်တယ် ကိုမိုး မြသတိုးက ဘယ်ယောကျ်ားလေးကို အခု ခင်ဗျားရနေတဲ့ အခွင့်အရေးမျိုး မပေးဘူး၊ ဒါကို ခင်ဗျားရနေတ အရှင်းကြီးပဲ စိတ်ကူးမလွဲနဲ့နော် ကိုမိုး"

သူတို့စကားတွေက သူ့ကို တွေဝေစေသည်။ သတိုး သူ့အ





ခင်တွယ် သံယောဇဉ်ကြီးတာတော့ သူ သတိထားမိသည်။ တစ်ခါတစ်ရံ သတိုးရဲ့ မျက်ဝန်းတွေက သူ့ကို အခွင့်အရေးတွေ ပေးနေသလို ထင်မိ၏။

ဒါပေမဲ့ သူတို့နှစ်ဦးကြားမှ ကွာခြားချက်ကြီးက သူ့ကို အမြဲ တမ်း သတိပေးနေခဲ့၏။

"ကိုမိုး ခင်ဗျား မြသတိုးကို သဘောကျနေသလား"

ကိုသိုက်မော် အမေးကြောင့် သူ မလုံမလဲဖြစ်ရပြန်၏။

"မဟုတ်တာဗျာ၊ ကျွန်တော်နဲ့မြသတိုး ခင်မင်မှုက မိတ်ဆွေ တွေထက် မပိုပါဘူး"

"ဝေ့လည်ကြောင်ပတ် မဖြေနဲ့ဗျာ၊ ကျုပ်မေးတာ ခင်ဗျား ခံစားချက်ကိုမေးတာ၊ ခင်ဗျား မြသတိုးကို စိတ်ဝင်စားသလား"

သူ ခေါင်းကို ခါရမ်းမိသည်။ ကိုယ့်အသက်အရွယ် အနေ အထားက စိတ်ဆန္ဒရဲ့ အလိုကို တခြားသူတွေသိအောင် ရင်ဖွင့်ပြောပြရ ညှာ်အရွယ်မှ မဟုတ်တာ။

"ခင်ဗျား မညာနဲ့နော် ကိုယ့်ကိုကိုယ် လိမ်ညာတာ အဆိုးဆုံး ပဲဗျ"

"ဒုက္ခပါပဲဗျာ ခင်ဗျားတို့တော်တော် ရစ်ကြတာပဲ"

"နိုး နိုး ကျုပ်တို့ဘာမှ မသောက်ရသေးဘူး၊ ခင်ဗျားနဲ့ကျုပ် တို့က အရင်းနှီးဆုံး မိတ်ဆွေတွေပါ ကိုမိုးရ ခင်ဗျားဘဝလေး စိမ်းလန်း စိုပြေသွားအောင် အကြံပေးနေကြတာပါ"

"ဟုတ်တယ် ကိုမိုး မြသတိုးလို မိန်းကလေးက ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်နေတာ ခင်ဗျားက သိပ်ကံကောင်းတယ်''

''မြှောက်မပေးကြပါနဲ့ဗျာ ကျုပ်တာသာ အေးအေးနေပါရစေ

''ခင်ဗျားဘဝ အထီးကျန်နေတာ မကြည့်ရက်လို့ပါဗျာ လူ

တာ အဖော်အသင်းတော့ ရှိသင့်တယ်''

''သိပ်မှန်တဲ့စကားပဲဗျ ကိုမိုး ခင်ဗျားကို ကျုပ်မေးမယ်

သတိုးကို ခင်ဗျား ချစ်နေလား''

''ဟာဗျာ''

''ဟော့လူ ယောကျ်ားချင်းတွေပဲ ပွင့်ပွင့်လင်းလင်း ဖြေဗျာ

''ဟုတ်တယ်ဗျာ ကျုပ်ဝန်ခံတယ်၊ မြသတိုးကို ကျုပ်ချစ်တယ်

ဒါအမှန်ဝန်ခံတာပဲ''

''ဒီလိုလုပ်စမ်းပါဗျ ကိုယ့်ကိုကိုယ် လိမ်ညာတာ ပိုဆိုးတယ်

သူ့အဖြေကို ကြားတော့မှ ကိုသိုက်မော်တို့ ကျေနပ်သွားကြသ

ပြုံးဖြီးဖြီးနှင့် ကြည့်နေကြသည်။ သူကျွံသွားသော စကားအတွက်တေ

သူတို့နှစ်ယောက်ကို ပြန်ပိတ်ရသေး၏။

''ဟော့လူတွေ ခင်ဗျားတို့ လျှောက်တော့ မပြောကြပါနဲ့

ကျွန်တော်တောင်းပန်ပါတယ်၊ ဒီစကားကို မြသတိုး ကြားသွားမှာစိုးလို့

''ဘာဖြစ်လဲဗျာ ခင်ဗျား ပြောရခက်နေတာကို ကျုပ်တို့

သိအောင်လုပ်ပေးရမှာပေါ့''

''ဟာ မလုပ်ကြပါနဲ့ဗျာ ကျွန်တော် တကယ်ပြောတာ

ခင်ဗျားတို့ ဒီလိုတော့ မလုပ်သင့်ဘူး''





''ဘာဖြစ်လို့လဲဗျာ ခင်ဗျားကောင်းကျိုး အတွက်ပဲ''

ဒီလူတွေအကြောင်း သူကောင်းကောင်း သိပါသည်။ ပေါက်

တတ်ကရ လျှောက်ပြောနေလျှင်အခက်။

''ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့အသက်အရွယ်

ဖြစ်သင့်မါဘူး။ မြသတိုး ကြားသွားရင် လာရန်တွေ့နေပါဦးမယ်''

''ဘာလို့ ရန်တွေ့ရမှာလဲ သူက လွတ်လပ်တဲ့အပျို ခင်ဗျားက

ည်း လွတ်လပ်တဲ့ လူပျိုကြီး အဲ လွတ်ကင်းတဲ့သူပဲဗျာ''

''ဟုတ်သားပဲ ကိုမိုးရာ ခင်ဗျားက ဘာမှမဟုတ်တာကို အား

ယ်နေတယ်၊ ခင်ဗျားအသက်လေးဆယ်ပဲ ထားဦးဗျာ၊ ဒါ ရင့်ကျက်

ာဝစသင့်တဲ့ အရွယ်ဗျ''

''တော်ကြပါတော့ဗျာ ကျုပ် မြသတိုးကို ချစ်တယ်၊ ဒါကိုဝန်ခံပြီ

ဗျာ ကျေနပ်ကြပါ၊ ခင်ဗျားတို့လုပ်ပုံနဲ့ ကျုပ်သူနဲ့ ခင်မင်ခွင့်လေး

ာင် ဆုံးရှုံးမသွားပါရစေနဲ့ဗျာ''

''ဟား ဟား ကိုမိုးရိပ်ထင် ခင်ဗျားကတော့ တကယ် ရောဂါ

ည်းနေပြီ ကြာရင်မလွယ်ဘူးနော် ဟား ဟား''

သူ့အဖြစ်ကို ဟားတိုက်ရယ်မောနေသော ကိုသိုက်မော်တို့ကို

အပြုံးယဲ့ယဲ့လေးနှင့်သာ တိတ်ဆိတ်ကြည့်နေမိသည်။

သူ့အဖြစ်က နေမြင့်လေ အရှုးရင့်လေ ဖြစ်နေပြီထင်ရဲ့။ ကြီးမှ

ာ်သက်ပေါက်သလို ဖြစ်နေခဲ့ပြီလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကိုမိုး ကိုသိုက်မော်တို့နဲ့ ဆုံဖြစ်သေးလား"

"ဗျာ"

မြသတိုးနှင့် ဆုံသည့်တစ်ရက်မှာ မေးလာသော စကားကြေ
သူ ထိတ်လန့်သွားခဲ့မိသည်။ ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်က
မြသတိုးကို မော့ကြည့်မိ၏။

မြသတိုး အကြည့်တွေလည်း သူ့ဆီက ရုပ်သိမ်းမသွားခဲ့
စူးစူးနစ်နစ် ပြန်ကြည့်နေခဲ့သည်။

"ဟို အဲ မဆုံဖြစ်ပါဘူး ဘာဖြစ်လို့လဲဟင်"

သူ ငြင်းဆိုင်ရင်း သတိုးကို အကဲခတ်ကြည့်မိ၏။ သတ
နှုတ်ခမ်းလေးတွေ ယဲ့ယဲ့ပြုံးနေဆဲ။ အကြည့်တွေကလည်း သူ့မျက်
တွေဆီမှာပဲမို့ သူ မလုံမလဲနှင့် ကော်ဖီခွက်ကို ငုံ့ကြည့် အကြည့်လွှဲမိ



"ဪ သတိုးအကြောင်းများ ကိုသိုက်မော်တို့ကို ကိုမြတ်ဖော်
နဲ့ ပြောမိသလားလို့"

"ဟင်"

သူ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်သွားခဲ့သည်။ ဟို
တွေနှင့် သတိုး ဆုံတွေ့ခဲ့သည်လား။ သတိုးကိုသာ သူ့အကြောင်း
ပြ လျှောက်ပြောလိုက်လျှင် ဒုက္ခ။

"ကိုမိုး ညာတတ်တယ်နော်"

"ဗျာ"

"ကိုမိုးတို့ သုံးယောက် ပြီးခဲ့တဲ့ ဆန်းဒေးညနေက ထိုင်ကြတဲ့
င်လေးထဲမှာ သတိုးလည်း ရှိနေတယ်"

"ဘယ်လို သတိုး အဲဒီဆိုင်လေးထဲမှာ ရှိနေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုမိုးတို့ ထိုင်ကြတဲ့ အခန်းနဲ့ကပ်လျက်အခန်းမှာ
ငယ်သည်တစ်ယောက်နဲ့ ထိုင်နေတာလေ"

"ဟင်"

"လာနှုတ်ဆက်ဦးမလို့တဲ့ ဒါပေမဲ့ ကိုယ့်နာမည်ကိုယ့်အကြောင်း
ပြ ပြောနေတော့ လာလို့မသင့်ဘူးလေ"

"ဟာ"

သူ ချက်ချင်း သတိုးရှေ့က ထပြေးချင်လောက်အောင် ထူပူ
သွားမိသည်။ သတိုး ကြားသွားခဲ့သည်ပေါ့။ သူတို့ပြောခဲ့သော စကား
တွေကို သတိုး ကြားသိနေခဲ့သည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



''သတိုး ကိုယ် ဟို ဟို အနူးအညွတ် တောင်းပန်ပါ

ကွာ''

သတိုး မျက်နှာကိုလည်း သူ စေ့စေ့မကြည့်ရဲတော့ပါ။ အ

မှာ မြသတိုး ပက်ပက်စက်စက် ပြောသမျှကိုပဲ သူ ခံရတော့မည်

''ဘာကို တောင်းပန်တာလဲ ကိုမိုး''

သူ သတိုးမျက်နှာကို မဝံ့မရဲ မော့ကြည့်မိ၏။ နုဖတ်ကြည်

နေသော မျက်နှာလေးမှာ ဒေါသရိပ်တို့ ရှိမနေပါ။ ကြည်လင်နေ

မျက်ဝန်းနက်လေးတွေက သူ့ကို မျက်တောင်မခတ်ဘဲ ကြည့်နေ

''ဟို ဟိုလေ သတိုး ကိုယ်တို့ပြောနေတာတွေကို တ

ကြားသွားခဲ့တာလား''

''ဟုတ်တယ် အသေအချာကို ကြားတာ''

''ဟာဗျာ ကိုယ် တကယ်မသိလို့ပါ သတိုး၊ အဲဒီဆိုင်

ရှိနေမယ် မထင်လို့ပါ''

''နေပါဦး ဒါဆို သတိုး ကွယ်ရာမှာမို့ ဒီလိုလျှောက်

နေတာလားဟင် ကိုမိုး''

''ဟာ မဟုတ်ပါဘူး ကိုယ် အရမ်းအားနာပါတယ်၊ သ

လည်း တောင်းပန်ပါတယ်ကွာ''

သူ မျက်စိမျက်နှာပျက် တောင်းပန်နေတာကို သတိုး အ

အချာ စူးစိုက်ကြည့်နေခဲ့ရင်း

''ဟင့်အင်း တောင်းပန်စကားကို သတိုးကြားချင်တာ





ဘူး သတိုး သိချင်တာ မေးမလို့''

''ဘာ ဘာမေးမှာလဲ သတိုး မေးပါ''

''ကိုမိုး အဲဒီအချိန်က ပြောခဲ့တဲ့စကားတွေက ကိုမိုးရင်ထဲက

ကားတွေလား''

မျက်နှာချင်းဆိုင် ဒဲ့တိုးကြီး သတိုးမေးလာတော့ သူ့မျက်နှာကြီး

ရှုံ့နီအမ်းသွားခဲ့ရသည်။

''ဖြေလေ ကိုမိုး သတိုးကို ချစ်တယ်ဆိုတာ ကိုမိုးရင်ထဲက

ားချက်အမှန်လား''

''သတိုး ကိုယ် ကိုယ်လေ ဝန်ခံပါတယ်၊ ဟို ဒါပေမဲ့ မဖြစ်သင့်

ဖြစ်အပ်တဲ့ အရာဆိုတာလည်း''

''ဘာကို မဖြစ်သင့် မဖြစ်အပ်တာလဲ ကိုသိုက်မော်တို့ ပြောသ

သတိုးနဲ့ ကိုမိုးကြားက ကွာခြားတဲ့ အသက်အရွယ်ကြောင့်လား''

''ဟုတ်ပါတယ် သတိုးရယ်၊ ပြီးတော့ ကိုယ့်လို မုဆိုးဖိုတစ်

ောက်က သတိုးလို အပျိုစင်တစ်ယောက်ကို မမျှော်မှန်းသင့်တာကို

လည်ပါတယ်ကွာ''

''ဟင့်အင်း အချစ်ဆိုတဲ့ အရာအတွက် အဲဒီ ပညတ်ချက်တွေ

ဘာမှ အရေးမပါဘူးလို့ သတိုး ယုံကြည်တယ်''

သူ သတိုးကို မင်သက်ငေးမော ကြည့်နေမိသည်။ သတိုး

က်နှာလေးမှာ သူ ထင်မှတ်ထားသော ဒေါသတို့ လုံးဝကင်းစင်နေ

နရောင် နှုတ်ခမ်းလေးကလည်း ယုံ့ယုံ့လေး ပြုံးနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"သ သတိုး ကိုယ့်ကို စိတ်မဆိုးဘူးပေါ့နော်"

"စိတ်မဆိုးဘူး ဒါပေမဲ့ မကျေနပ်တာ အမှန်ပဲ"

"ဟင်"

"ဟုတ်တယ် သတိုးနဲ့ ကိုမိုး အမြဲလိုလို ဆုံတွေ့နေရ... သတိုးကို ကိုယ်တိုင်ဖွင့်မပြောဘဲ တခြားသူတွေကို အရင်လျှောက်... နေတာကို မကျေနပ်တာ"

မျက်ခုံးလေးတွေ တမင်စုကျုံ့ကာ သတိုး သူ့ကို မျက်... လုလုလေးထိုးတော့ သူ့ရင်ထဲမှာ လှပ်ခနဲ ခံစားရသည်။

"သတိုးရယ် ကိုယ့်ဘဝက သတိုးနဲ့"

"လာပြန်ပြီ ဒီစကား အခု သတိုး ကြားချင်တာ ဒီစကားမ... ဘူး ကိုမိုးရင်ထဲက စကားကို ထပ်ကြားရင်ခုန်ချင်တာ"

"နေဦး ကိုယ် အိပ်မက်မက်နေတာလားလို့ ကိုယ့်ကို... သေချာအောင် မေးကြည့်ပါရစေဦး"

သူပြောရင်း ကိုယ့်လက်မောင်းကိုဆိတ်ကာကြည့်တော့ သ... သဘောကျကာ ရယ်နေသေးသည်။

မြသတိုးဆိုသော ချစ်သူလေး ချစ်ခြင်းကို သူပိုင်ဆိုင်ခဲ့ရ... သိပ်ကို အိပ်မက်ဆန်လွန်းပါသည်။

အထီးကျန် ဆန်ခဲ့ရသော နှလုံးသားအတွက် မြသတိုးသ... ကန္တာရထဲက အိုအေစစ်လေး တစ်ခုဖြစ်ခဲ့သည်။

■ ■ ■



## အခန်း (၉)

ထိုမှ အစပြုခဲ့သော သူနှင့်သတိုး၏ ချစ်သူသက်တမ်း တစ်...ာက်တွင် သတိုး၏ ယုယကြင်နာတတ်သော ချစ်ခြင်းတွေကို သူ...ိုင်ခဲ့တာလည်း အမှန်ပင်ဖြစ်သည်။

သတိုး၏ ဂရုစိုက်မှု ကြင်နာမှုတွေကို သူ ကြည်နူးကျေနပ်မိပေ...မဲ့ သတိုးနှင့်အတူ ယှဉ်တွဲသွားရလျှင် စိတ်က မလုံခြုံသလို ခံစားမိ...သည်။

သတိုးနှင့် သူ့ကြားမှ အသက်အရွယ် ကွာခြားမှုကြောင့် ဖြစ်...ို ငယ်ရွယ်နုပျိုချောမောသော မြသတိုးကို လက်ထပ်ယူဖို့အတွက် ...စိတ်မှာ မဝံ့မရဲ ဖြစ်မိ၏။

"ကိုမိုးတို့များ ကံကောင်းလိုက်တာဗျာ မြသတိုး အချစ်ကို ...ယ်လိုရအောင် ယူခဲ့တာလဲဗျ အဆောင်ကောင်းလေးရှိရင် မပေးဦးဗျ



www.burmeseclassic.com

www.burmeseclassic.com



ဟဲ ဟဲ''

"ဟုတ်ပါ့ဗျာ မနာလိုစရာကောင်းလောက်အောင် မြသတိုး[...]
ခင်ဗျားကို တကယ်ချစ်ပုံပဲ အမြဲတတွဲတွဲပဲဗျို့''

မိတ်ဆွေ အပေါင်းအသင်းတွေက နောက်ပြောင်ကြတိုင်း [...]
မျက်နှာပူပူနှင့် ဖြစ်တတ်စမြဲ။

''ပတ်ဝန်းကျင်ကို ကို ဘာလို့ ဂရုစိုက်တာလဲ ဟုတ်တယ်[...]
သတိုးက ကိုကို သိပ်ချစ်တယ်၊ ဘာဖြစ်လဲ မနာလိုဝန်တိုလို့ ပြောတ[...]
တွေ လုံးဝဂရုမစိုက်ဘူး''

သတိုးက သူ့ထက် ပြတ်သားရဲရင့်သူ ဖြစ်သည်။ အံ့သြသ[...]
ဝိုင်းကြည့်ဝေဖန်သူတွေကို ဥပေက္ခာပြုနိုင်သည်။

''သတိုးရယ် သတိုးက ပတ်ဝန်းကျင်ကို ဥပေက္ခာပြုထား[...]
ပေမယ့် ကိုယ်က လိပ်ပြာမလုံသလို ခံစားရတယ်''

''လာပြန်ပြီ ဒီစကား ကိုနဲ့သတိုး အသက်ဆယ်နှစ်ကျေ[...]
ကွာတာ ပြီးတော့ ကိုက မုဆိုးဖို ဒါတွေကိုပဲ ကို ပြောမလို့မဟုတ်လာ[...]
အဲဒါတွေက သတိုးနဲ့ ကိုအတွက် အရေးမပါဘူးလေ''

''သတိုးဘက်ကကြည့်ရင် နစ်နာမှာ စိုးလို့ပါကွာ''

''ဘာကို နစ်နာတာလဲ ကိုကို သတိုး သိပ်ချစ်တယ်၊ သ[...]
နှလုံးသားက ချစ်တဲ့သူကို သတိုးချစ်ခွင့်ရတာ သတိုး အရမ်းကံကော[...]
တာပဲလေ''

သတိုးသည် ချစ်ခြင်းအတွက်ကလွဲ၍ ဘာကိုမှ ဂရုမစိုက်[...]





[...]နှစ်ယောက် ဘဝအတွက်လည်း သတိုးသည် ရည်မှန်းချက်ကြီးမား
[...]သည်။ သူနှင့်အတူ တည်ဆောက်မည့် ဘဝလေးတွင် သူမ၏ စီးပွားရေး
[...]ငန်းတွေကို လျော့ချပစ်ဖို့အထိ စီစဉ်နေခဲ့၏။

''ကိုနဲ့ လက်ထပ်ပြီးရင် ကိုအနားမှာ အမြဲနေနိုင်အောင် သတိုး
[...]ရွယ်ထားတယ်၊ မြသတိုးက ကိုရဲ့ အိမ်ထောင်ရှင်မကောင်းပဲဖြစ်ရ
[...]လေ''

သူနှင့်အတူ တည်ဆောက်မည့် ဘဝလေးအတွက် သတိုးက
[...]ရဲ့ အောင်မြင်နေသော စီးပွားရေးလုပ်ငန်းတွေကိုတောင် ဥပေက္ခာ
[...]ခဲ့သည်။

ဒါ သတိုးရဲ့ ကြီးမားသောချစ်ခြင်းဟာ သူ နားလည်ယုံကြည်
[...]သည်။

တကယ်ဆို သူ့အတွက် အိမ်ထောင်ရေးဆိုတာ ကံမကောင်းခဲ့
[...] ဘယ်တော့မှ အိမ်ထောင်ပြုဖို့ စိတ်မကူးခဲ့၊ မြသတိုးနှင့် ဆုံတော့မှ
[...]ည်း ရည်မှန်းချက်တွေ ပြောင်းခဲ့သည်။

သတိုးကို သူ မြတ်နိုးသည်။ သတိုးရဲ့ ယုယကြင်နာမှုတွေကို
[...]ိုင်ချင်သည်။

တစ်ချိန်မှာ သတိုး မျှော်လင့်သော အိမ်ထောင်ရှင်ဘဝလေးကို
[...]ည်း တည်ဆောက်ချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"သတိုး လား"

ဖုန်းထဲက ကြားရသော ကို့ အသံကြောင့် သတိုး ကြည်နူ
ကြိုက်စွာ ပြုံးမိရင်း

"ဟုတ်တယ် ကို ကို နိုးပြီလား"

"အင်း အခုပဲနိုးတာ ရေချိုးခန်းဝင်မလို့ စောစောစီးစီး သ
ကိစ္စရှိလို့လဲဟင် သတိုး"

"အရမ်းအရေးကြီးတဲ့ ကိစ္စရှိတယ် ကို ရေမိုးချိုးပြီးတာ
သတိုးအိမ်ကို လာခဲ့နော်"

သတိုးစကားကြောင့် တစ်ဖက်က စက္ကန့်ပိုင်းမျှ စကားသံဝေ
တိတ်ဆိတ်သွားခဲ့သည်။ ပြီးမှ





"ဘာကိစ္စလဲ သတိုး သတိုးဒီနေ့ အလုပ်မသွားဘူးလား။ နေမ
ကောင်းလို့လား"

"နေကောင်းပါတယ်ကိုရဲ့ သတိုး ဒီနေ့ အလုပ်မသွားဘူး"

"ကိုယ်က အလုပ်သွားရဦးမှာ"

"အရင်ဆုံး သတိုးဆီကို လာခဲ့ပါကိုရယ်၊ အရမ်းအရေးကြီးလို့
သတိုး စောင့်နေမယ်နော်"

ပြောပြီးသည်နှင့် သတိုး ဖုန်းလေးကို ပိတ်လိုက်သည်။ သတိုး
ကားတွေကြောင့် ကို စိုးရိမ်သွားမှာ သေချာသည်။ ကသုတ်ကရိုက်နှင့်
လောတကြီး ရောက်လာမှာကိုလည်း သိသည်။

သတိုး ဧည့်ခန်းလေးမှာ ထွက်ထိုင်ကာ ကို့ကို စောင့်နေလိုက်
သည်။

သတိုး မျှော်လင့်ထားသည့်အတိုင်း မိနစ်နှစ်ဆယ် သာသာ
လောက်မှာပဲ ကို့ကားလေး ခြံထဲကို မောင်းဝင်လာသည်။

သတိုး ဆင်ဝင်အောက်အထိသွားကာ ပြုံးပြုံးလေး စောင့်ကြို
နေလိုက်၏။

ကားတံခါးဖွင့် ဆင်းလာသော ကို မျက်ဝန်းတွေက သတိုးကို
ကြည့်ကာ မင်သက်နေ၏။ ကို့ကိုကြည့်ကာ သတိုးရယ်လည်း ရယ်ချင်
သည်။ အရေးတကြီး ဖုန်းဆက်ခေါ်သည့် သတိုးက အဝတ်အစား
သစ်သစ်လွင်လွင်နှင့် ဆီးကြိုနေတာကို ကို အံ့သြနေပုံရ၏။

"သတိုး ဘယ်သွားမလို့လဲ ကုမ္ပဏီမသွားဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



''အင်းလေ မသွားပါဘူး''

''ဒါဆို ဘယ်သွားမလို့လဲ ကိုယ့်ဆီဖုန်းဆက်တာ ဘာကိစ္စလဲ အရေးကြီးတယ်ဆိုလို့ ကိုယ်အလောတကြီး ထွက်လာခဲ့ရတာ''

သတိုး ပြုံးပြုံးလေး ရယ်ရင်း ကို့လက်မောင်းကို ခိုတွဲလိုက်သည်။

''ကို စိတ်ကသိကအောက် ဖြစ်အောင်လုပ်မိသွားတာ ဆောရီး နော် တကယ်အရေးကြီးလို့ ခေါ်တာပါ ကဲ သတိုးနဲ့လိုက်ခဲ့နော်''

ကို့ လက်မောင်းကိုဆွဲကာ အိမ်အပေါ်ထပ်အထိ လှေကား အတိုင်း ခေါ်ခဲ့ချိန်ထိကို အံ့သြနားမလည်သော မျက်ဝန်းတွေနှင့် ပါလာ ရှာသည်။

စေ့ပိတ်ထားသော အခန်းရှေ့ရောက်တော့ သတိုး ခြေလှမ်းတွေ ကို ရပ်လိုက်၏။

''အခန်းတံခါး ဆွဲဖွင့်လိုက် ကို''

ကို့ အကြည့်တွေက သတိုးကိုပဲ မျက်မှောင်လေးကျုံ့ ကြည့်နေ တာမို့ သတိုး ပြုံးပြုံးလေး ထပ်ပြောရပြန်ပါသည်။

''ဖွင့်လိုက်ပါ ကိုရဲ့''

သည်တော့မှ ကို တံခါးလက်ကိုင်ဘုလေးကို ဆွဲဖွင့်သည်။ အခန်းထဲကို ခြေတစ်လှမ်း လှမ်းဝင်မိချိန်မှာတော့ ကို မျက်ခုံးတွေ ပင့်တက် ငေးမောသွားခဲ့၏။

ရောင်စုံဖဲပြားလေးတွေနှင့် ပြင်ဆင်ထားသော အခန်း၏ အ





ယ်မှာ စားပွဲတစ်လုံးနှင့် ကြီးမားသော မွေးနေ့ကိတ်ကြီး တစ်လုံးရှိ နေ၏။

''ဟတ်ပီးဘတ်သ်ဒေးပါ ကို''

''ဟင် ဘယ်လို''

''ကိုယ့်မွေးနေ့ရက်တောင် မေ့နေသလား ကိုရဲ့၊ ဒီနေ့ ကို့ရဲ့ လေးဆယ့်တစ်နှစ်မြောက် မွေးနေ့လေ''

သတိုးဆိုတော့မှ မျက်တောင်တွေ ပုတ်ခတ်ကာ မွေးနေ့ကိတ် ကြီးကို တအံ့တသြ ကြည့်ပြန်၏။

''ကို အံ့သြသွားအောင် သတိုး ညကတည်းက ပြင်ဆင်စီစဉ် ထားတာ''

ရောက်စုံ ဖဲပြားတွေနှင့် ညှော်ခံပွဲ ခန်းမငယ်လေးပမာ ပြင်ဆင် ထားသော အခန်းတစ်ခုလုံးကို သူဝေ့ဝဲကြည့်နေသေး၏။ ပြီးမှ သတိုး ကို ပြန်လှည့်ကြည့်ရင်း

''သတိုးရယ် ကိုယ်တကယ် မေ့နေတာ''

''သတိုးက မမေ့ဘူးလေ ဒါကြောင့် စီစဉ်ပေးထားတာ ညတုန်း က ဖုန်းဆက်ပြောမလို့ဘဲ ကို အံ့သြသွားစေချင်လို့ မပြောတာ''

''တစ်ညလုံး သတိုးတစ်ယောက်တည်း စီစဉ်နေခဲ့တာ ပင်ပန်း မှာပေါ့ ကိုယ် သနားလိုက်တာကွာ''

''ဟင့်အင်း မပင်ပန်းပါဘူး ကို့ရဲ့မွေးနေ့လေးမှာ မှတ်မှတ်ရရ ဖြစ်စေချင်လို့ ကဲ ဖယောင်းတိုင်တွေ ထွန်းရအောင်နော်''



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်လက်ကိုဆွဲကာ နှစ်ဦးသား မွေးနေ့ကိတ်လေးဆီ လျှောက်ကြသည်။ ပြီးတော့ စားပွဲပေါ်မှာ အသင့်တင်ထားသော ဖယောင်းတိုင်ဆလေးတွေကို ကိတ်မုန့်ဘေးနားစိုက်ကာ မီးထွန်းလိုက်၏။

အားလုံးအသင့်ဖြစ်တော့မှ သတိုး ရီမုဒ်ခလုတ်လေးကို လှမ်းနှိပ်လိုက်သည်။

''ဟတ်ပီးဘတ်သ်ဒေးတူးယူ … ဟတ်ပီဘတ်သ်ဒေးတူးယူ

မွေးနေ့ဆုတောင်း တေးသွားနှင့် သီချင်းသံလေးက အခန်းထဲမှာ ညင်သာစွာ စီးမျောပေါ်ထွက် လာ၏။

ကိုနှင့်အတူ သတိုးပါ ဖယောင်းမီးလေးတွေကို ပိုင်းကူ မှုတ်ငြိမ်းသတ်လိုက်ကြသည်။

''ပျော်စရာ မွေးနေ့ပေါင်းများစွာ ပိုင်ဆိုင်ပါစေ ကို''

''သတိုးရယ် ကိုယ် အရမ်းဝမ်းသာတယ်၊ ကျေးဇူးတင်တယ်၊ ကိုယ့်တစ်သက်မှာ ဒီလို သတိုး ကျင်းပပေးတဲ့ မွေးနေ့ပွဲလေးက အထူးခြားဆုံးနဲ့ ကြည်နူးစရာ အကောင်းဆုံးပါပဲ''

သတိုး ပခုံးလေးကို ဖွဖွဖက်ထားရင်း ကို လှိုက်လှိုက်လှဲလှဲ ဆိုနေခဲ့သည်။ သတိုး ကိုယ်တိုင်လည်း ကိုရဲ့ ကြည်နူးမှုတွေကို မျှဝေခံစားရင်း ရင်ထဲမှာ ကြည်နူးမိ၏။

''ကို့ကို သတိုး ဒီထက်မကတဲ့ ပျော်ရွှင်မှုတွေကို အမြဲပေး ဆပ်ချင်နေတာပါ ကိုရယ်''

''သတိုးရယ်''





သတိုးအံ့မည်ကို တမြတ်တနိုး ဆွဲဆွဲငင်ငင်လေးခေါ်ကာ ဆံ…ယ်လေးတွေကို ကို ပွတ်သပ်ပေးနေ ပြန်၏။

ဂီတ သံစဉ် ငြိမ်ငြိမ်လေးနှင့်အတူ သတိုးတို့ နှစ်ဦးစလုံး …င်ခုန်သံတွေ စီးမျောငြိမ့်ငြောင်းနေခဲ့သည်။

သတိုးကို သိုင်းဖက်ထားသော ကို့ရင်ခွင်ထဲမှ ခေါင်းလေး …ာကာ မမှိမကမ်းနှင့် ကို့မေးဖျားလေးကို သတိုးမော့နမ်းမိ၏။

''ကိုကို့ သတိုးအရမ်းချစ်တယ် ကို''

သတိုး ပခုံးကို ဆုပ်ကိုင်ပွေ့ဖက်ထားသော ကို့လက်တွေ …င်းတင်းကြပ်ကြပ် ယှက်သိုင်းလာ၏။ သတိုး ဆံနွယ်တွေမှာ မျက်နှာ …ပ်ကာ ကို့ရင်ခုန်သံတွေကို သတိုး ခံစားရင်ခုန်ရပြန်၏။

နွေးထွေးရှိန်းမြစွာ ပူးကပ်ထားသော ရင်အစုံထဲမှ နှလုံးသားတို့ …ည် ချစ်ခြင်း၏ နူးညံ့သိမ်မွေ့သော တောင့်တမှုကို မွတ်သိပ်နေခဲ့၏။

သတိုး မျက်ဝန်းလေးတွေမိတ်လျက် ကိုရဲ့ ယုယကြင်နာမှုတွေ …ို မျှော်လင့်မိ၏။

မော့ထားသော သတိုးမျက်နှာမှ နှုတ်ခမ်းပြင်လေးမှာ ဝင်သက်ထွက် …က်လေပူ နွေးနွေးလေးသာ ကို့ဆီက အနမ်းတစ်ပွင့်အဖြစ် ပိုင်ဆိုင် …ခဲ့သည်။

ထိုထက် ကိုရဲ့ချစ်ခြင်းတွေက ယိုဖိတ်မလာခဲ့ပါ။ တကယ်ဆို …င်သက်ဆိတ်ငြိမ်သော ရပ်ဝန်းလေးတစ်ခုမှာ သတိုးရဲ့ ချစ်ခြင်းတွေကို …ငံ သိမ်းပိုက်သွားနိုင်ပါလျက်



www.burmeseclassic.com

www.burmeseclassic.com

''သတိုးလေး မွှေးနေ့ကိတ်လိုးရအောင်နော်''

သိုင်းဖက်ထားသော လက်တွေ ဖြေလျော့သွားခဲ့ကာ ကို သ

ကို တိုးတိုးလေး သတိပေးသည်။

ကို့ မျက်နှာကို မော့ကြည့်ရင်း သတိုး ခေါင်းလေးညိတ်

သည်။ ကို့ရဲ့ လေးစားကြည့်ညိုစရာ ကောင်းသော တည်ကြည်ရှိသာ

လည်း သတိုး မြတ်နိုးခဲ့ရပါသည်။

''ဒီနေ့ ကိုယ်လည်း ကုမ္ပဏီမသွားတော့ဘူး၊ ကြည်နူး အံ့

စရာ မွေးနေ့လေး ဖန်တီးပေးတဲ့ သတိုးလေးအတွက် ကိုယ် လက်ဆော

တွေ ဝယ်ပေးချင်တယ်၊ သတိုးလေး ဘာလိုချင်လဲ ပြော''

''သတိုး ဘာမှမလိုချင်ပါဘူး ကိုရယ် ကို့ရဲ့ချစ်ခြင်းမေတ္တာ

ပိုင်ဆိုင်ခွင့်ပဲ သတိုး လိုချင်တာပါ''

''သတိုးရယ်''

တင်းတင်းဆုပ်ထားသော ကို့လက်ဖဝါးကို သတိုးလည်း နိ

စွာ ပြန်လည်ဆုပ်ကိုင် ထားမိသည်။

တကယ်ဆို ကို့ထံမှ သတိုး ဘယ်အရာကိုမှ မလိုချင်ပါ။ ကို့

အမြဲယုယ ကြင်နာခွင့်တစ်ခုသာ သတိုး ပိုင်ဆိုင်လိုခဲ့သည်။

ဒါ ကို့ကို သိပ်မြတ်နိုးလို့ပါပဲ။

■ ■ ■



## အခန်း (၁၁)

တကယ်ဆိုလျှင် သိဝှက်မရသော အမှန်တရားကြီးကို သူ သတိုးကို ရိုးသားစွာ ကြိုတင်ဝန်ခံထားသင့်သည်။

အခုတော့ သူ့အဖြစ်က သတိုးအပေါ် လိမ်ညာထားသလို ဖြစ်နေခဲ့သည်။ သတိုးရဲ့ ချစ်ခြင်းက သူ့အပေါ်မှာ ဖြူစင်ရိုးသားမှုတွေနှင့် ကြီးမားသလောက် သူ ထိုအတွက် နောင်တရမိလေလေ ဖြစ်ရသည်။

ချစ်ခြင်းတရား ကင်းမဲ့စွာဖြင့် တည်ဆောက်ခဲ့ဖူးသော အိမ်ထောင်တစ်ခုရဲ့ ဆိုးကျိုးများစွာကို သူ ပိုင်ဆိုင်ခဲ့ရသည်။ ထိုဒဏ်ရာအထိချက်တွေက နှလုံးသားမှာ အမာရွတ်တွေအဖြစ် ကျန်နေဆဲ။

ဒါကို ဘယ်သူမှ မသိနိုင်ခဲ့ကြပါ။ အားလုံး၏ အမြင်မှာ မိုးရိပ်သင်ဆိုသော သူသည် ဇနီးဆုံးပါးကာ အိမ်ထောင်မပြုတော့သော မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဖိုတစ်ယောက်ဟူသာ ရှိခဲ့သည်။

မြသတိုး သည်လည်း ထိုသို့ပဲ သိခဲ့မှာ သေချာသည်။

အမှန်ဆိုလျှင် ဘယ်သူမှ မသိနိုင်၊ မခံစားတတ်သော ဝေဒန

ခံစားချက်မျက်နှာနှင့် သူ ပထမအိမ်ထောင်ရေးက ပြိုကွဲခဲ့တာဖြစ်

ဖေဖေ မေမေတို့အပေါ်မှာ အမြဲတမ်း နာခံလိမ္မာခဲ့သော သာ

တစ်ယောက် ဖြစ်ခဲ့သော သူ သက်မှုူးနွယ် ဆိုသော မိန်းကလေးနှ

လက်ထပ်ပေးမည်ဆိုတော့ ခေါင်းမခါခဲ့ပါ။

''မိန်းကလေးက သားအတွက် သင့်တော်တဲ့ မိန်းကလေးပါ

သူ့မိဘတွေနဲ့ ဖေဖေက ငယ်သူငယ်ချင်းတွေပဲ''

ဖေဖေရဲ့ မိတ်ဆွေဖြစ်သူရဲ့ သမီးနှင့် လက်ထပ်ပေးမည်

တော့ သူ့ဘက်က ငြင်းစရာ အကြောင်းတရားမရှိခဲ့။ ပညာရေး

စီးပွားရေးဘွဲ့ကိုလည်း ပိုင်ဆိုင်ခဲ့ပြီးပြီ ချစ်သူရည်းစားလည်း မရှိခဲ့သေ

သူ၊ ကျောင်းပြီးတော့ ဖေဖေရဲ့ အထည်ချုပ်စက်ရုံမှာ တာဝန်ယူ လု

ကိုင်ခဲ့၏။

အလုပ်မှာပဲ အာရုံနှစ်ကာ သူရှိခဲ့တာမို့ အိမ်ထောင်ရေးကို

ကိုလည်း ခေါင်းထဲမဝင်ခဲ့ပါ။

နောက်ဆုံးတော့ မိဘတွေ ကြည်ဖြူသော သက်မှုူးနွယ်နှ

လက်ထပ်ခဲ့ရသည်။

သက်မှုူးနွယ်က ချောသည်။ လှသည်။ ပြီးတော့ ပညာတ

သလို မိဘအသိုင်းအဝိုင်းက ကြွယ်ဝချမ်းသာသည်။





သက်မှုူးခင်ဆိုသော အစ်မတစ်ယောက်ပဲ သူမမှာ မွေးချင်း

အဖော်တစ်ယောက်သာ ရှိသည်။

သူမထက် ငါးနှစ်မျှကြီးသော အစ်မ သက်မှုူးခင်က အိမ်

ထောင်ရေးကို စိတ်မဝင်စားသော အပျိုကြီးဖြစ်သည်။ မိဘရဲ့ စီးပွားရေး

လုပ်ငန်းများစွာကို ဦးဆောင်ပေးနေသူပဲ ဖြစ်၏။

သူနှင့် သက်မှုူးနွယ်တို့ အိမ်ထောင်ဦး ကာလများသည် ပြဿ

နာကင်းစင် အေးချမ်းခဲ့သည်။

သားလေး လင်းခြိမ့် ပိုင်ဆိုင်သည်အထိ အပူအပင် ကင်းစင်

ငြိမ်းချမ်းခဲ့သည်။ သူကလည်း ဇနီးနှင့်သားကို သံယောဇဉ်နှင့် ခင်တွယ်

နှစ်ခင်ခဲ့သည်။

ပြဿနာ၏ အစပိုင်းကာလများက အဖေနှင့် အမေဆုံးပါး

သွားပြီးချိန်မှာ ဖြစ်သည်။

''မောင် နေ့လည်က မမကြီး လာသွားတယ်''

''ဟုတ်လား သူ့တူကို လာတွေ့တာလား နွယ်''

''ဟုတ်တယ် မောင် သားကို လာတွေ့ရင် မမကြီးက ပြောသွား

သေးတယ် နွယ်တို့ မိသားစုကို အိမ်မှာလာနေကြတဲ့''

''ဘာလို့လဲနွယ်ရဲ့ ဒီမှာမောင်တို့နေရတာ အဆင်ပြေနေတာပဲ

လေ''

''မဟုတ်ဘူးလေ မောင်ရဲ့ မောင်စက်ရုံသွားတဲ့ အချိန်တွေမှာ

နွယ်တို့ သားအမိနဲ့ ထမင်းချက်ကြီးပဲ ကျန်ခဲ့တာကို မမကြီးက စိတ်မချ



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့၊ ပြီးတော့ အိမ်မှာကလည်း မမကြီးတစ်ယောက်တည်း နေ ဆိုတော့ နှယ်တို့ကို အဖော်အဖြစ် လာနေစေချင်ပုံပါ''

နှယ် စကားကို သူ လက်ခံပါသည်။ နှယ် မိဘနှစ်ပါး မြန်မာပြည်မှာ မရှိကြပါ။ နှယ်တို့ ဖခင်ပိုင်ဆိုင်သော ကုမ္ပဏီ အမေရိကားမှာ သွားနေကြသည်။

''နှယ့် အစ်မတစ်ယောက်တည်း ဆိုတော့လည်း ကိုယ် သွားနေပေးလို့ ရပါတယ်၊ နှယ်တို့နေချင်တယ်ဆိုရင် နေကြတာ

နှယ်တို့ ညီအစ်မ အဆင်ပြေမှုအတွက် သူ နှစ်ပြုံးလက်ခံခဲ့သ နှယ်တို့အိမ်နှင့် သူ့ရဲ့ အထည်ချုပ်စက်ရုံကလည်း သိပ်မဝေးလှတာ သူ့အတွက် အဆင်ပြေပါသည်။

■ ■ ■

သက်မှူးခင်တို့ အိမ်ရောက်စက ဘာပြဿနာမှ မရှိခဲ့ကြ နှယ်တို့ညီအစ်မ အတူဆုံကြတာမို့ အဆင်ပြေသည်။

တကယ်ဆို သက်မှူးခင်သည်လည်း မနက်မိုးလင်းသည် ကုမ္ပဏီအလုပ်ကို သွားရတာ နေ့စဉ်ဖြစ်သည်။ သူကလည်း စက်ရုံ ရတာမို့ နှယ်တို့ သားအမိသာ ကျန်ရစ်ခဲ့သည်။

ထမင်းချက် မိန်းမကြီးနှင့် အိမ်ဖော်မလေးအပြင် ခြံစောင့် လင်မယားပါ ရှိတာမို့ နှယ်တို့သားအမိအတွက် ပူစရာမရှိခဲ့ပါ။ နှယ် ညီအစ်မ စိတ်ချမ်းသာမှုတစ်ခုအတွက် သူ ထိုအိမ်ကို ပြောင်းရွှေ့ ထိုင်ပေးခဲ့တာဖြစ်၏။





ပြဿနာ၏ တရားခံကား သက်မှူးခင် ပင်ဖြစ်သည်။

''မောင် မမကြီးက မောင့်ကို သူ့ရဲ့ကုမ္ပဏီတစ်ခုမှာပဲ လုပ်စေချင်တယ်တဲ့''

''ဟင် ဘာဖြစ်လို့လဲ နှယ်ရဲ့ ကိုယ့်မှာက အထည်ချုပ်စက်ရုံ အလုပ်နဲ့လေ''

''အဲဒီ စက်ရုံကို ရပ်ပစ်လိုက်ပြီး ကုမ္ပဏီအလုပ်တစ်ခုကို မောင် တာဝန်ယူပေါ့၊ ဒယ်ဒီတို့ကလည်း မောင့်ကို နှယ်တို့ပိုင်တဲ့ ကုမ္ပဏီမှာပဲ လုပ်စေချင်တယ်လေ''

''လက်ရှိ မမသက်မှူးခင် အားလုံးကို ဦးစီးပေးနေတာပဲ မဟုတ်လား နှယ်ရဲ့''

''ဟာ မောင်ကလည်း မမကြီးက တစ်ယောက်တည်း ဘယ်နိုင် မှာလဲ လူယုံတွေနှင့် လွှဲထားရတာ လူယုံဆိုတာက ကိုယ့်သွေးသားရင်း မဟုတ်ရင် ဘယ်မှာစိတ်ချရမှာလဲ၊ ပြီးတော့ အခုကုမ္ပဏီအလုပ်တွေက ခွဲလိုက်ရင် မမကြီးနဲ့နှယ်ပဲ ခွဲဝေပိုင်ဆိုင်ရမှာ အခုကတည်းက မောင် လုပ်ကိုင်ထားရင် ပိုအဆင်ပြေတာပေါ့''

နှယ်ပြောတာလည်း မမှားပါ။ သို့ပေမယ့် ဖေဖေရဲ့အမွေ အထည်ချုပ် စက်ရုံကိုတော့ သူ့လက်ထက်မှာ မပျက်စီးစေချင်ပါ။

''မောင်ရယ် နှယ် မိဘတွေအလုပ်ကလည်း မောင်ရဲ့ အလုပ်ပဲ နှယ်တို့ သားလေး အနာဂတ်အတွက် ထည့်စဉ်းစားပြီး တယ်ယ် အဆင်ပြေကြီးပွားမယ့် အလုပ်ကိုပဲ မောင်လုပ်စေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့ အထည်ချုပ်စက်ရုံ အလုပ်လေးက နွယ်တို့ရဲ့ စီ
ရေး လုပ်ငန်းတွေလောက် အကျိုးမဖြစ်တာကိုတော့ သူ လက်ခံရ
ဖြစ်သည်။

နောက်ဆုံးတော့ နွယ်ရဲ့ ဆန္ဒအတိုင်းပဲ သူ လက်ခံပေးခဲ့သ
အထည်ချုပ်စက်ရုံကို အပြီးရောင်းချကာ နွယ်မိဘတွေ ပိုင်ဆိုင်
ကုမ္ပဏီအလုပ်တစ်ခုမှာ သူ ဦးဆောင် တာဝန်ယူခဲ့သည်။

တကယ်ဆို ထိုအခြေအနေ အားလုံးသည် နွယ် မ
သက်မှူးခင်၏ စီမံသွေးထိုးပေးမှုတွေဟု သူ သိလိုက်ရချိန်မှာ..

■ ■ ■

"ဘယ်လို နွယ် ဘာပြောလိုက်တာလဲ"

"ဩော် မောင် အခုလုပ်နေတဲ့ ကုမ္ပဏီကို ဆက်မလုပ်နဲ့
လို့ ပြောတာပါ၊ မမကြီးရဲ့ အီလက်ထရောနစ် ကုမ္ပဏီကို မောင်
လုပ်လေ"

နွယ့်စကားကို သူ နားမလည်နိုင်အောင်ဖြစ်သည်။ လ
သူ လုပ်ကိုင်နေသော သွင်းကုန်ထုတ်ကုန် ကုမ္ပဏီက စားသောက်
တွေ ရောင်းချသော ကုမ္ပဏီဖြစ်သည်။

ဒီကုမ္ပဏီမှာ သူ လုပ်ခဲ့တာ တစ်နှစ်နီးပါးရှိပြီး အသား
အဆင်ပြေနေကာမှ တခြားကုမ္ပဏီကို ပြောင်းလဲတာဝန်ယူ ရမည်
မဟုတ်သေးဟု ထင်သည်။

"မဟုတ်သေးဘူး ထင်တယ် နွယ် အခု ကိုယ်လုပ်နေတဲ့





အခုမှ အသားကျ အဆင်ပြေနေရုံပဲ ရှိသေးတယ်၊ အမှန်ဆို မောင်
င်နီးသဘောတွေ နားလည်အောင် အတော်ကြိုးစားခဲ့ရတာ တ
ယ်သိကျွမ်း နားလည်ချိန်ကျမှ တခြားကုမ္ပဏီ ထပ်ပြောင်းရမှာ မ
ဘ်သေးဘူး၊ ပြီးတော့ အီလက်ထရောနစ် ပစ္စည်းတွေအကြောင်းက
င် ဘာတစ်ခုမှ နားမလည်သေးဘူး"

"မင်းချက်ချင်း နားမလည်သေးလည်း နောက်တော့ နားလည်
ဘ်ကျွမ်းလာမှာပါ"

နွယ့်ကို ရှင်းပြနေတုန်း ရောက်လာကာ သက်မှူးခင် ဝင်ပြော
သည်။ သူ မမကြီးကိုပဲ ထိပ်တိုက်ရှင်းလင်း ပြောပြရပြန်၏။

"အဲဒီလို တတ်ကျွမ်းဖို့အတွက် ကျွန်တော်ထပ်ပြီး အချိန်ယူ
ာပေါ့ မမကြီး"

"ဒါတော့ ဘယ်အလုပ်မဆို မွေးကတည်းက ဘယ်သူမှ မတတ်
ကြပါဘူး"

မမကြီး စကားကို ကပ်ပြောနေပြီး နွယ်ကို သူလှမ်းကြည့်
ာ့ ဘာမှ ဝင်မပြောဘဲ နှုတ်ဆိတ်နေ၏။

"မမကြီးပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ကျွန်တော်
င်က အထည်ချုပ် စက်ရုံလုပ်ငန်းလုပ်တယ်၊ နွယ်ရဲ့ဆန္ဒကြောင့်
လုပ်ငန်းကို ဖျက်သိမ်းပြီး စားသောက်ကုန် ကုမ္ပဏီမှာ လုပ်ရတယ်
အဆင်ပြေကျွမ်းကျင်နေမှ နောက်ကုမ္ပဏီလုပ်ငန်းသစ် ပြောင်းလုပ်
ာ မဟုတ်သေးဘူး"



www.burmeseclassic.com

''ဘာမဟုတ်သေးတာလဲ မိုးရိပ်ထင်၊ မင်း အဲဒီကုမ္ပဏီ

မသွားနိုင်အောင် ဘယ်သူက ဆွဲဆောင်ထားသလဲ''

''ဗျာ''

မမကြီး စကားကို သူ နားမလည်နိုင်အောင် ဖြစ်သွားခဲ့သည်

စကားအဓိပ္ပါယ်က တစ်ခုခုတော့ လွဲချော်နေပြီ ထင်သည်။

''ငါ ရှင်းရှင်းပဲ ပြောမယ် မိုးရိပ်ထင်၊ မင်းကို လက်ရှိအလုပ်

မလုပ်စေချင်တာ အကြောင်းရှိတယ်၊ မင်းနဲ့ မင်းရုံးခန်းထဲက အတွ

ရေးမှူးမလေး အခြေအနေကို သဘောမကျလို့ပဲ''

မမကြီး စကားကြောင့် သူ ထောင်းခနဲ ဒေါသထွက်သွာ

သည်၊ ဒီစကားက သူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကို စော်ကားလိုက်တာ

ဖြစ်၏။ တကယ်ဆို သူသည် ဝန်ထမ်းငယ်သားတွေ အပေါ်မှာ စည်

ဘောင်ထားကာ ဆက်ဆံတတ်သူ ဖြစ်သည်။

''ဒါတော့ ကျွန်တော့် ကိုယ်ကျင့်သိက္ခာကို မမကြီး စော်က

လိုက်တာပဲ''

''မင်း ထင်ချင်သလို ထင်နိုင်တယ်၊ ငါက ငါ့ညီမလေး ဒုက္

ရောက်အောင် စီမံရမှာပဲ မင်းကို အထည်ချုပ်စက်ရုံ အလုပ် မလုပ်စေ

တာလည်း ဒါကြောင့်ပဲ ငါ့ညီမလေးက ဘာမှမသိပဲ အိမ်ထဲမှာပဲ နေ

တာ ယောကျ်ားဆိုတာကတော့ အခွင့်အရေးရရင် ရသလို ယူကြ

သူချည်းပဲ''

''မမကြီး စကားတွေ တရားလွန်နေပြီ''





''ဟော့ မင်းငါ့ကို အော်စရာ အကြောင်းမရှိဘူး''

သူကို လက်ညှိုးထိုး အော်ဟစ်ကာ ရူးရူးရဲရဲ ကြည့်နေသော

မှူးခင် မျက်ဝန်းတွေထဲမှာ မာနရောင်စဉ်တို့ ဖြာလဲ့နေခဲ့သည်။

ဘယ်လောက် နာကျင်ခံပြင်းဖို့ ကောင်းသည်လဲ။ အားလုံးကို

မှူးခင် ချုပ်ကိုင် ခြယ်လှယ်နေခဲ့မှန်း သူ အခုမှပဲ သိရတော့သည်။

ဆုံးက သူ့ရဲ့ ကိုယ်ကျင့်တရားကို မမကြီး စော်ကားလိုက်တာပဲ

''ဒီမှာ မိုးရိပ်ထင် မင်း အခုလုပ်နေတဲ့ လုပ်ငန်းတွေက မင်းပိုင်

တဲ့ လုပ်ငန်းတွေ မဟုတ်ဘူး။ ငါ့မိဘတွေ ပိုင်ဆိုင်တဲ့ လုပ်ငန်းတွေပဲ

ရှိအားလုံးကို ဦးစီးနေတာကငါပဲ၊ ဒီတော့ မင်း ငါ့ညွှန်ကြားတဲ့

ိုင်းပဲ နာခံပါ''

ဂုဏ်မာန မာန်မောက်သော စကားတွေနှင့် မမကြီး သူ့ကို

ိုက်လာတာတော့ သူ လက်မခံနိုင်ပါ။

''ဒီမှာ ဒေါ်သက်မှူးခင် မိုးရိပ်ထင် ဆိုတဲ့ကျွန်တော်က ခင်ဗျား

ိုင်ဆိုင်မှုတွေအပေါ် တွယ်မက်နေတဲ့ကောင်မဟုတ်ဘူး၊ ဒါတွေကို

ာပြီး ဒီအိမ်ပေါ်တက်လာတယ် ထင်နေသလား၊ ဆောရီးပဲ ကဲ

မင်းကိုယ်နဲ့ အခုပြန်လိုက်ခဲ့''

''ညီမလေး လိုက်သွားစရာ မလိုဘူး၊ အနာပေါ် တုတ်ကျသလို

ဆတ်ခါ နာနေတဲ့ ယောကျ်ားတစ်ယောက်က ငါ့ညီမလေးအပေါ်မှာ

ခုံခြုံမှုမှ ပေးနိုင်မှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



နွယ် သူ့ကိုတစ်လှည့် အစ်မဖြစ်သူ မျက်နှာကိုတစ်လှည့် ကြ

ရင်း မျက်ရည်တွေ ဝိုင်းလာ၏။

"နွယ် မင်းကိုယ်နဲ့လိုက်မလား နေခဲ့မလား"

"မောင် မသွားပါနဲ့"

"ဘာလဲ နွယ် ငါက မင်းတို့အရိပ်မှာနေ မင်းတို့ခိုင်းတာလု

နေရမယ့် ကောင်လား။ ဒီမှာ ငါ့ကိုယ်ကျင့်တရားကို စော်ကားလိုက်

ကတည်းက ငါသည်းခံမှု အတိုင်းအတာကုန်သွားပြီ"

"ဒါဆိုလည်း မင်းအမြန်ဆုံး သွားတော့ မိုးရိပ်ထင် ငါ့ညီမ

တော့ မင်းနဲ့မထည့်နိုင်ဘူး"

"နွယ် မင်းစကားပဲ ငါကြားချင်တယ်"

"နွယ် နွယ်မလိုက်ပါရစေနဲ့ မောင်"

အစ်မဖြစ်သူရဲ့ လောင်းရိပ်အောက်က ရုန်းမထွက်နိုင်သေ

နွယ်ကို သူ နာကျင်စွာကြည့်ရင်း

"ကောင်းပြီ ဒါဆို ကိုယ်သွားမယ် သား လင်းခြိမ့် ဖေဖေ

လိုက်ခဲ့"

"အို နွယ်သားကို မခွဲနိုင်ဘူး"

"မေမေ မေမေ သား မေမေနဲ့ နေပါရစေ"

သားက နွယ် ရင်ခွင်ထဲ ပြေးဝင်ရင်း ငိုသည်။ နွယ်ကလ

မျက်ရည်တွေကြားက သားကို ဖက်ထားရှာသည်။

ငါးနှစ်တောင် မပြည့်တတ်သေးသော သားသည် အခု





ခင်ဖြစ်သူကို ခင်တွယ်နေတာ သူ နားလည်ပါသည်။

"မင်း ငါ့တူကိုလည်း ခေါ်သွားစရာ အကြောင်းမရှိဘူး"

သက်မှူးခင် မျက်နှာကို သူ ထပ်ပြီးမတွေ့ချင်တော့ပါ။ မိသားစု

ကြားမှာ ခလောက်ဆန်သော မိန်းမ။ သူ့ဒေါသတွေ မပေါက်ကွဲခင်

နဲ့ ကျောခိုင်းထွက်ခဲ့သည်။

သားနှင့်နွယ်တို့ ရှိုက်ငိုသံတွေကိုလည်း သူ ဥပေက္ခာပြု ပစ်လိုက်

သည်။ ရင်ထဲမှာ ဒေါသ၊ နာကျင်ခံပြင်းမှုတွေ ထုထည်ကြီးမားစွာ တည်ရှိ

ခဲ့တာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

နောက်ဆုံးတော့ သူနှင့်နွယ်တို့ ဝေးခဲ့ကြသည်။ အဓိက တရား

သည် သက်မှူးခင်ပဲ ဖြစ်သည်။

နွယ် မိဘတွေကလည်း၊ သမီးဖြစ်သူ သက်မှူးခင် စကား

ယုံကြည်သွားခဲ့ကြသည်။ သူသည် သစ္စာမဲ့သော ယောကျ်ားဟု သတ်မှ

ခဲ့ကြသည်။

''ဒီကောင် အိမ်ရိပ်တောင် မနင်းစေနဲ့''

''သမီးနဲ့ မြေးလေးကို မာမီတို့ အပြည့်အဝ တာဝန်ယူတယ်

သမီးယောကျ်ား မျက်နှာကိုတော့ မာမီ မမြင်ချင်တော့ဘူး''

တစ်ဖက်သက် စွပ်စွဲချက်တွေနှင့် တုံ့ပြန်သော စကားတွေ

သူ နာကျင်ခံပြင်းစွာ အံကြိတ် တိတ်ဆိတ်နေခဲ့သည်။





ဘာမှ ဆင်ခြင်မတွေးတောဘဲ အစ်မဖြစ်သူ စကားကိုပဲ ယုံ

ည်ခဲ့သူ နွယ့်ကိုလည်း စိတ်နာသည်။ နွယ့် မိဘစကားတွေကိုလည်း

က်သည်။ ပြီးတော့ သက်မှူးခင်ကိုတော့ အသည်းမှာ ဒဏ်ရာစွဲ

င် နာကျင်သည်။

တကယ်ဆို မိသားစုတာဝကို သူ ပြည့်ဝစွာ တာဝန်ယူနိုင်ပါလျက်

ယ်တို့ အသိုင်းအဝိုင်းထဲ ဝင်ခဲ့မိတာအမှား။

နာကျင်မှုတွေကို ခွန်အားတွေအဖြစ် သူ ပြောင်းလဲကြိုးစား

ည်။ မာနတရားနှင့် နွယ်တို့ မိသားစုကို သူ့ရင်ထဲက အပြီးတိုင်

စ်ခဲ့သည်။

ချစ်ခြင်း အရင်းမခံဘဲ တည်ဆောက်ခဲ့မိသော အိမ်ထောင်တစ်

တွက် ရင်မှာ နောင်တတွေလည်း အခါခါရမိ၏။

သားကိုတော့ သူ သံယောဇဉ်ကြီးမားခဲ့ပေမယ့် စောင့်ရှောက်ခွင့်

တော့ မရနိုင်ခဲ့ပါ။ ငယ်ရွယ်လွန်းသော သားကို မိခင်ရင်ခွင်အောက်မှာ

ပါစေဟု သူ ဖြေသိမ့်ခဲ့သည်။

သူကြိုးစား ရှာဖွေသမျှသည် တစ်ချိန်မှာတော့ သားအတွက်ပဲ

ည်ဟု ရည်ရွယ်ထားခဲ့သည်။

သား အသက်ဆယ့်တစ်နှစ်ကျော်မှာ မမျှော်လင့်သော သတင်း

ကို သူ ကြားရသည်။ သက်မှူးနွယ် ဆုံးပြီဆိုသော သတင်းပဲ

သည်။

ရင်မှာ ထိရှခံစားရခြင်း မဟုတ်ပေမယ့် စိတ်တော့မကောင်း



www.burmeseclassic.com

www.burmeseclassic.com



မိပါ။ သားဆိုသော နောင်ကြိုးတစ်ချောင်းကြောင့်တော့ နွယ်ရဲ့ နာရေးကိုတော

သူ ရောက်ခဲ့သည်။

ရင်မဆိုင်ချင်သော သက်မှူးခင် မျက်နှာကို ထပ်ရင်ဆိုင

သည်။ သူမသည်လည်း မာနဂုဏ်တို့နှင့် မောက်မာဆဲ ဖြစ်သလို သူ

ထဲမှာလည်း နာကျင်ခံစားခဲ့ရသော ဒဏ်ရာတို့ အသစ်ပြန်ဖြစ်စေခဲ့

"မင်း ဘာလာလုပ်တာလဲ မိုးရိပ်ထင် လာစရာ အကြော

မရှိဘူး"

"ကျွန်တော်လာတာ သား ဆီလာတာ"

"လာစရာ အကြောင်းကိုမရှိတာ မိုးရိပ်ထင် တကယ်ဆို

မလေး သေဆုံးခဲ့ရတာလည်း မင်းကြောင့်ပဲ"

"ဘာ ဘာပြောတယ်ဗျ"

"ဟုတ်တယ် မင်းရဲ့ ဥပေက္ခာတရားတွေကြောင့် ညီမလေး

အထီးကျန်ခဲ့ရရှာတာ ထားတော့ အဲဒါတွေ ငါပြန်မပြောချင်ဘူး၊ မင

အချိန်ထိ မပတ်သက်ဘဲနေလာပြီးမှ ငါ့တူလေးဆီ လာစရာ အကြောင

ဘူး၊ ဘာအတွက် မင်းလာတာလဲ"

"သားကို အုပ်ထိန်းခွင့်အတွက်ပေါ့ဗျာ သားရဲ့မိခင် မရှိတေ

ဘူးဆိုတော့ ဖခင်ဖြစ်တဲ့သူ အုပ်ထိန်းခွင့်ရှိတယ်"

"ဘယ်တော့မှ မပေးနိုင်ဘူး မိုးရိပ်ထင်"

"မပေးလို့ မရဘူး ဒေါ်သက်မှူးခင် သားက ငါ့ရဲ့သား ငါ့ရဲ့ဓ

ပဲ ငါပဲ အုပ်ထိန်းခွင့်ရှိတယ်၊ မင်းတို့မိသားစုရဲ့ ဂုဏ်မာန်မောက်





တ်ခါတ်တွေ သားဆီမှာ မရှိစေရဘူး"

သူ့ဘက်ကလည်း တစ်ချက်မလျော့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားခဲ့

သည်။ တကယ်လည်း မိုးရိပ်ထင်ဆိုတာ လင်းခြိမ့်ရဲ့ ဖခင်မို့ ဘယ်လိုပဲ

ရင်ဆိုင်ဆိုင် သူသာနိုင်မည်ဟု ယုံသည်။

ဒါပေမဲ့ သားနှုတ်က ထွက်လာသော အဆုံးအဖြတ်စကားက

သူ့ရင်ကို ဆို့နစ်နာကျင်စေ၏။

"သား အန်တီတို့ ဘွားဘွားတို့နဲ့ပဲ နေပါရစေ ဒယ်ဒီ"

ဖခင်ဖြစ်သူနဲ့ သံယောဇဉ် ဝေးကွာစေခဲ့မှုက သားနဲ့သူ့ကြားမှာ

ပြတ်စေသည်လား။

"မြေးကို ငါတို့နဲ့အတူ နေခွင့်ပေးပါ မောင်မိုးရိပ်ထင် သမီးရဲ့

ယ်စားပေါ့"

နွယ့် မိဘတွေကပါ တောင်းဆိုကြသည်။ သားကိုယ်တိုင်က

ဘွားများနှင့် အန်တီဖြစ်သူကို သံယောဇဉ် နှောင်နေကြပြီ။

"ကောင်းပြီလေ သား ပျော်သလောက်နေပေါ့ သားကို ကျောင်း

ဖေဖေမကြာခဏ လာတွေ့မယ်"

သားအဖ နှစ်ယောက်ကြားမှာ နှောင်ကြိုးတွေဖွဲ့နှောင်ဖို့ တစ်ခု

တော့ လိုအပ်နေတာ သူသိသည်။ သားရဲ့ ခင်တွယ်မှုကို တဖြည်းဖြည်း

ငံ့ပြီး ပိုင်ဆိုင်အောင် ကြိုးစားရတော့မည်။

သားကိုကျောင်းမှာ သူ မကြာခဏ သွားတွေ့ခွင့်ကိုတော့ သူတို့

ပြစ်မနေပေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက် တနင်္ဂနွေတွင်လည်း သားကို သူ အပြင်

လည်ပတ်ခွင့်ရခဲ့သည်။

သူ့အပေါ် မဝံ့မရဲ ဖြစ်နေသော သားနှင့် ရင်းနှီးကျွမ်းဝ

ရအောင် သူကြိုးစားရတာ ခက်ခဲလှသည်။ သားသည် မိသားစု

ဥပေက္ခာပြု စွန့်ပစ်တတ်သော ဖခင်တစ်ယောက်ဟု သူ့ကို ထင်မြင်

နေသည်လား မသိ။

"သား ဘာလိုချင်လဲ ဘယ်သွားချင်လဲ ဖေဖေ့ကိုပြောနေ

"ဟင့်အင်း သားဘာမှ မလိုချင်ပါဘူး ဘယ်မှမသွားချင်

ဒယ်ဒီ"

"ဒါဆို ဖေဖေ့အိမ်လိုက်ခဲ့ကွာ စကားတွေပြောရအောင်

သားကို အိမ်ခေါ်ရသည်။ သားနှင့်အတူ ထမင်းလက်ဆုံစား

နွေးထွေးမှုရအောင် ကြိုးစားရ၏။

"သားစိတ်ထဲမှာ ဖေဖေ့ကို စိတ်နာနေသလားဟင်"

"မာမီကိုပဲ သား သနားတယ် ဒယ်ဒီ"

"ဟင် ဘာလို့လဲသား"

"မာမီက သားကို အရမ်းချစ်တယ်၊ ဒယ်ဒီအကြောင်း မေ

ငိုတယ်၊ ပြီးတော့ ဒယ်ဒီရဲ့ဓါတ်ပုံတွေ ထုတ်ပြတယ်"

သားစကားကြောင့် သူ့ရင်ထဲမှာ မကောင်းပါ။ မိဘနှစ်ပါ

အဆင်မပြေမှု ဒဏ်ရာဒဏ်ချက်တွေ သားရင်ထဲမှာ စွဲမြဲမသွားစေချ

"သားရယ် မင်းမေမေနဲ့ ဖေဖေတို့ ဝေးခဲ့ကြတာ သားအ





ထင်လွဲမှားမှုကြောင့်ပါ၊ ဖေဖေ သားကိုချစ်တယ်၊ အမြဲသတိရတယ်

ပေမဲ့ ဖေဖေသားကို တွေ့ခွင့်မရခဲ့ဘူး၊ တွေ့ခွင့်မရအောင် သူတို့လုပ်

ကြတာလေ၊ ဒါကိုသား နားလည်သလားဟင်"

သား ခေါင်းညိတ်ပြသည်။ သား ခင်တွယ်နေသော အန်တီဖြစ်

ရဲ့ မကောင်းကြောင်းတွေကိုလည်း သူ မပြောချင်ပါ။

နုနယ်ဖြူစင်သော သားနှလုံးသားထဲမှာ ဒဏ်ရာအနာတရ

စေသည့် အရာတစ်ခုမှ မရှိစေချင်ပါ။

အချိန်တန် အရွယ်အသိတစ်ခု ရှိလာလျှင် သားသူ့ကို ခံစား

လည်ကာ လက်ခံလာမည်ဟု သူ အကြွင်းမဲ့ ယုံကြည်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သားဆယ်တန်းအောင်လျှင်တော့ သူဆိပြန်ခေါ်ကာ တက္က…
တက်စေမည်ဟု ရည်ရွယ်ထားခဲ့သည်။

သားကလည်း ပညာရေးမှာ ထူးချွန်ပါသည်။ ဆယ်တန်း…
ပွဲကို ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ခဲ့၏။

သားကိုယ်တိုင်က သူ့ကို ဖုန်းဆက်ခေါ်တာမို့ သူ မသွ…
သော သက်မှုူးခင်တို့အိမ်ကို ရောက်ခဲ့ရပြန်သည်။

သူရောက်တော့ သား၏ အဘိုးအဘွားတွေလည်း စောင့်…
၏။ မိသားစု စုံညီစွာ သူ့ကို စောင့်နေကြသည်က အကြောင်းထူ…
ရှိ့သို့ဟု သူတွေးမိ၏။

"ထိုင် မောင်မိုးရိပ်ထင် မြေးလေးအတွက် အားလုံး…





…ရှိနေကြတယ်"

"ဟုတ်ကဲ့ ကျွန်တော်လည်း သားအတွက် ဂုဏ်ယူဝမ်းသာပါ…
ယ်"

"အေး အေး မြေးလေး လင်းခြိမ်ရဲ့ကို ငါတို့ ပိုင်ဆိုင်သမျှ
…မှု လုပ်ငန်းတွေအားလုံးကို ဒီမနက်ပဲ တရားဝင် လွှဲပေးလိုက်ပြီ"

စာချုပ်ဖိုင်တစ်ထပ်ကို သူ့ဆီကမ်းပေးရင်း ဦးသက်မော်ထွန်း…
သည်။ သူ မကောင်းတတ်တာမို့ လှမ်းယူကြည့်လိုက်ရ၏။

သားအပေါ်မှာ သူတို့ဘက်က ချစ်ခင်မှုကို သူသိအောင် ဖော်…
…ပြလိုက်ခြင်းဟု နားလည်သည်။

"ငါတို့မှာ အမွေဆက်ခံစရာက ဒီမြေးလေးပဲ ရှိတယ်မဟုတ်
… ဒီတော့ မြေးလေးအတွက်ပဲ ငါတို့ အလေးထား ဆွေးနွေး
…တယ်"

သားနှင့်ပတ်သက်ပြီး အဘိုးဖြစ်သူဆီက ဘာတွေကြားရဦးမည်
…ဟု သူနားစွင့်ထားမိ၏။ အဘွားဖြစ်သူနှင့် အဒေါ်ဖြစ်သူ သက်မှုူးခင်
…ကြားမှာ ထိုင်နေသော သားမျက်နှာက တည်ငြိမ်နေ၏။

"ဒီလိုကွာ မြေးရဲ့ ရှေ့ဆက်မယ့် ပညာရေးအတွက်ပဲ"

အခွင့်သာတုန်းမှာ သူသားအတွက် ရည်မှန်းထားသော ဆန္ဒကို
…ပြောဖို့ မနှောင့်နှေးခဲ့ပါ။

"အဲဒီကိစ္စကို ကျွန်တော်ပြောချင်ပါတယ်၊ သားရဲ့ပညာရေး…
…တွက် သားတက်ချင်တဲ့ တက္ကသိုလ်ကျောင်း တက်ရအောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူပါတယ်''

''သား အမေရိကားမှာ ကျောင်းသွားတက်မလို့ ဒယ်ဒီ''

သားဆီမှ ကြားလိုက်ရသော စကားကြောင့် သူ တွန့်ခဲ့

သွားခဲ့ကာ မင်သက်သွားခဲ့၏။

''ဟုတ်တယ် မောင်မိုးရိပ်ထင် မြေးရဲ့ဆန္ဒကို ငါတို့ဝိုင်း

အကောင်အထည် ဖော်ပေးကြရအောင်''

သူ့ရင်ထဲမှာ မွန်းကြပ်ဆို့နစ်လာသည်။ သားနှင့်အတူ နေ

ခွင့်လေးကို သူ မျှော်လင့်ထားခဲ့သည်။ အခုတော့ အားလုံးက သူ့

မျှော်လင့်ချက်ကို ရိုက်ချိုးနေခဲ့ကြသည်။

သားကို သူတို့တွေ ဝိုင်းဝန်းစည်းရုံး ထားခဲ့ကြတာ သေ

သည်။ ရှိသမျှ စည်းစိမ်ဥစ္စာ အမွေတွေပုံအပ်ပေးကာ သူနှလုံးသားထဲ

ဆွဲထုတ်သွားဖို့ ကြိုးစားနေကြတာ သူသိသည်။

''ကျွန်တော့်ဆန္ဒက သားကို ဒီမှာပဲ ပညာသင်စေချင်ပါတ

''မဟုတ်ဘူး ဒယ်ဒီ၊ သား ယူအက်စ်မှာ ကျောင်းသွားတ

ချင်တာပါ၊ ဒါကြောင့် သား ပင်ပန်းခံ စာတွေကြိုးစားခဲ့ရတာပါ၊ သား

ကို ဒယ်ဒီနားလည်ပေးပါ''

''မြေးရဲ့ဆန္ဒကို လက်ခံပေးလိုက်ပါ မောင်မိုးရိပ်ထင်၊ သူ့အ

ဂတ်ကောင်းဖို့ပဲလေ ဟိုမှာဘာမှ ပူစရာမရှိပါဘူး၊ ငါတို့လည်း ရှိနေ

သမီးကြီးကလည်း သူ့တူ ပညာရေး ဆုံးခန်းတိုင်တဲ့အထိ အနာ

လိုက်စောင့်ရှောက်ပေးမှာပါ''





အရယ်အပြုံးမဲ့သော မျက်ဝန်းအကြည့်တွေနှင့် သူ့ကိုစိုက်ကြည့်

သော သက်မှူးခင် မျက်ဝန်းတွေကို သူတွေ့နေသည်။

သားကလည်း သေချာပိုင်နိုင်စွာ ဆုံးဖြတ်ထားသည့် မျက်ဝန်း

နှင့် သူ့ကိုကြည့်နေ၏။

အခုချိန်မှာ သူ ငြင်းဆိုခဲ့လျှင် သားနှင့်သူ့ကြားမှာ အပြီးတိုင်

ကွာသွားဖို့ရှိ၏။ နွယ်နှင့်သူ့ကို ဝေးကွာသွားအောင် ပြုခဲ့သူ သက်မှူး

ခင်ထဲကို သူနားလည်နေ၏။

ဘာပဲဖြစ်ဖြစ် သားနှင့်သူ့ကြားမှာ နာကျင်မှုန်းတီးမှုတွေနှင့်

ပြတ်မသွားချင်ပါ။

''ကောင်းပြီလေ သားရဲ့ဆန္ဒကို ဖေဖေ လိုက်လျောပေးမယ်

မဲ့ သားကလည်း ဖေဖေကို ပြန်ကတိတစ်ခု ပေးရမယ်''

''ဘာကတိလဲ ဒယ်ဒီ''

သား မျက်ဝန်းတွေက သူ့ကို စူးစိုက်ကြည့်ကာမေး၏။ သက်မှူး

နှင့် သားရဲ့ဘိုးဘွားတွေလည်း သူ့ဆီက စကားကို နားစွင့်နေကြတာ

ထင်အရှားဖြစ်သည်။

''ဟိုမှာ ကျောင်းတက်ပြီးသွားရင် သား ဖေဖေနဲ့ ပြန်လာနေ

ပါ ဖေဖေရဲ့ ပိုင်ဆိုင်မှု အမွေတွေကိုလည်း သားဆက်ခံရဦးမယ်''

မဲ့ခနဲဖြစ်သွားသော သက်မှူးခင် နှုတ်ခမ်းက သရော်အပြုံး

သူမြင်တွေ့လိုက်သေး၏။ သူ့ရဲ့ ပိုင်ဆိုင်ချမ်းသာမှုဆိုသည်က သား

တို့ပေးထားသည့် ဥစ္စာစည်းစိမ်ရဲ့ အစွန်းထွက်လောက်ပဲရှိသည် ဆို



www.burmeseclassic.com

www.burmeseclassic.com



သော သဘော။

ဒါပေမဲ့ သူပေးမယ့် အမွေက သားရဲ့စိတ်ခွန်အားတွေအတွ
ပြည့်ဝအောင် ပေးလိုတာ သူတို့မသိ။

"စိတ်ချပါဒယ်ဒီ သား ဒယ်ဒီဆီ ပြန်လာမှာပါ"

သား စကားတစ်ခွန်းအတွက် သူ ကျေနပ်ဝမ်းသာမိခဲ့သ
မသေချာ မရေရာသော မျှော်လင့်ချက်နှင့် သားကိုသူထင်ပြီး စွန့်လွှ
ခဲ့ရပြီဆိုတာ ရင်ထဲမှာတော့ သိရှိနေခဲ့ပါသည်။

သားကို နှုတ်ဆက်ပြီးပြန်ခဲ့ရသည့် အချိန်မှာ အဓိပ္ပါယ်များ
ပါသော မျက်ဝန်းတွေနှင့် သက်မှူးခင်ကို သူ ရင်မဆိုင်ဝံ့ခဲ့ပါ။

ဒီတစ်ခါလည်း သက်မှူးခင် သူ့ကို အနိုင်ယူသွားခဲ့ပြန်ပါသ

■ ■ ■



## အခန်း (၁၄)

အခြေအနေ အားလုံးသည် သူတွေးထင် ကြောက်လန့်နေသည့်
ိုင်း ဖြစ်ခဲ့ပါသည်။

အမေရိကားအထိ ပညာသင်သွားသော သားကို သူတယ်သော
မှ ဆုံတွေ့ခွင့်မရတော့ပါ။

တစ်လတစ်ခါလောက် ဖုန်းပြောခွင့်လေး ရခဲ့တာတောင် တစ်ခါ
မှာ သက်မှူးခင်နှင့် ဆုံမိလျှင်

"သားက ကျောင်းစာတွေနဲ့ လုံးပမ်းနေရတယ် မိုးရိပ်ထင်
စာလေးစိတ်အနှောင့်အယှက်ဖြစ်အောင် ခဏခဏ ဖုန်းမဆက်ပါနဲ့"

သက်မှူးခင်ရဲ့ သံယောဇဉ် စိမ်းပြတ်သော အသံတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြာရတော့မြန်သည်။ တစ်ခါတစ်ရံ သားရဲ့စကားသံတွေက သူ့စိတ် အေးချမ်းစေ၏။

"ဒယ်ဒီ နေကောင်းတယ်နော် သ..လည်း ကျန်းမာပါတယ်"

"ဖေဖေလည်း ကျန်းမာပါတယ်၊ သားစာတွေကော လိုက် လား"

"ဟုတ်ကဲ့ လိုက်နိုင်ပါတယ် ဒယ်ဒီ အဆင်ပြေပါတယ်"

"ဪ သား ကျောင်းပိတ်ရက်တွေမှာ မြန်မာပြည်ကို ခ လာဖို့ သား စိတ်မကူးဘူးလား"

"ဒယ်ဒီ အားလပ်ရက်တွေမှာ သားပညာရေး သင်တန်း တက်နေတယ် ဒယ်ဒီ"

သူ ဘာမှ မဆိုနိုင်အောင် ခံစားရသည်။ သားခမျာ ယေ ရွယ်ရွယ်နှင့် မအားလပ်အောင် ပညာတွေသင်နေရ၏။ ဒါတွေဟာ သ မှုးခင်၏ ဗျူဟာမြောက်သော အစီအမံတွေပဲလား။

"ဒယ်ဒီ ဂွတ်နိုက်နော် မောနင်းကျောင်းသွားရဦးမှာမို့ သ အိပ်တော့မယ်နော်"

"ကောင်းပြီ သား၊ ဂွတ်နိုက် ဂွတ်နိုက် သား"

တစ်လတစ်ခါလောက် စကားပြောခွင့်ရသော အချိန်က လေးတွေပင် ကြာလာတော့ နည်းပါးကုန်သည်။

သူ့ပိုလို့ ခံစားရစေသည်က ငါးနှစ်လောက် ပညာသင်ကြာ ချိန်တွင်လည်း သား မြန်မာပြည်ကို ပြန်မလာနိုင်သေးဘဲ လုပ်





တွေ့အကြုံတွေရအောင် အလုပ်ဝင်နေသည်တဲ့။

သားရဲ့အဘိုးဆုံးပြီဆိုသော သတင်းကိုလည်း သူကြားခွင့်လေး ိုက်ပါသည်။

အားလုံးသည် သက်မှုးခင် ခြယ်လှယ်မှုအတိုင်း ရှင်သန်လည် နေခြင်းဟု သူနားလည်လိုက်ပါသည်။ သားကိုတွေ့ခွင့်ရဖို့ ဆိုသည်က ယ်တော့ပြီဟုလည်း သူ နားလည်လိုက်ပါသည်။

သူနှင့်သား သံယောဇဉ်တွေ ပြတ်တောက် ကင်းစင်ကာ သား သက်လုံး ခြေခြားမြေခြားမှာ နေထိုင်သွားအောင် သက်မှုးခင် ဖန်တီး ဲ့ သိထားသည်။

ဘာမှ သူ ဖန်တီးခွင့်မရှိသော အခြေအနေမှာ လက်ရှိဘဝ မှာ နေပျော်တတ်အောင် ကြိုးစားခဲ့ရ၏။

ထိုကာလလေးမှာ မြသတိုးသည် သူ့ဖိတ်ခေါ်ခြင်း မရှိဘဲ သူ ထဲ ဝင်ရောက်လာခဲ့တာ ဖြစ်၏။ သံယောဇဉ် နှောင်ကြိုးတွေကို ာက်ရွံ့နေခဲ့သော သူ မြသတိုးကိုမှ နှောင်တွယ်သွားခဲ့မိခြင်းက ိမ်ခြင်းတစ်ခုလား မသိနိုင်အောင်ဘဲ သူမရဲ့ ကြင်နာယုယမှုတွေမှာ ယာနေခဲ့သည်။

အခုတော့ သူ့အဖြစ်က ရှေ့မတိုးသာ၊ နောက်ဆုတ်ရအခက် ခြဆိုက်နေပြီ။

"သတိုး ဘာမှမလိုချင်ဘူး ကိုရယ်၊ ကို့ရဲ့ချစ်ခြင်းမေတ္တာ ိုင်ခွင့်ပဲ သတိုး လိုချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သတိုးက တောင်းဆိုနေခဲ့ပြီ။ သူမှာ ခေါင်းညိတ်ဖို့ မဝံ့
ဖြစ်နေခဲ့တာ သတိုးကို မပွင့်လင်းခဲ့သော ကိစ္စကြီးကြောင့် ဖြစ်သည် ဘူး။

မိုးရိပ်ထင် ဆိုသောသူသည် မုဆိုးဖိုတစ်ယောက်ဟု မြသ
သိထားပေမယ့် သားတစ်ယောက် ဖခင်ဆိုတာ မသိသေးပါ။

အတူနေခွင့်မရှိဘဲ သံယောဇဉ်ပြတ်တောက်အောင် အဝေ
ခံထားရသော သားတစ်ယောက်ရှိသည်ဆိုတာ မြသတိုး သိလျှင် ဘာ
မည်လဲ။

ထိုအကြောင်းကို သူ အစောကြီးကတည်းက မြသတို
ပွင့်လင်းစွာ ပြောထားသင့်၏။ ဒီလို အခြေအနေတွေရောက်မှ ဖွင့်ပြေ
ဆိုသည်က အတော်ကို ဆိုးလွန်းသည်။

"ရှင် လူလိမ် လူညာပဲ မုဆိုးဖိုဆိုတဲ့ အခြေအနေကို ကျွ
လက်ခံနိုင်တယ်၊ သက်ရှိထင်ရှားရှိနေတဲ့ ရှင့်သားကိုတော့ ကျွန်မဘယ်
ခံစားချက်နဲ့ လက်ခံရမှာလဲ"

မြသတိုး ပေါက်ကွဲဒေါသတွေနှင့် မေးခွန်းထုတ်လာလျှင်
ဘယ်လို ဖြေရှင်းရမည်လဲ။ မြသတိုးရဲ့ ခွင့်လွှတ်ပေးနိုင်သော ချစ်
တွေအပေါ် သူ အခွင့်အရေးယူမိသလို ဖြစ်ပြီထင်၏။

မြသတိုးရဲ့ ချစ်ခင်ယုယမှုတွေကို ဆုံးရှုံးရမှာ သူကြောက်
သည်။ ဒါပေမဲ့ သားအကြောင်း သိုဝှက်ထားဖို့လည်း မဖြစ်နိုင်။

မင်းကိုယ့်ကို စိတ်ဆိုး နာကျည်း မုန်းမယ်ဆိုလည်း ကိုယ်
ပါ့မယ် သတိုးရယ်။





ဟန်ဆောင်လိမ်ညာမှုကြီးနဲ့ မင်းရဲ့အချစ်တွေကို ကိုယ်မပိုင်ဆိုင်

မင်းကို ကိုယ် ဝန်ခံမှုဖြစ်မယ် သတိုး။

■ ■ ■

www.burmeseclassic.com

အခန်း (၁၅)

''ကို နေမကောင်းဘူးလားဟင်''

သူ့မျက်နှာကို အရိပ်လို အကဲခတ်နိုင်စွမ်းရှိသော သတိုး စိုးရိမ်တကြီး မေးလာရင်း နဖူးကို လက်ဖဝါးလေးနှင့် စမ်း၏။

''ကောင်းပါတယ် သတိုးရဲ့''

''မသိပါဘူး ကို့မျက်နှာက တစ်မျိုးဖြစ်နေသလားလို့ပါ''

''ဟို အဲ ညက အိပ်ရေးနည်းနည်း ပျက်သွားလို့ပါ'

သတိုးနှင့်ဆုံလျှင် သူဝန်ခံရမည့် ကိစ္စကြီးတွေကာ ညတုန်းက သူ အိပ်ပျက်ခဲ့တာ အမှန်။

''ညဘက်တွေအထိ အလုပ်စာရင်းတွေ ယူလာသလား ကိုရယ်





သတိုးတော့ အဲဒီလို အဖြစ်မျိုး ကြုံစရာ မရှိတော့ဘူး။ နောက်လကျရင် သတိုးရဲ့ ကုမ္ပဏီကို အပြီးရောင်းတော့မှာလေ၊ တခြားလုပ်ငန်းတွေလည်း လျှော့ချပစ်လိုက်ပြီ သိလား''

သတိုးက ဝမ်းသာကျေနပ်သော အမူအရာနှင့် ပြောနေပြန်၏။ နှင်းဆီရောင် ဝတ်စုံလေးနှင့် ရှင်းသန့်နေသော ချစ်သူလေးကို သူ ငေးရင်းမှာ ကြောက်နေမိ၏။

''ကို သတိုးရဲ့ ကိစ္စတွေ ပြီးပြတ်တာနဲ့ လက်ထပ်ကြမယ်နော်''

သတိုးနှုတ်က ထပ်တောင်းဆိုလာသော စကားကို သူ ခေါင်းညိတ်ဝံ့ပါ။ သတိုးကတော့ သူ့လက်မောင်းမှာ ပါးလေးအပ်ကာ မမောတမ်း ပြောနေခဲ့၏။

''သတိုး အလုပ်တွေ ဘာကြောင့်လျှော့ပစ်လိုက်သလဲဆိုတာ ကို သိပါတယ်၊ သတိုးလေ ကိုနဲ့အတူ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ဘဝလေး တည်ဆောက်ချင်တယ်၊ မိန်းမဆန်တဲ့ မိန်းမတစ်ယောက် ဖြစ်ချင်တယ် သိလား''

''သတိုး''

သတိုး စကားတွေကို သူ ဆက်မကြားရဲတော့တာမို့ ခေါ်မိ၏။ သတိုး ပါးအပ်ထားသော သူ့လက်မောင်းကခွာပြီး မော့ကြည့်၏။

''ဘာလဲဟင် ကို ဘာပြောမလို့လဲ''

မျက်ဝန်းနက်လေးတွေ ပင့်ကာ မေးလာတော့ သူ မြေငုံ့ နှုတ်ဆွံ့အရပြန်ပါသည်။ မြသတိုးရဲ့ ယုယကြင်နာမှုတွေကို သူပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အမုန်းနှင့် နာကျည်းမှုတွေကို ရင်မဆိုင်ရဲပြန်။

''ပြောလေ ကိုရဲ့ ဘာပြောမှာလဲ''

''သတိုး သတိုးကိုယ့်ကို နာကျည်းမယ် မုန်းမယ်ဆိုရင်လည်း ကိုယ်ခံယူပါ့မယ် သတိုးကို ကိုယ် ဝန်ခံစရာရှိနေတယ်''

ဒီမျက်ဝန်းတွေထဲက ချစ်ခြင်းတွေကို သူ ရရှိခဲ့ဖူးသည်။ အ
တော့

''ကို ဘာဖြစ်နေတာလဲ ဘာပြောမှာလဲ ပြောလေ သတိုး ဘာကြောင့် ကို့ကို မုန်းရနာကျည်းရမှာလဲ သတိုး ကို့ကိုသိပ်ချစ်တာပါ''

''ဟုတ်ပါတယ် သတိုးရယ် သတိုးရဲ့ ချစ်ခြင်းတွေကို ကိုယ် စော်ကားလိမ်ညာသလို ဖြစ်နေတယ်၊ အမြဲတမ်း ဖွင့်ပြောဖို့ ကြိုးစ သေးတယ်၊ ဒါပေမဲ့ သတိုး ကိုယ့်အနားက ပျောက်သွားမှာစိုးလို့ နှုတ် မထွက်ဝံ့ခဲ့ဘူး၊ အခု ကိုယ် ဝန်ခံပါရစေ သတိုး''

သတိုး မျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ သူ မျက်နှာလွှဲ ရှော တိမ်းလိုက်သည်။ ပြီးမှ

''ကိုယ့်မှာ သက်မှူးနွယ်ဆိုတဲ့ ဇနီးတစ်ယောက်ရှိခဲ့တယ်''

''ဒါ သတိုး သိသားပဲ ကိုရယ်''

''ဟုတ်ပါတယ် သတိုး မသိသေးတာ ကိုယ် ဝန်ခံမလို့ အဲဒီ ဇနီးအပြင် ကိုယ့်မှာ ကိုယ့်မှာ''

''သားတစ်ယောက်ပါ ရှိနေခဲ့တယ်''

''ဟင်''





ဆွံ့အနေသော သူ့စကားတွေကို စိတ်မရှည်နိုင်စွာ ဝင်ပြောပေး ရက သတိုးပဲ ဖြစ်နေ၏။ သူ အံ့သြထိတ်လန့်စွာ မော့ကြည့်တော့ တိုး မျက်နှာလေး ပြုံးနေသည်။

''ဟုတ်တယ်မို့လား ကို သတိုး မသိသေးတာ အဲဒါလား''

''သ သတိုး သိနေတယ် ဟုတ်လား ဘယ် ဘယ်လို''

''သတိုး သိပ်ချစ်တဲ့ ယောကျ်ားအကြောင်းပဲလေ သတိုး အား း သိထားတာပေါ့ ကိုရယ်၊ ကို့သားနာမည်က လင်းခြိမ့်ရဲ့ ယူ က်စ်မှာ ပညာသင်နေတယ်''

သူ အံ့သြပြီးရင် အံ့သြမိသည်၊ သတိုးက ဒါတွေကို ကြိုတင်သိ ခဲ့သည်ပေါ့။

''သတိုး သတိုး ကိုယ့်ကို နားလည်ခွင့်လွှတ်တယ်ပေါ့၊ ဟုတ် အး သတိုး''

''ကိုရယ် သတိုးက ကို့ကို စတွေ့ကတည်းက စိတ်ဝင်စား ားခဲ့တာပါ၊ ကို့အကြောင်းတွေသိရတော့ ကို့ကိုသနားပြီး ပိုလို့ချစ် တာပါ၊ ကို့မှာ ချစ်စရာ သားတစ်ယောက်ရှိနေတာ သတိုးက ကျေနပ်ဝမ်း ာပါတယ်၊ ကို့သားက သတိုးရဲ့သားပဲပေါ့''

''ဟာ သတိုးရယ်''

သူ ဝမ်းသာစိတ်ကြောင့် သတိုး ခန္ဓာကိုယ်လေးကို ထွေးပွေ့ င်းဖက်လိုက်မိသည်။ သူ့အပေါ်ထားသော သတိုးရဲ့ ချစ်ခြင်းတွေက ားသည်၊ ဖြူစင်ရိုးသားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ် သတိုးက ကိုရဲ့အချစ်ဦး ဖြစ်ခွင့်မရပေမယ့် ကျေ
နိုင်ပါတယ်"

"သတိုး မင်းက ကိုယ့်အချစ်ဦးပါ ကိုယ်ကျိန်ပြောရဲတယ်
သတိုးကို ဆင်ခြင်ဉာဏ်တွေ ကင်းမဲ့သွားအောင် ချစ်ခဲ့တာ သက်သေ
လေ၊ သက်မှူးနွယ်ဆိုတာ ကိုယ်အချစ်မပါပဲ လက်ထပ်ခဲ့ရသူပါ"

"သတိုး ယုံပါတယ် ကိုရယ်၊ သတိုး ကိုကိုသိပ်ချစ်တ
တစ်ဘဝလုံးအထိ ပိုင်ဆိုင်ချင်တယ်"

"သတိုးလေးရယ်"

ရင်ထဲက သွန်ထွက်လာသော ချစ်ခြင်းတွေအတွက် သူ သ
ကင်းလွတ်ကာ သတိုး မျက်နှာလေးအနှံ့ ငုံနမ်းကာ အနမ်းတွေ ခြွေ
မနမ်းရက်ခဲ့သော ပါးပြင်လေးတွေမှာ သူ့အနမ်းတို့ ပွင့်ဝေ
တော့ သတိုး မျက်တောင်ကော့ကြီးတွေ မေးစင်းကာ မိန်းမောခံယူနေ
လွင့်မျောသွားသော အသိတရားတို့ကို သူ အချိန်မီ ချုပ်
ရင်း သတိုးမျက်နှာလေးက ခွာလိုက်၏။

"သတိုး ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်"

သတိုး မျက်ဝန်းလေးတွေ ပွင့်လာကာ ကြည်ကြည်နူးနူး
ပြုံးရင်း

"ကိုဆီက သတိုး အကြားချင်ဆုံးစကားကို အခုမှ ကြားခွင့်
ခဲ့တယ်၊ သတိုး ဝမ်းသာလွန်းလို့ ရင်တွေ တုန်ခါနေတယ် ကို"

"သတိုးရယ် မင်းကို ပိုင်ဆိုင်ဖို့ မထိုက်တန်ဘူးလို့ ကိုယ်





ခွဲခဲ့တာပါ၊ အခုတော့ ကိုယ်တို့နှစ်ယောက် ရင်ခုန်သံတွေ ထပ်တူကျ
ဆိုတာ ကိုယ်သိလိုက်ပြီလေ"

သတိုး သူ့ရင်ခွင်မှာ ခေါင်းလေးသွင်းကာ တင်းတင်းကြပ်ကြပ်
ထားလိုက်၏။ သတိုးကျောပြင်လေးကို သူ ညင်သာဖွဖွ သိုင်းဖက်ရင်း
ခုန်သံတွေကို ထိန်းချုပ်ထားမိသဲ။

တကယ့်ကို မြတ်နိုးစရာကောင်းတဲ့ ချစ်သူလေး။

အပျိုစင်ပန်းလေးကို အချိန်မတန်ခင် သူ မနမ်းရှိုက်ရပါဘူး၊
ငါ့ မင်္ဂလာနေ့ရက်လေးကို တန်ဖိုးထား သိမ်းထုပ်ထားချင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သတိုးဘဝမှာ အပျော်ရွှင်ဆုံး အချိန်ကာလတို့ကို ပိုင်ဆိုင်ပြီဟု အကြွင်းမဲ့စွာ ယုံခဲ့ပါသည်။

ကို့နူတ်က တောင်းဆိုသော လက်ထပ်ခွင့်ကို ကြားခဲ့ရသည့် သတိုးရဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း လျှော့ချပြီးခဲ့ပြီမို့ သတိုးအတွ အားလပ်ချိန်တွေက အပြည့်အဝ ရှိနေသည်။

ထိုအချိန်တွေ အားလုံးသည် ကိုနှင့်သတိုးရဲ့ ဘဝလေးအတွ ပဲ ဖြစ်စေရမည်။

ကိုနှင့်သတိုးတို့၏ မင်္ဂလာနေ့ရက်ကလေးကိုလည်း ရွေးချယ် ခဲ့ပါသည်။ ကို ကိုယ်တိုင်ရွေးချယ်သော မင်္ဂလာနေ့ရက်လေးကို သိရ သတိုး သိပ်ကို ပျော်ရွှင်ခဲ့ရ၏။

"သတိုးနဲ့ကိုယ်တို့ရဲ့ မင်္ဂလာနေ့ရက်ကို လာမယ့် ဖေဖော်ဝါ





ယ့်လေးရက်နေ့ ရွေးထားတယ်"

"ဘယ်လို ဖေဖော်ဝါရီလ ဆယ့်လေးရက်"

"ဟုတ်တယ်လေ သတိုးလေးရဲ့ ချစ်သူများနေ့လေးမှာ လက် ကြမယ်၊ ကိုယ်တို့ဘဝလေး တည်ဆောက်တဲ့နေ့ကို အမှတ်တရ ချင်လို့"

"ကိုရယ် ကို့စိတ်ကူးလေးကို သတိုး သိပ်သဘောကျသွားပြီ ။ တကယ် ကဗျာဆန်တဲ့နေ့လေးပဲ၊ ကို့စိတ်ကူးလေးက အရမ်း ကောင်းတယ်"

"သတိုးတကယ်ပဲ နှစ်သက်သဘောကျခဲ့ပါသည်။ ကို့ရဲ့ စိတ်ကူး ကိုလည်း ချီးကျူးမိသည်။ တစ်လတောင် မလိုတော့သော ထိုနေ့ အတွက် သတိုးတို့ နှစ်ယောက်စလုံး အလုပ်တွေရှုပ်နေခဲ့၏။

"မင်္ဂလာ ညှေခံပွဲကို ကိုတို့ခြံလေးထဲမှာပဲ ကျင်းပမယ်၊ လူတွေ ကြီး မဖိတ်တော့ဘူးနော် သတိုး ရင်းနှီးခင်မင်တဲ့ မိတ်ဆွေ ယ်၊ ကိုယ့်မိတ်ဆွေငါးဆယ်လောက်ဆိုတော်ပြီ၊ သတိုး လက်ခံလား"

"လက်ခံတယ်ကို ပရိသတ်တွေ အများကြီးမလိုပါဘူး၊ သတိုး ချစ်ခြင်းကို အသိအမှတ်ပြုလောက်တဲ့ လူနည်းနည်းပါးပါးဆို ဖြစ်"

"ကိုယ်တို့ အစီအစဉ်ကို သိုဝှက်ထားဦးနော် သတိုး ကိုယ့် ချင်းတွေလည်း မပြောသေးဘူး၊ နီးမှ သတိုးနဲ့ကိုယ် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်စာပေး ဖိတ်လိုက်မယ်''

''ကောင်းတယ် ကောင်းတယ် ကို ကို့အစီအစဉ်ကို သ
သဘောကျတယ်'

ကို စီမံသမျှ သတိုး နှစ်သက်သော အစီအစဉ်တွေပဲ ဖြစ်
သတိုးနှင့် ကိုတို့ နှစ်ဦးဘဝသစ်လေးအတွက် လျှို့ဝှက်စီစဉ်ခဲ့ကြသ

ဒီနေ့လည်း သတိုး ကို့အတွက် မင်္ဂလာဝတ်စုံတွေ အပ်ကြ
ကို လာခေါ်မည်မို့ သတိုး ရေမိုးချိုး ပြင်ဆင်စောင့်နေလိုက်၏။

''ကြည့်စမ်း သမီးလေးက သိပ်လှနေပါလား။ ဘာလဲ မော
လာခေါ်မှာမို့လား''

သတိုး အလှဆုံး ပြင်ဆင်ထားတာမြင်တော့ ဒေါ်လေးမုံ
လာသည်။ သတိုး ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ရင်း

''ဟုတ်ကဲ့ ဒေါ်လေးမုံ ဒီနေ့ သတိုးတို့ မင်္ဂလာဝတ်စုံ အ
လေ''

''ဟုတ်လား ဒါကြောင့် သမီး သိပ်လှနေတာကိုး ကဲ
ဝိုင်းပြင်လိုက်မယ်နော်''

''မပြင်နဲ့ဦး ဒေါ်လေးမုံ ကိုလာမှ အတူသောက်မယ်''

''ဟယ် ဟုတ်သားပဲ မောင်မိုးလာမှာပဲဥစ္စာ ဆောရီး ဆေ
ဒေါ်လေးမုံ ညံ့သွားတယ်''

ဒေါ်လေးမုံ ရယ်ရယ်မောမော နောက်ဖြောင်ကာ မီးဖိုခန်း
ဝင်သွားတော့မှ သတိုး ဧည့်ခန်းထဲ ထွက်ခဲ့သည်။





ကြာကြာမစောင့်လိုက်ရပါဘဲ ကိုရဲ့ကားလေး ရောက်လာ၏။
ဆိုး ဆင်ဝင်အောက်အထိ ဆင်းကြိုရင်း

''ကော်ဖီသောက်ပြီးမှ သွားကြမယ်နော် ကို့ကိုစောင့်နေတာ''

ကို့အကြည့်တွေက ဖေဒါရောင် ဝတ်စုံလေးဝတ်ထားသော
ဆိုးဆီမှာ မခွာစတမ်း ရောက်လာရင်း

''သတိုးလေးက သိပ်လှနေတာပဲ''

''ကိုလည်း အရမ်းချောပါတယ်''

အဝါနုနု စပို့ရှပ်လက်တိုလေးကို ဘောင်းဘီနက်နှင့် တွဲဖက်
ဆင်ထားသော ကိုသည် တကယ်ပဲ လူငယ်လေးတစ်ယောက်လို
ည်ကောင်းနေ၏။ သတိုး ချီးကျူးစကားကို ကိုက ရှက်ပြုံးပြုံးရင်း

''သတိုးလေးနဲ့ တွဲသွားရမှာဆိုတော့ အသေအချာ ပြင်ဆင်
တာပေါ့ အဘိုးကြီးရုပ် မပေါက်ပါဘူးနော်''

''အံမယ် မင်းသားလေးပါ ရွှေမင်းသားလေး''

''အဟွန်း သတိုးပြောတာနဲ့ ကိုယ့်ခြေထောက်တွေ မြေကြီးနဲ့
ွှင်နေပြီ''

ကို အရွှန်းစကားကို သတိုးသဘောကျစွာ ရယ်ရင်း ကို့လက်
ကိုတွဲကာ အိမ်ထဲဝင်ခဲ့လိုက်သည်။

သတိုးအတွက်တော့ ကိုသည် တကယ့်ကို ရွှေမင်းသားလေး
ပါးပဲ ဖြစ်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဝတ်စုံတွေ အပ်ပြီးတော့ ကိုက သတိုးကို စားသော
ဆိုင်ကြီး တစ်ဆိုင်သို့ ခေါ်သွားခဲ့သည်။

"သတိုး ကြိုက်တတ်တဲ့ ပင်လယ်စာ ကျွေးချင်လို့"

"ကိုပြောတာနဲ့ ဗိုက်တောင်ဆာလာပြီ"

"သုံးမိနစ်ပဲစောင့်"

ကိုက ရယ်ဟဟလေးပြောရင်း သီးသန့်စားသောက်ခန်းထေ
ထဲသို့ သတိုးလက်ကို ဆွဲကာခေါ်ခဲ့သည်။

သတိုးအကြိုက် ပင်လယ်စာတွေကို မှာလိုက်ကာ အချိုရ
ဘူးလေးတွေသောက်ရင်း စောင့်ကြတော့မှ

"သတိုး ဘယ်လက်တစ်ဖက် ကိုယ့်ကိုပေးစမ်းပါ"

သတိုး အူတူတူနှင့် ဘယ်လက်ကို ကို့ဆီကမ်းပေး လိုက်
သည်။ ကိုက သတိုးလက်ကလေးကို လှမ်းဆွဲကိုင်ပြီး ဆုပ်ထားသေ
လက်တွေကို ဖွင့်ပြ၏။

ကို့လက်ဖဝါးပေါ်မှာ ပလက်တီနမ် စိန်လက်စွပ်လေး တစ်ကွ
ကို မြင်လိုက်၏။

"သတိုးအတွက် ကိုယ်ဝယ်လာတာ မင်္ဂလာအထိမ်းအမှ
ပေါ့"

ပြုံးပြုံးလေးပြောကာ သတိုး၏ ဘယ်လက်သူကြွယ်မှာ
ကိုယ်တိုင် ဝတ်ဆင်ပေးသည်။

"ကို့ဘယ်လက်လည်း သတိုးကိုပေး"





"ဟင် ဘယ်လို"

"တကယ်တိုက်ဆိုင်တယ် သတိုးလည်း မနေ့ကပဲ ကို့အတွက်
သက်စွပ်တစ်ကွင်း လုပ်လာတာ"

ကို အံ့သြသလို ကြည့်နေတုန်းမှာ သတိုး လက်ကိုင်အိတ်ထဲက
က်ရောင် ဘူးလေးကို ထုတ်ယူဖွင့်ပြလိုက်သည်။

"တကယ်တိုက်ဆိုင်တယ်နော် ကိုယ်တို့ တိုင်ပင်မထားဘဲနဲ့"

"အဲဒါ ကိုနဲ့သတိုးရဲ့ ချစ်ခြင်းတူညီနေလို့ပေါ့"

သတိုးပြောရင်း ကမ်းပေးလာသော ကို့လက်သူကြွယ်မှာ ဝတ်
ဆင်ပေးလိုက်သည်။ ကိုက ကြည်နူးစွာပြုံးရင်း

"သတိုးပေးတဲ့ လက်စွပ်လေးကို ကိုယ်အမြဲ ဝတ်ဆင်ထားမှာပါ"

မှာထားသည့် ပင်လယ်စာတွေ ရောက်လာတော့ ကိုက သတိုးရဲ့
ကန်လေးထဲကို စူးခပ်ထည့်ပေးသည်။

"အရမ်းဝမ်းသာနေတာနဲ့ ရင်တွေတောင် ပြည့်နေပြီ"

"မလုပ်နဲ့ မှာထားတာတွေ အများကြီးကွ ဝမ်းသာတာတွေ
သိမ်းပြီး ဒါတွေတော့ စားနော် သတိုးလေး"

ခက်ရင်းနှင့်ထိုးကာ သတိုးကို ခွံ့ကျွေးလာသော ကျောက်
ဖတ်လေးကို သတိုး ခေါင်းလေးညိတ် စားလိုက်ပါသည်။

ကြည်နူးဖွယ်နေ့လေးတွေကို သတိုး အမြဲတမ်း ပိုင်ဆိုင်ပါရစေ။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၇)

"ကွန်ဂရက်ကျူလေးရှင်း ကိုမိုး"

"ခင်ဗျားအတွက် ကျုပ်တို့ အပြည့်အဝ ဂုဏ်ယူတယ် က

သူကိုလက်ဆွဲ နှုတ်ဆက်ကြသည်။ ဂုဏ်ပြု ချီးကျူးစာ

ပြောကြသည်။ သူကိုယ်တိုင်ကလည်း ကျေနပ်ပီတိ အပြုံးနှင့် ခံယ

ဂုဏ်ယူမဆုံးနိုင်အောင် ရှိခဲ့သည်။

"နေပါဦး ကိုမိုး ခင်ဗျားတို့ မင်္ဂလာနေ့ကို ချစ်သူများ

ရွေးချယ်လိုက်တာ ဘယ်သူ စိတ်ကူးလဲဗျ။ မြသတိုးလား ခင်ဗျားလ

ကိုသိုက်မော် မေးလာတော့ သူ ပြုံးပြုံးကြီးနှင့် ဖြေရသေ

"ကျွန်တော့် စိတ်ကူးလေ သတိုးနဲ့ကျွန်တော့်အတွက် အမှ

ရ ဖြစ်ချင်လို့"





"ဟား တကယ်ကောင်းတဲ့ စိတ်ကူးပဲ ခင်ဗျားတော်လှချည်

ကိုမိုးရ ဒီလို လှပယ်ဆန်တဲ့ စိတ်ကူးမျိုး ခင်ဗျားမှာရှိနေမယ်လို့

ကျုပ် မထင်တာ"

"ဟာဗျာ ကိုသိုက်ကလည်း ကျုပ်တို့ မိတ်ဆွေကြီးက အခုချိန်

အသည်းနုနု လှုကနုနု ဖြစ်နေတော့ စိတ်ကူးလေးတွေကလည်း

လန်းဆန်းနေပြီပေါ့ဗျ"

"ဟား ဟား ဟား ဟုတ်တယ် ကိုမြတ်ဖော် ပြောတာမှန်တယ်

ယ ငယ်ငယ်ချောချောလေး ပိုင်ဆိုင်နေပြီဆိုတော့ ကျုပ်တို့ မိတ်ဆွေ

စိတ်ပျိုကိုယ်နု ဖြစ်နေတာပေါ့ဗျာ"

ဒီတစ်ခါတော့ သူတို့ပြောသမျှ သူ ကျေနပ်စွာပြုံးလို့ ခံယူနေနိုင်

သတိုးနှင့် သူ့ကြားမှာ နားလည်ယုယ ကြင်နာမှုတွေက ခိုင်မာနေ

"ကိုင်း လောလောဆယ်တော့ မင်္ဂလာပွဲအကြို ခင်ဗျား ကျုပ်

ဂုဏ်ပြုတဲ့ပွဲမှာ ခင်ဗျားလည်း သောက်ဗျာ"

"ဟာ မလုပ်ပါနဲ့ ကျွန်တော်မှ မသောက်တတ်တာ ခင်ဗျားတို့

ကြိုက်သောက်ကြပါ"

"မရဘူး ဘီယာတော့ သောက်ဗျာ ကာယကံရှင်က နည်းနည်း

သောက်ရမှာပေါ့"

"ဟုတ်တယ် ဂုဏ်ပြုပွဲဆန်အောင်တော့ သောက်ဗျာ"

ကိုသိုက်မော်တို့ ဖွတ်တိုက်တွန်းနေတာမို့ သူ ခေါင်းညိတ်ကာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

တစ်ဘူးသောက်လိုက် ရသည်။

စကားတွေ ဖောင်ဖွဲ့ပြောရင်း ရယ်ကြမောကြနှင့် သူတို့လေ... လှုပ်ရှားသက်ဝင်နေခဲ့သည်။ သူလည်း ဘီယာနှစ်ဗူးလောက် သော... လိုက်ရတာမို့ ရီဝေဝေ ဖြစ်သွားရ၏။

''ဂွတ်နိုက် ဂွတ်နိုက် ကိုမိုး''

''အိုကေ အိုကေ ခင်ဗျားတို့ အဆင်ပြေပါတယ်နော်''

''လုံးဝ လုံးဝ အဆင်ပြေတယ်၊ ခင်ဗျားကော ပြန်လို့... လား''

''ဟာ ရပါတယ် ဖြစ်ပါတယ်''

နှုတ်ဆက်လမ်းခွဲကာ ကိုသိုက်မော်တို့ ပြန်သွားသည်။ ...ကားဆီကိုလျှောက်ခဲ့၏။ အလွန်အကျွံ မသောက်ဖြစ်တာမို့ တော်... သည်။

''ဦးမိုးစက်ထင်''

ခေါ်သံကြောင့် သူလှည့်ကြည့်မိသည်။ ရုတ်တရက် ဘယ်သူ... လို့ မမှတ်မိသေးပါ။ ပါဝါမျှော်ကိုင်း မျက်မှန်နှင့် သူ့ထက်အသက်... ရသော လူကြီးတစ်ယောက် မျက်နှာကို မှတ်မိသလို ရှိနေ၏။

''ကျွန်တော့်ကို မမှတ်မိဘူးလားဗျ၊ ကျွန်တော် ဦးလှိုင်မြင့်...''

''ဟာ ဆောရီး ဆောရီး ကျွန်တော် မှတ်မိပြီ''

''ကျွန်တော် အမေရိကားက ပြန်ရောက်တာ သုံးရက်ပဲ ရှိ... တယ်၊ ခင်ဗျားနဲ့တွေ့ရော ကံစွရှိနေတာ''





ဦးလှိုင်မြင့် စကားကြောင့် သူ ခေါင်းညိတ်မိ၏။ ဦးလှိုင်မြင့်က ...မေရိကားအထိ သက်မှုုးခင်တို့ မိသားစုနှင့် ပါသွားသူမို့ သားအ...ကြောင်း သူ မေးချင်လှ၏။

''ကျွန်တော်တို့ ဟိုတယ်ထဲမှာ တစ်ခုခုစားသောက်ရင်း စကား ...ပြောကြမလား ဦးလှိုင်မြင့်''

''မထိုင်တော့ပါဘူး ကျွန်တော်လည်း စောစောက ထိုင်နေတာ ...များတို့ဝိုင်းက စကားသံတွေလည်း ကြားနေတယ်''

''ဪ ဟုတ်လား အင်း ကျွန်တော့်မိတ်ဆွေတွေနဲ့ ထိုင်ဖြစ် ...တယ်''

ဦးလှိုင်မြင့် သူ့ကိုကြည့်နေရင်း ခေါင်းတစ်ချက်ညိတ်ကာ

''သက်မှုုးခင် ဆုံးသွားတာ ခင်ဗျား မသိသေးဘူးထင်တယ်''

''ဗျာ''

သူ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ ...က်မှုုးခင် ဆုံးပြီတဲ့လား။ သူ လုံးဝ မသိ။ သားနှင့်အဆက်အသွယ် ...တ်တောက်နေခဲ့တာ နှစ်နှစ်နီးပါးလောက် ရှိပြီ။

''သက်မှုုးခင် ဆုံးပါးသွားတာ တစ်လလောက်ပဲ ရှိသေးတယ်''

''ဒါ ဒါဆို ကျွန်တော့်သားလေး တစ်ယောက်တည်း ဟိုမှာ ...နခဲ့တာပေါ့''

''ဟုတ်တယ် ကိုမိုးစက်ထင် သူ ခင်ဗျားဆီ ပြန်လာပါလိမ့်မယ် ...က်ပိုင်းမှာ ခင်ဗျားဆီ သူ ဆက်သွယ်ပါလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဝမ်းသာလိုက်တာဗျာ"

သူတကယ်ပဲ ဝမ်းသာသွားမိသည်။ သားနှင့်သူ ပြန်ဆုံရ

အဖြစ်က သူ နှစ်ပေါင်းများစွာ တောင့်တခဲ့သော ဆန္ဒတစ်ခုပဲ ဖြစ်

အခုတော့ ထိုဆန္ဒက ပြည့်ဝရတော့မည်။

"ခင်ဗျား စောစောက ပြောနေကြတာကြားလို့ ခင်ဗျား

ထောင်ပြုတော့မယ်ဆို"

ဦးလှိုင်မြင့် မေးတော့ သူ ခေါင်းညိတ်ပြမိသည်။ သူတို့

ပြောဆိုနေသော စကားတွေကို ဦးလှိုင်မြင့် ကြားတာက သေချာ

"ဟုတ်တယ် ဦးလှိုင်မြင့် ကျွန်တော် အိမ်ထောင်ပြုဖြစ်တော့

မယ်၊ ကျွန်တော့်ကို နားလည်နိုင်တဲ့ မိန်းကလေးတစ်ယောက်နဲ့ပါ"

"ခင်ဗျားသားနဲ့ကော အဆင်ပြေပါ့မလား ကိုမိုးရိပ်ထင်"

"ဟာ အဆင်မပြေစရာ မရှိပါဘူးဗျာ၊ ကျွန်တော့်မှာ သ

တစ်ယောက်ရှိတာ သူသိပါတယ်၊ အဲဒီအတွက် ဘာမှပြဿနာလည်း

မရှိဘူး၊ သူက သူ့သားတစ်ယောက်လို ချစ်နိုင်တဲ့သူပါ"

"အင်း ဒါဆိုလည်း ကောင်းတာပေါ့ဗျာ ကဲ ကျွန်တော့်

ခွင့်ပြုဦး ခင်ဗျားသားနဲ့ ဆက်သွယ်လို့ရနိုင်မယ့်ဖုန်း ကျွန်တော့်ကို ပေး

လင်းခြံရဲ့က အဲဒီအကူအညီ တောင်းထားလို့ပါ"

"အိုကေ အိုကေ ကျေးဇူးပဲဗျာ"

ဦးလှိုင်မြင့်ကို သူနှင့် ဆက်သွယ်လို့ရနိုင်မည့် ဖုန်းနံပါ

ပေးလိုက်သည်။





သားနှင့် အဆက်အသွယ်ပြတ်တောက်နေခဲ့တာမို့ သူနှင့်သား

မှာ ဖုန်းဆက်သွယ်ဖို့တောင် ခက်ခဲနေခဲ့၏။ အခုတော့ သား မြန်မာ

ကို ပြန်လာတော့မည်တဲ့။

ဒီသတင်းကိုသာ မြသတိုး သိလျှင် . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၈)

''တကယ် တကယ်လား ကို သားက မြန်မာပြည်ကို ပြန်
တော့မယ်တဲ့လား''

သတိုး မျက်နှာမှာ အံ့ဩဝမ်းသာရိပ်တွေ အထင်အရှား မြ
ခဲ့ရသည်။ သားပြန်ရောက်လာမည့် ကိစ္စကို သတိုး ကျေနပ်နိုင်ပါ့
လား။ သူ သံသယဖြစ်ခဲ့ပေမယ့် သတိုးသည် သားအပေါ် မမြင်တွေ့ခ
တည်းက ခင်တွယ်နေခဲ့၏။

''ဟုတ်တယ် သတိုး သူ့ရဲ့အဖေ ဆုံးပါးသွားပြီဆိုတော့ သာ
ကိုယ့်ဆီ ပြန်လာမယ်တဲ့၊ ဒီရက်ပိုင်းအတွင်း သားဆီက ဆက်သွ
လာမှာပါ''

''ကို့သားကို သတိုး တွေ့ချင်လိုက်တာ၊ ကိုနဲ့တူလားဟင် အ





ဟော့ လူချောလေးပဲ ဖြစ်မှာပေါ့၊ သတိုး အကြောင်းကိုကော ကို
ပြောလိုက်ဘူးလားဟင်''

''သားနဲ့ကိုယ် ဆက်သွယ်မှု မရသေးဘူးလေ သတိုးရဲ့၊ သား
ကြီးမှာလိုက်သူနဲ့ပဲ တွေ့ရတာ၊ သား ဖုန်းဆက်လာရင်တော့ ကိုယ်
ပြောလိုက်မှာပေါ့''

''သားက သတိုးကို လက်ခံနိုင်ပါ့မလား ကိုရယ်''

သတိုး စိုးရိမ်ပူပန်သလို မေးသည်။ သူ သတိုး နဖူးပြင်လေးပေါ်
ဆံနွယ်လေးတွေကို ညင်သာစွာ သပ်တင်ပေးရင်း

''ကိုယ့်သားက နားလည်မှု အပြည့်အဝရှိမှာပါ၊ အမေရိကားမှာ
ကြီးလာတာပဲ ဆယ်နှစ်လောက်ရှိပြီလေ၊ ကလေးလေးမှ မဟုတ်တော့
ပညာတတ် စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေပြီ၊ ပြီးတော့ သတိုး
မြင်ရုံနဲ့ ခင်မင်သွားမှာပါ၊ ကိုယ် ဒီအရွယ်မှ အိမ်ထောင်ပြုတာကို
ညီး သား နားလည်ပေးမှာပါ''

သူ့စကားကို သတိုး ခေါင်းလေးညိတ်ကာ နားထောင်နေခဲ့ရာ၏။
ကို ချစ်ခင်မြတ်နိုးသော မြသတိုးကို သားကလည်း နားလည်ချစ်ခင်
မည်ဟု သူ အပြည့်အဝ ယုံကြည်ပါသည်။

ထို့အတွက် သူ စိတ်ထဲမှာ စိုးရိမ်ပူပန်စိတ်တို့ အလျဉ်းမရှိ
သတိုး ကိုယ်တိုင်လည်း သူ့စကားကို လက်ခံသွားခဲ့၏။

''သား ပြန်လာတဲ့ နေ့ကျရင် သတိုးလည်း လေယာဉ်ကွင်းအထိ
လိုက်ကြိုမယ်နော် ကို''

www.burmeseclassic.com



"ကြိုရမှာပေါ့ သားက သူ့အဖေရဲ့ ဇနီးလောင်းကို တွေ့ချင်
ပေါ့ သတိုးရဲ့"

"အဲဒီနေ့ကျ သား ကြိုက်တတ်မယ့် ဟင်းတွေ သတိုးကိုယ်
စီစဉ်ချက်မယ်ကို သားက ဟိုမှာ အနေကြာပြီဆိုတော့ ဥရောပ အ
အစာတွေကို ပိုခံတွင်းတွေ့မယ့်ပုံပဲ သတိုး အကောင်းဆုံး စီစဉ်ပေးမယ်

ဟက်တက်ကြွကြွနှင့် ထက်သန်စွာ ပြောနေသော သ
ကိုကြည့်ကာ သူ ကျေနပ်ကြည်နူးမိ၏။

သတိုးလည်း သူ့အတွက် မြတ်နိုးစုံမက်စရာ ဇနီးလေးဖြစ်သ
သားအတွက်လည်း မိခင်ရင်းတစ်ဦး မဟုတ်ပေမယ့် မိခင်တစ်ဦး
ကြည်ဖြူ လက်ခံစရာ ကောင်းမှာ သူယုံ၏။

"ကို ထမင်းစားရအောင်လေ နေ့လည်ကျရင် သတိုးရဲ့ မိတ်
တွေကို မင်္ဂလာဖိတ်စာတွေ ဝေပေးရဦးမယ်"

"ဟင့် တစ်ပတ်ကျော်တောင် လိုသေးတယ် နီးမှ ဝေပါလ
သတိုးရဲ့"

"တမင် ကြိုတင် ဝေထားချင်တာ ကိုရဲ့ သူတို့ အံ့သြဝမ်းသ
စေချင်လို့"

"အင်းပါ အင်းပါ သတိုးလေး.သဘော"

"ပြီးရင် မင်္ဂလာဝတ်စုံလည်း ဝင်ရွေးရဦးမယ်"

သတိုးက အစီအစဉ်တွေကို တစ်ခုချင်း စီစဉ်ချပြောနေသည်
သူ သတိုးပြောသမျှ ခေါင်းလေးညိတ်နေမိ၏။





နှစ်ယောက်သား ထမင်းစားခန်းဘက် ထွက်ခဲ့တော့ ခေါက်ဆွဲကြော်က
င်းပိုင်းကို ပြင်ဆင်ပေးနေ၏။

"သမီးလေး ချက်ယူလာတဲ့ ဟင်းတွေကတော့ ရှယ်ပဲ မောင်
"

စုံလင်လှသော ဟင်းပွဲတွေကိုကြည့်ရင်း သူ ထမင်းဝိုင်းမှ
ိုင်လိုက်တော့ သတိုးက အလိုက်သိစွာ ကိုယ်တိုင် ခူးခပ်ပေး၏။

သားပြန်ရောက်လာလျှင် သတိုးရဲ့ ဂရုစိုက်ကြင်နာမှုတွေကို
က်သဘောကျမှာ သူ မြင်ယောင်မိသေးသည်။

သူ့အတွက်တော့ အရာရာသည် ကြည်နူးစရာအချိန်တွေနှင့်
ဆုံရတော့မှာ သေချာ၏။

ချစ်သော မြသတိုးရယ် ချစ်သောသားရယ်၊ ကြည်နူးပျော်စရာ
ဆုဘဝလေးက မဝေးတော့သော နေ့ရက်တွေဆီမှာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''သား လုံးဝသဘောမတူနိုင်ဘူး ဒယ်ဒီ''

''ဟင်''

မုန်းထဲမှာ ကြားလိုက်ရသော သား စကားသံတွေကြေ
သူ မယုံနိုင်အောင် တုန်လှုပ် ချောက်ချားသွားခဲ့ရ၏။ ချက်ချင်း သာ
ဘာစကားမှ ခွန်းတုံ့မပြန်နိုင်ခဲ့။

''သား မြန်မာပြည် ပြန်လာမှာ သားဘဝမှာ တစ်ယောက်တည
ရှိတော့တဲ့ သွေးသားရင်းချာ ဒယ်ဒီနဲ့အတူ ပြန်နေချင်လို့ပါ ဒယ
အဲဒီ စိတ်ကူး ရည်ရွယ်ချက်က သားရင်ထဲမှာ အမြဲတမ်း အခိုင်အ
ရှိခဲ့တာ အမှန်ပဲ၊ ဟိုးငယ်စဉ်ကတည်းက သားဘဝက ဒယ်ဒီရဲ့ ရင်ခွ
ကင်းဝေးခဲ့ရတယ်၊ မာမီက ဒယ်ဒီရဲ့ ဓာတ်ပုံတွေပြပြီး ဒိုကြေး



BURMESE CLASSIC .com



ရင်ထဲမှာ ကြေကွဲခံစားရတယ် ဒယ်ဒီ''

သား ရင်ထဲက ခံစားချက်တွေကို သူ ပထမဆုံးအကြိမ် ကြား
ခြင်းပဲ ဖြစ်သည်။ နှယ် ဆုံးပါးပြီး သားနှင့်သူ တွေ့ချိန်တွေမှာ
သည် သူ့ရင်ထဲက ခံစားချက်တွေကို မဖွင့်ဟခဲ့ဖူးပါ။

''အန်တီကတော့ ဒယ်ဒီနဲ့ ပတ်သက်ရင် မကျေနပ်မှုတွေနဲ့
ဒီ မကောင်းကြောင်းတွေ ပြောတယ်၊ ဒါကြောင့် သား ရင်ထဲမှာ
ဒီကို ချစ်ပေမယ့် နာကျင်ခဲ့ရတယ်၊ ဒါပေမဲ့ သား ဒယ်ဒီနဲ့ ပထမဆုံး
တွေ့ချိန်မှာ ဒယ်ဒီကို သနားတယ်၊ ချစ်ခင်စိတ်ဝင်လာတယ်၊ အန်တီ
သလို ဒယ်ဒီဟာ သားတို့ သားအမိကို စွန့်ပစ်ခဲ့တာ မဟုတ်ဘူး
သား ယုံကြည်ခဲ့တယ်၊ အခုတော့ သားယုံကြည်ချက်တွေက ဒယ်ဒီ
ရုပ်ကြောင့် ပြောင်းလဲနေပြီ ဒယ်ဒီ''

''မ မဟုတ်ဘူးသား၊ ဖေဖေ လက်ထပ်မယ့်သူက''

''တော်ပါတော့ ဒယ်ဒီ အဲဒီ မိန်းမအကြောင်း သားဘာမှ
ချင်ဘူး၊ အန်ကယ် ဦးလှိုင်မြင့်ဆီက ဒီအကြောင်းသိလိုက်ရတော့
ရင်ထဲမှာ ဆို့နစ်သွားတယ် ဒယ်ဒီ''

ဖုန်းထဲက သားအသံမှာ တုန်ခါနေတာ သူ အသေအချာ
သည်။ သူ့ကိုဘာမှ ဖြေရှင်းခွင့် မပြုဘဲ သားခံစားချက်တွေကိုပဲ
ထောင်နေခဲ့ရ၏။

''တစ်နေ့မှာ ဒယ်ဒီနဲ့အတူ ဒယ်ဒီ့ရင်ခွင်မှာပဲ သားနေဖို့ ဆုံး
ခဲ့တာပါ၊ ဒါပေမဲ့ အန်တီရဲ့ ကျေးဇူးတွေ သားအပေါ်မှာရှိတယ်



www.burmeseclassic.com

ဒီအတွက် အန်တီ ကျေနပ်အောင် သား နေပေးခဲ့ရတာ၊ အခု အ
မရှိတော့ချိန်မှာ သား ဒယ်ဒီနဲ့ တစ်သက်လုံး နေခွင့်ရပြီ၊ ဒီကလုပ်
တွေ သားအားလုံး ရောင်းချပစ်လိုက်ပြီ၊ မြန်မာပြည်ကို ပြန်မယ် ရည်
ပြီးမှ ဒယ်ဒီ ရက်စက်တယ်''

''သားရယ် သားနဲ့အတူနေရမယ့် ဘဝလေးက ဖေဖေရဲ့
လင့်ချက်ကြီးပဲ၊ ဒါကြောင့် သားကို ဖေဖေ မျှော်နေခဲ့တာပေါ့''

''သားကို မျှော်နေခဲ့တာလား ဒယ်ဒီရဲ့ ဘဝအသစ်
ကြိုးစားနေတာလား ဒယ်ဒီ၊ ဒယ်ဒီဟာ မာမီနဲ့သားအပေါ် သစ္စ
မြတ်နိုးခဲ့သူလို့ သား ယုံကြည်ထားတာ အဲဒီယုံကြည်ချက်နဲ့ မြန်မာ
ပြန်လာဖို့ ကြိုးစားခဲ့တာ၊ အခု သား စင်ကာပူတောင် ရောက်နေ

''ဟင် သား စင်ကာပူတောင် ရောက်နေပြီ''

''ဟုတ်တယ် ဒယ်ဒီ၊ ဒါပေမဲ့ သား ဆုံးဖြတ်ချက်ကို ပြ
ဆင်ရတော့မှာပဲ''

''ဘယ် ဘယ်လို သား''

''အန်တီတောင် သားကိုချစ်တဲ့စိတ်နဲ့ သေတဲ့အချိန်ထိ
ယောက်တည်း ရှင်သန်သွားခဲ့တာပါ ဒယ်ဒီ၊ သွေးသားရင်း ဖြ
ဒယ်ဒီမှာ သားထက် ပိုခင်တွယ်ရမယ့်သူ ရှိနေမှတော့ သားက အ
တွက် လိုအပ်ဦးမှာလဲ''

''မဟုတ်ဘူး သား သားဟာ ဖေဖေ့အတွက် အလိုအ
သူပါ''





''ဒါဆို ဒယ်ဒီ နောက်အိမ်ထောင်ပြုမယ့် ကိစ္စကို ဖျက်ပစ်လိုက်
ဒယ်ဒီ နှုတ်က ကတိပေးရင် သား ဒယ်ဒီရင်ခွင်အရောက် ပြန်ခဲ့မယ်၊
ဟုတ်ရင် သား စင်ကာပူကပဲ ပြန်လှည့်သွားတော့မယ်''

''ဟာ သားရယ်''

သူ စိတ်ပျက်ညစ်ညူးစွာ ညည်းညူမိသည်။ သားကို သူတစ်
လုံး မျှော်လင့်ခဲ့သည်။ ငယ်စဉ်ကတည်းက သားအပေါ်မှာ သူ
တွေးမှု ဘာတစ်ခုမှ မပေးနိုင်ခဲ့ပါ။

အခုချိန်မှာ ဒီအခွင့်အရေးကြီးကို အနှောင့်အယှက်ကင်းစွာ
ပြန်ပိုင်ဆိုင်ရနေပြီ။ ဒါကို သူ ငြင်းခဲ့လျှင် သား သူနဲ့အဝေးဆုံးကို
သွားမည်တဲ့။

သားရင်ထဲမှာ ဒဏ်ရာတွေ တစ်သက်လုံး သူ ထည့်ပေးမိသလို
တော့ အသေအချာ။

''ဒယ်ဒီ တွေဝေနေပြီလား ရတယ် ဒယ်ဒီ၊ လင်းခြိမ်ရဲ့ဆိုတဲ့
က ဒယ်ဒီအတွက် အရေးမပါခဲ့ပါဘူး၊ ဒယ်ဒီနဲ့ မာမီတို့ အသိုင်းအ
ရဲ့ မာနပြိုင်မှုတွေကပဲ အရေးပါခဲ့တာပါ၊ အခုလည်း ဒယ်ဒီဘဝမှာ
ရေးပါနေတာ ဒယ်ဒီ လက်ထပ်မယ့် မိန်းမ''

''သား မင်းဒီလို မပြောပါနဲ့ကွာ ဒယ်ဒီ မခံစားနိုင်ဘူး''

''ဆောရီးပါ ဒယ်ဒီ သားရင်ထဲမှာလည်း ခံစားမှုတွေ တင်းကြပ်
ပ်နေတာပါ''

သား စကားက သူ့ရင်ကို ထိရှစေသည်။ သူ့အပေါ်မှာ သား

www.burmeseclassic.com



ယုံကြည်နားလည်ခဲ့သည်တဲ့။ အဒေါ်ဖြစ်သူကြောင့် သားခမြာ မ
ထားခဲ့ရသည်လား။

အခုချိန်မှာ သားရဲ့ ပြင်းပြသော ဆန္ဒကို သူ ရိုက်ချိ
ပါရဲ့လား။ မိုးစက်ထင် ဆိုတာ သားရဲ့ဖခင်တစ်ယောက်။ လ
ဆိုတာလည်း သူ့ရဲ့ တစ်ဦးတည်းသော သားတစ်ယောက်။

"သား"

"ပြောပါ ဒယ်ဒီ"

"သား ဆန္ဒအတိုင်း ပြည့်စေရမယ် သား။ ဖေဖေ့ဆီကို ပြ
ခဲ့ပါ"

"တ တကယ်လား ဒယ်ဒီ"

ဝမ်းသာအားရသံနှင့် သားမေးလာတော့ သူ့ရင်ထဲမှာ န
ခံစားမှုနှင့်အတူ သတိုး မျက်နှာလေးကို ပြေးမြင်မိသေး၏။

ကိုယ့်ကို ခွင့်လွှတ်ပေးပါ သတိုးရယ်။

"တကယ်ပါ သား။ ဖေဖေ့ဘဝမှာ ဖေဖေ့သားထက်အရေး
သူ မရှိခဲ့ပါဘူးကွာ"

"ဝမ်း ဝမ်းသာလိုက်တာ ဒယ်ဒီရာ သား ဒီကကိစ္စတွေ ပြီ
တာနဲ့ ဒယ်ဒီဆီ အရောက်လာခဲ့မယ်၊ သားကို တစ်သက်လုံး အ
သွားကြမယ် ဒယ်ဒီရယ်"

ကျေနပ်ခြင်း ကြည်နူးခြင်း ပီတိစိတ်တွေ စိမ့်ဝင်နေ
သားရဲ့ အသံကိုနားထောင်ရင်း မွန်းကြပ်နေသော စိတ်ကို သူ ဖေ





စားနေခဲ့ရသည်။

သားအတွက် သူ ပေးဆပ်စွန့်လွှတ်ရမည့် အရာသည် ရင်ဘတ်
နှလုံးသားတစ်ခုပဲ ဖြစ်၏။

လောကကြီး၏ မညီမျှခြင်းဆိုသည်က ဆန့်ကျင်ဘက် ဖြစ်နေ
အရာနှစ်ခုကို တစ်ပြိုင်နက်တည်း ရနိုင်မည်မဟုတ်။ သူ တစ်ခုခု
စွန့်လွှတ်ရလိမ့်မည်။

ထိုအတွက် သူ အတ္တဆန်သူတစ်ယောက် ဖြစ်ခဲ့ပြီလား။

မြသတိုး နက်ရှိုင်းဖြူစင်စွာ ထားခဲ့သော ချစ်ခြင်းကို သူ
ချိုးပစ်ခဲ့သလို ဖြစ်သွားခဲ့ချေပြီ။

ခွင့်လွှတ်ပါဟု မတောင်းဆိုလိုပါ။ နာကျင် ခါးသီးစွာ မုန်းတီး
ဆိုလျှင်လည်း သူကျေနပ်စွာ ခံယူနိုင်အောင် ကြိုးစားရမည်ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကုမ္ပဏီမှာ အလုပ်ပျက်ရက်တွေ များနေသော ကို ...
တက်ရမည်ဟု သတိုးကို ပြောပြထားခဲ့သည်။ သတိုး နားလည်...
ခေါင်းညိတ်ပေးခဲ့၏။

သည်တစ်ပတ်ကျော်လုံးလုံး ကို့ခမြာ အလုပ်တွေ ပျက်...
သည်။ သတိုးနှင့် မင်္ဂလာကိစ္စအတွက် ကို့ခမြာ အတူလိုက် စီစဉ်...
ရရှာ၏။

''ကိုကို သတိုး နားလည်ပါတယ်၊ ကို အလုပ်ပြန်ဆင်း...
သတိုးတို့ မင်္ဂလာကိစ္စလည်း ဘာမှထပ်စီစဉ်စရာ မလိုတော့ဘူး...
အသေးအမွှားကိစ္စလေးတွေ သတိုး စီစဉ်ပါ့မယ်''

''ကျေးဇူးပဲ သတိုး ကိုယ့်ရုံးခန်းမှာ ပုံနေတဲ့ အလုပ်...





...ထားချင်တယ်၊ မင်္ဂလာကိစ္စနဲ့ သားရောက်လာရင်လည်း အလုပ်က
...ဦးမှာမို့ ဒီရက်တော့ နားလည်ပေးနော် သတိုးလေး''

''အမလေးကိုရယ် ဒါတောင်းပန်စရာမှ မဟုတ်တာ အဟင်း
...''

တနင်္ဂနွေ ဆိုသည့်နေ့က ကို ပြောခဲ့သည်။ တနင်္လာနေ့က
...ဖြစ်ကြသလို ကို အနှောင့်အယှက် ဖြစ်မှာစိုး၍ သတိုး ဖုန်းတောင်
...က်ဘဲ ညကျမှ ဆက်ဖြစ်ခဲ့၏။

''သတိုး မနက်ဖြန် အရေးကြီး ကိစ္စရှိလို့ ကိုတို့တွေ့မှ ဖြစ်မယ်''
ကို ဖုန်းဆက်တော့ သတိုး နည်းနည်းတော့ အံ့သြမိသေး၏။
...ပ်တွေနှင့် ရှုပ်နေသော ကို ဘာကိစ္စများ ပေါ်ပြန်ပြီလဲ မသိ။

ပြီးတော့ ကို ချိန်းဆိုသည့် နေရာကလည်း ဆိုင်တစ်ဆိုင်
...တ်ပါဘဲ ကန်တော်ကြီးစောင်းကို ဖြစ်နေသည်။ ကိုနှင့်သတိုး အေး
...မှာ စကားပြော၊ လေကောင်းလေသန့် ရှုလိုလျှင် သွားတတ်သည့်
...ာလေးပါပဲ။

ကို ချိန်းဆိုသော နေရာလေးကိုရောက်တော့ ရပ်ထားသော
...ကားလေးကို တွေ့ရ၏။ အမှန်ဆို ကို ချိန်းဆိုထားသော အချိန်ထက်
...မိနစ်လောက် ကြိုရောက်အောင် သတိုး ထွက်ခဲ့တာ ဖြစ်သည်။

အခုတော့ ကိုက ဘယ်အချိန်ကတည်းက ကြိုရောက်နေသည်
...မသိ။ ရပ်ထားသော ကားနှင့် မဝေးလှသော သစ်ပင်ရိပ်အောက်မှာ
...ဘစ်ယောက်တည်း မတ်တပ်လေးရပ်နေတာ မြင်တော့ သတိုး



www.burmeseclassic.com

www.burmeseclassic.com



သနားသွားမိသည်။

ကားကို ကို့ကား နံဘေးမှာ ထိုးရပ်ပြီး သတိုး ခပ်သွက်သွ
လေး ဆင်းခဲ့သည်။

''ရောက်နေတာ ကြာပြီလား ကို၊ သတိုးက ကို မရောက်
ဘူးထင်လို့ နှမ်မှ ကြိုထွက်လာပါတယ်''

ကို့အနားလျှောက်လာရင်း သတိုး မနားတမ်း ပြောလာသ
ကို့ဆီက တုံ့ပြန်စကား မကြားရပါ။ ကို့မျက်နှာကို အသေအချာ ကြ
ချိန်မှာ သတိုး ရင်ထဲ ထိတ်ခနဲ ဖြစ်မိ၏။

ကို့မျက်နှာက ညှိုးမှိန်နေသည်။ ရှင်းသန့် တည်ကြည်သေ
မျက်နှာပေါ်မှာ ရှိနေသော ကို့မျက်ဝန်း အရိပ်ကို သတိုး ဖတ်ရှု
ခဲ့တာကြာပြီ။

''ကို ဘာဖြစ်တာလဲဟင် ဘာပြဿနာ ရှိလို့လဲ''

သတိုးမေးတော့ သတိုးကို ကြည့်နေသော အကြည့်တွေ
ကန်ရေပြင်ဘက်ဆီ လွှဲသွားကာ ခွန်းတုံ့မပြန်သေး။

''ကို ပြောလေ သတိုးကို ဖုန်းဆက်ခေါ်တာ ဘာကိစ္စ

သတိုး အဆက်မပြတ်မေးတော့ ကို လက်ကာပြရင်း သ
ဘက်လှည့်မကြည့်ပါဘဲ ပြန်ပြော၏။

''ခဏလေး ခဏလေးပါ ကိုယ့်ကို ခဏလေး သည်းခံပေး
ပေးပါ''

တောင်းပန်စကားဆိုရင်း ပင့်သက်တွေ အခါခါချနေသေ





...ကို သတိုး ကြည့်ကာ ပိုလို့ စိုးရိမ်လာသည်။ ဘယ်တုန်းကမှ ကို့ကို
...ပြီ အမူအရာမျိုးနှင့် မတွေ့ဖူးပါ။

အမြဲတမ်း တည်ငြိမ်ကာ သောကကင်းကင်း နေတတ်သောကို
...ည် ဘာကြောင့်အခုလို ဖြစ်နေတာလဲ။ အလုပ်ကိစ္စ ပြဿနာကြောင့်
... ဒါလည်း မဟုတ်နိုင်ပါ။ ကိုသည် စီးပွားရေးမှာလည်း သောကကင်း
...ပါပဲ။

ကို့နှုတ်က စကားတွေကို စောင့်ဆိုင်းရသော မိနစ်တွေကို
...တိုး ရင်ထိတ် ပူပန်စွာ စောင့်နေရတာ စိတ်မရှည်နိုင်ပါ။

''ကို ဘာဖြစ်တာလဲ ဘာပြဿနာလဲ သတိုးကို ပြောစမ်းပါ၊
...ကြီး သတိုး မနေတတ်ဘူး။ ပြောစမ်းပါ ဘယ်လို ကိစ္စဖြစ်ဖြစ်
...တိုး သိသင့်တယ်လေ၊ သတိုး ကူညီနိုင်တာကို ကူညီပေးမှာပေါ့''

''မြသတိုး''

ကို အခေါ်အဝေါ်ကြောင့် သတိုး မျက်ဝန်းလေးတွေ ဝိုင်းသွား
...ည်။ ကို့အကြည့်တွေက ကန်ပြင်ဆီက မခွာသေးပါ။

''ကိုယ်တို့ နှစ်ယောက်ရဲ့ လက်ထပ်ပွဲကို ရုပ်သိမ်းပေးပါကွာ''

''ဘာ''

ဘယ်လိုမှ ထင်မှတ်မထားသော စကားကြောင့် သတိုး တုန်
...ပ်သွားခဲ့ရသည်။ ကို့လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ ချက်ချင်း
...ာမှ မဆိုနိုင်သေး။

''ကိုယ်တောင်းပန်ပါတယ် ကိုယ် ကိုယ်''



www.burmeseclassic.com

www.burmeseclassic.com

''ဘာတွေပြောနေတာလဲကို သတိုးကို မကျိုစယ်ပါနဲ့ ကိုရယ်

ကို့ ကျောပြင်ကို အနောက်မှ လက်နှစ်ဖက်နှင့် သိုင်းဖက်ရ

သတိုး တုန်တုန်ယင်ယင် ပြောမိသည်။

''မြသတိုး ကိုယ့်ကို ကူညီပါ၊ နားလည်ပေးပါ၊ ကိုယ်တို့ လ

ထပ်ပွဲကို''

''မပြောနဲ့ကို သတိုး မကြားရဲတဲ့ စကားကို မပြောပါနဲ့၊ သ

သေလိမ့်မယ်''

ကို့ ကျောပြင်ကို သိုင်းဖက် ကျောမှာ မျက်နှာအပ်ထား

သတိုး ငိုသံနှင့် ပြောမိ၏။ ခေါင်းကိုလည်း တွင်တွင်ခါကာ မျက်ရည်

ဝဲတက်လာတာလည်း ချက်ချင်း။

''မြသတိုး မင်းကို ကိုယ်လက်ထပ်လို့ မဖြစ်တော့ဘူး''

မကြားလိုသော စကားကိုပဲ ကို အခါခါ ပြောနေသည်။ သတို

မျက်နှာချင်းမဆိုင်သော ကို့ ပခုံးကို ဆွဲကိုင်ကာ ခပ်ကြမ်းကြမ်း ဆွဲလှ

ပစ်လိုက်မိ၏။

''ကို''

နှစ်ဦးမျက်နှာချင်းအဆိုင်မှာ မျက်ဝန်းတွေထဲမှာလည်း စိုး

မှုတွေကို မြင်သည်။ တင်းတင်းစေ့ထားသော သွားတွေကြောင့် စိ

သော မွေးညှင်းတို့ အရိပ်ထပ်နေသည့် မေးကြောတွေ တင်းနေ

''မဖြစ်နိုင်တာကို မပြောပါနဲ့ကို သတိုး ရင်ကွဲလိမ့်မယ်၊ ဘ

ကြောင့် သတိုးတို့ မင်္ဂလာပွဲ ပျက်ရမှာလဲ၊ မဖြစ်နိုင်ဘူး၊ အို ဘယ်





ကြောင်းတွေကမှ သတိုးနဲ့ ကို့ကို မဝေးစေနိုင်ဘူး၊ ဒါသေချာတယ်''

သတိုး သွေးရူးသွေးတန်းပြောရင်း ကို ရင်ခွင်ထဲ ခေါင်းဝှေ

ဝင်ဖို့ ကြိုးစားနေမိသည်။

ကိုက သတိုး ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်ပြီး ရင်ခွင်

ထဲမှ ဆွဲထုတ်ခွာသည်။ မျက်ရည်စတွေ သတိုး ပါးနှစ်ဖက်ပေါ် ဘယ်အ

ချိန်က စီးကျလာသည် မသိပါ။

''သတိုး ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်၊ ဘယ်လိုမှ

ဖြစ်နိုင်တဲ့ အကြောင်းတရားတွေကြောင့်ပါကွာ''

ကို တောင်းပန်နေခဲ့တာလား။ ဒါ တကယ်ပဲလား၊ သတိုး

ခွဲမရအောင်ပင် ရင်ထဲမှာ ချောက်ချား သွေးပျက်နေခဲ့သည်။ ကို့

စကားတွေကိုလည်း ခေါင်းတွင်တွင်ခါကာ ငြင်းဆန်မိ၏။

''ဟင့်အင်း မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး ကို့ကို ကျွန်မဘယ်

လောက်ချစ်သလဲဆိုတာ ကိုသိတယ်၊ ကို့ရင်ထဲကိုလည်း သတိုးမြင်တယ်

သိတယ်၊ ဘာအကြောင်းနဲ့မှ ကျွန်မတို့ မဝေးနိုင်ဘူး နော် ကို နော်''

ကို့လက်မောင်းကို ဆုပ်ကိုင်ကာ သတိုး တောင်းပန်မိ၏။

ရူးရှားသွေးပျက်နေသော စိတ်ကြောင့် ကျွန်မတွေရော သတိုးတွေပါ

နာမ်စားတွေ ရောလင်သွားခဲ့၏။

''မင်း ရူးနေသလား မြသတိုး''

ပြတ်သား မာထန်သော အော်သံနှင့်အတူ ကို လက်တွေ

သတိုး လက်နှစ်ဖက်ကို ရက်စက်စွာ ပုတ်ခတ်ဖြုတ်ချပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"မင်းကိုငါ တကယ်ပြောနေတာ မြသတိုး၊ မင်းနဲ့ငါ လက်ထ
မယ့် အစီအစဉ်ကို အချိန်မီ ဖျက်သိမ်းလိုက်ကြစို့"

"မဖြစ်နိုင်ဘူး"

"မင်းမာနရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးလား မြသတိုး"

သတိုး လက်တွေကို တွန်းဖယ်ကာ ကို ရပ်ထားသော ကား
လှမ်းဖို့ပြင်တော့ သတိုး သွေးရူးသွေးတန်း လှမ်းဆွဲမိ၏။

"ဟာကွာ"

ကို လက်က သတိုး လက်ကို ပုတ်အထုတ်မှာ လက်ကော
ဝတ်ဆီက ဆစ်ခနဲ နာကျင်သွားမိ၏။ သတိုး ကို့မျက်နှာကို မယုံနိုင်သော
မျက်ဝန်းတွေနှင့် ကြည့်နေမိ၏။

"ကျေးဇူးပြုပြီး ကိုယ့်ကိုပါ မေ့ပေးပါ သတိုး၊ အဲဒီအတွ
ကိုယ်မင်းကို ကျေးဇူးတင်နေမှာပါ"

ပြောပြီး ကို ကားဆီကို ခပ်သုတ်သုတ် ခြေလှမ်းများ
လှမ်းထွက်သွားခဲ့သည်။ သတိုး အသက်မဲ့ ကျောက်ရုပ်တစ်ရုပ်
ငေးကြည့်နေရင်း သတိဝင်လာကာ ခြေလှမ်းရွှေ့ဖို့ အပြင်မှာ

"ဂူး ဂူး"

"ကို ကို နေပါဦး"

အရှိန်ပြင်းစွာ ခပ်ကြမ်းကြမ်း မောင်းထွက်သွားသော ကား
သည် သတိုးကို ဥပေက္ခာပြု ထွက်ခွာသွားခဲ့လေပြီ။





အင်အား ကင်းမဲ့ ညွှတ်ကွေးကျလုမတတ် ခြေထောက်အစုံ
ို ဒယိမ်းဒယိုင်လှမ်းရင်း သတိုး ကားလေးဆီ ပြန်လျှောက်ခဲ့၏
ထဲမှာ ကို့ စကားသံတွေက ပူလောင်စွာ ပဲ့တင်နေဆဲ။

"မင်း ရူးနေသလား မြသတိုး"

"မင်း မာနရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးလား"

ရက်စက်လိုက်တာ ကိုရယ်။ ပြောရက်လိုက်တာ။ သတိုးရဲ့
နတွေ အကုန်လုံး စွန့်ခွာပြီး နင်းချေပြီး ကို့ကို သတိုးချစ်ခဲ့ မြတ်နိုး
တာပါ။

ဟင့်အင်း ကို့ကို သတိုး အဆုံးရှုံး မခံနိုင်ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သတိုး ကြိုတင်တွေးထင်ထားသည့် အတိုင်းပါပဲ။ ဒီနေ့ တ
မနက်တည်းပဲ ဖုန်းခေါ်ခဲ့တာ ဆယ်ကြိမ်ကတော့ပါ။ ဖုန်းဝင်သွားတို
စက်ပိတ်ပစ်လိုက်တာနှင့်ပဲ ရင်ဆိုင်တိုးသည်။

ကို တကယ်ကို သတိုးကို ရက်စက်ပြနေခဲ့တာ သေချာသည်

သိပ်ကို ရက်စက် အကျည်းတန်လွန်းပါသည်။ တကယ်
သတိုး နှလုံးသားကို ကို နားအလည်ဆုံးပါပဲ။ သတိုးရဲ့ဘဝ တစ်ခု
ပုံအပ်ပြီး ကို့ကိုချစ်ခဲ့၏။

ဒါပေမဲ့ ကိုက ဒါကို ဥပေက္ခာပြုကာ သေချာစွာ စီမံပြီးနေသေ
မင်္ဂလာပွဲကို ဖျက်သိမ်းဖို့ တောင်းဆိုသည်တဲ့။

ရက်ပိုင်းမျှသာ လိုတော့သော မင်္ဂလာပွဲကို အကြောင်းပြချ





အမှုမရှိတဲ့ ကို့ဘက်က ဖျက်သိမ်းနိုင်းတာ သိပ်ကို ရက်စက်လွန်းပါသည်။
အကြောင့်လဲ သတိုး သိချင်သည်။

မဖြစ်နိုင်သော အကြောင်းတစ်ခုဟု ကို ဆိုခဲ့တာ ဘယ်လို
ပြယ်ကြောင့်လဲ။

သတိုး နှစ်ဦးကြားမှာ ဘာအနှောင့်အယှက်မှ မရှိခဲ့ဟု သတိုး
ကြည့်ခဲ့သည်။ ကို ပြောခဲ့စဉ်က ထူပူသွေးပျက်ကာ သတိုး တွေးတော
ခဲ့ပါ။

အိမ်ပြန်ရောက်တော့ သတိုး စဉ်းစားမိတာ ကို့ရဲ့သား လင်းခြိမ့်ရဲ့
ကြောင့်ပဲ ဖြစ်နိုင်သည်။ ကို့သားက သတိုးကို လက်မခံနိုင်ခဲ့တာလား။

ပြတ်သားသော စကားတစ်ခုတော့ သတိုး သိချင်သည်။ ကို့
ဆုံးရှုံးရလျှင် သတိုးဘဝတစ်ခုလုံး သေဆုံးတာနှင့် မခြားတော့တာ
မသိလေရော့သလား။

သတိုး၏ ဖုန်းမဟုတ်သော အခြားသော ဖုန်းတစ်ခုနှင့် ကို့ဖုန်း
ပါတ်လေးကို ဖိနှိပ်ခေါ်ကြည့်တော့ အလွယ်တကူ ဝင်သွားခဲ့၏။

"ဟဲလို မိုးစက်ထင် ပါ"

"ကို ကို့နဲ့သတိုး တွေ့မှဖြစ်မယ်"

သတိုး အသံကြားသည်နှင့် ဖုန်းလိုင်းကချက်ချင်း ပြတ်တောက်
သွားခဲ့သည်။ နောက်တစ်ကြိမ်ခေါ်တော့ ဖုန်းက အပြီးပိတ်လိုက်ပြီ။

"ဟင့်အင်း သတိုးကို အလွယ်တကူ စွန့်ခွာဖို့ မကြိုးစားပါနဲ့
သတိုးအချစ်က အဲဒီလောက် အပေါစားမဆန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝဲတက်လာသော မျက်ရည်စက်တွေကို သိမ်းဆည်းရင်း သ ရပ်ထားသော ကားဆီ လှမ်းလျှောက်ခဲ့သည်။

ကို ရုံးမတက်တာ သတိုး သိထားသည်။ ရုံးခန်းကို ဖုန်းဆ တော့ ခွင့်ရက်ယူထားသည်တဲ့။

သတိုးနဲ့ မဆုံနိုင်အောင် ကို အိမ်ထဲမှာပဲ ရှောင်တိမ်း ပုန်း တာတဲ့လား။

ကိုကို သတိုးတွေ့မှ ဖြစ်မယ်။

■ ■ ■

သူ့ရင်ထဲမှာ တမြေ့မြေ့ ခံစားပူလောင်နေရသည့် အဖြစ် သတိုး မသိရှာတာတော့ သေချာသည်။

မနက်က တစ်မနက်လုံး သတိုး ဖုန်းဆက်သည်။ သတို ဖုန်းနံပါတ်မှန်း သိသည်နှင့် သူဖုန်းကို ပိတ်ပစ်လိုက်သည်။ ဒါနှင့်တော သတိုး တခြားဖုန်းနှင့် သူ့ကို လှမ်းဆက်ခဲ့၏။

သတိုးရဲ့ ခံစားချက်ကို သူ နားလည်ပါသည်။ သတိုးရဲ့ ချစ် ကိုလည်း သူ အကြွင်းမဲ့ သိထားခဲ့သည်။ သူ့အတွက်လည်း သတိုးသ မြတ်နိုးချစ်ခဲ့ရသော နှလုံးသားတစ်ခုပါပဲ။

ဒါပေမဲ့ သားအတွက် သူ့နှလုံးသားကို စတေးဖို့ ဆုံးဖြတ်ပြီး ဒါကို သူ့နှုတ်က ပြောမထွက်တာလည်း အမှန်။





သတိုး သူ့ကို နာကျည်းမုန်းတီးအောင် ခါးခါးသီးသီး စကားတွေ ခဲ့သည်။ နာကျင်အောင် ပြုခဲ့သည်။ ဒါတွေကို သူ မပြုချင်ပါဘဲ ရတာ သတိုး သိလို့မဖြစ်ပါ။

သတိုးနှင့် ရင်ဆိုင်တွေ့လို့လည်း အခြေအနေတွေက ပြောင်းလဲ နိုင်တာ သူ နားလည်သည်။ သားကို သူ ကတိပေးခဲ့ပြီးပြီ။ ခင် သား သူ့ရင်ခွင် အရိပ်အောက် ရောက်လာတော့မည်။

ထိုအချိန်မျိုးမှာ မြသတိုးနှင့် ပတ်သက်နေလို့ မဖြစ်ပါ။ သားရဲ့ သက်တာလုံး နာကျည်းမုန်းတီးမှုကို သူ မပိုင်ဆိုင်လိုပါ။ သားရင်ထဲမှာ တရားကြီးနှင့် ဖခင်ကို တစ်သက်လုံး ဥပေက္ခာပြုသွားမည့် အဖြစ်။

သတိုးရယ် ကိုယ့်နှလုံးသားကို စတေးခဲ့ရတာ မင်းယုံကြည်ပါ။

''ဒေါက် ဒေါက်''

အခန်းတံခါး ခေါက်သံကြောင့် သူ့အတွေးစတွေ ပြတ်တောက် ခဲ့ရ၏။

''ဘယ်သူလဲ''

''ဒေါ်လေးမြိုင်ပါ မောင်မိုး သတိုးလေး ရောက်နေလို့''

''ဟင်''

သူ ဒရင်းဘတ်မှာ ထိုင်လှနေရာက အထိတ်တလန့် ထရပ် မိ၏။ ပြီးတော့ အခန်းတံခါးကို အပြေးဖွင့်ပေးရင်း

''ကျွန်တော် ရှိနေတယ်လို့ ပြောလိုက်သလား ဒေါ်မြိုင်''

''အင်း ပြောလိုက်တယ် မောင်မိုး ဧည့်ခန်းထဲမှာ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

သူနှင့် မြသတိုးအကြောင်း ဒေါ်မြိုင်တို့ ဘာမှမသိရှာသေး ဒါကြောင့်လည်း သတိုး ဧည့်ခန်းထဲအထိ ရောက်လာနိုင်တာ ဖြစ်

''အင်း ကျွန်တော်ရဲ့ စာကြည့်ခန်းကို လွှတ်လိုက်ပါ ဒေါ် ကျွန်တော် စောင့်နေလိုက်မယ်''

''အေး အေး လွှတ်လိုက်မယ် မောင်မိုး''

ဒေါ်မြိုင် ပြန်ထွက်သွားသည်နှင့် သူ့ရဲ့စာကြည့်ခန်းဘက် ထွ လိုက်သည်။ သူနှင့် မြသတိုးတို့ စကားတွေကို ဒေါ်မြိုင်တို့ အ မကြား မသိစေချင်ပါ။

တစ်ချိန်မှာ သားနှင့်သူ့ကြားက နားလည်မှု ချစ်ခြင်းမေ တွက် ပြဿနာ ဖြစ်ခံစမည့် ဘယ်အရာကိုမှ မဖြစ်စေချင်ပါ။

စာကြည့်ခန်းထဲမှာ သူ ရပ်စောင့်နေတုန်းမှာပဲ မြသတိုး ဝ ၏။ ဆံပင်ရှည်ရှည်တွေက ဖီးသင်ထားပုံမရ။ မျက်နှာနုနုလေးမှာလ ဘာအခြယ်အသမှ ပြင်ဆင်မထား။

မျက်ကွင်းလေးတွေ အတော်ချောင်ကျနေသော သတိုး ချောမောလှပနေပေမယ့် အပူရုပ်က ထင်ရှားပေါ်လွင်နေ၏။

သူ့ရင်ထဲမှာ ဖြစ်တည်လာသော သနားစိတ်နှင့် ကြေကွဲစိ မျိုသိပ်ရင်း အကြည့်လွှဲထားရ၏။

''ကို''

''မင်း ဘာကြောင့် ဒီအထိ လိုက်လာရတာလဲ မြသတိုး''





''သတိုးနဲ့ကို တွေ့မှဖြစ်မယ်၊ သတိုးတို့ ဆွေးနွေးဖို့ လိုအပ် ကို''

''ငါ တောင်းပန်ပါတယ်၊ ဘာမှမဖြစ်နိုင်တော့လို့ပါ''

''သတိုး မျက်နှာကိုကြည့်ပြီး ပြောပါကို ကို့မျက်ဝန်းတွေထဲက နှုန်းတွေကို သတိုး ရှာကြည့်ချင်လို့ပါ''

သတိုး စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားမိ၏။ အမြဲတမ်း ရိပ်ကို ဖတ်ရှုတတ်သော သတိုးနှင့်သူ မျက်ဝန်းချင်း ရင်မဆိုင်

''ကို သတိုးကို ကြည့်စမ်းပါ''

ပြောရင်း သတိုး သူ့အနားထိ လှမ်းလာတာမို့ သူ ဖျတ်ခနဲ ကြည့်ကို လက်ကာထားမိရင်း

''ထိုင်ပါ သတိုး ကိုတို့ အေးအေးဆေးဆေး စကားပြောရ င်''

သတိုး သူ့စကားအတိုင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။ သည် မှ သူလည်း သတိုးနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်မိ၏။

တိတ်ဆိတ်မှုတွေနှင့် နှစ်ယောက်သား ဘာစကားမှ မဆိုဖြစ်ကြ ိန်မှာ သတိုးအကြည့်တွေ သူ့မျက်နှာဆီမှာ စူးစူးနစ်နစ် ရှိနေတာ နေသည်။

''ကို ညက အိပ်ပျက်ထားတယ် ထင်တယ် မျက်နှာနည်းနည်း တယ်''



www.burmeseclassic.com

www.burmeseclassic.com



သို့ယောဇဉ်နွယ်သော စကားတွေကို သတိုးဆီက မကြား[illegible] နှစ်ဦးကြားမှာ ဒီလို နှောင်တွယ်မှုတွေက မရှိသင့်တော့ပါ။

"မြသတိုး မင်းဆွေးနွေးချင်တာ ဘာလဲ"

"ကိုကို သတိုးဘယ်တော့မှ မခွဲနိုင်ဘူး ကို"

"အဲဒါတွေ မပြောနဲ့တော့ မြသတိုး ကိုယ်တောင်းပန်ခဲ့[illegible] ပြောခဲ့ပြီးပြီ၊ ကိုယ်တို့လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး၊ သတင်းစာ[illegible] တောင် ဒီနေ့ပဲ ကိုယ်ကြော်ငြာ ထည့်လိုက်ပြီ"

"ဟင်"

သတိုး မျက်နှာသွေးဆုတ် ဖြူလျော်သွားခဲ့တာ ချက်[illegible] ပြီးတော့ ခေါင်းကိုခါရမ်းရင်း

"မဖြစ်နိုင်တာ သတိုး လက်မခံဘူး၊ သတိုးတို့ ဖိတ်စာ[illegible] တောင် ဝေခဲ့ပြီးပြီ"

"အဲဒါကြောင့် သတင်းစာမှာ တရားဝင် ကြော်ငြာထည့်[illegible] တာ၊ ကိုယ့်မိတ်ဆွေတွေကိုလည်း ဖုန်းဆက် ဖျက်သိမ်းပြီးပြီ"

"ဟင် ကို ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ သတိုးကို ဘ[illegible] ဒီလိုရက်စက်ခဲ့တာလဲ၊ တစ်ခုခု ပြောစမ်းပါ သတိုး သိချင်တယ်"

မြသတိုး နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ရီကာ မေး[illegible] ချောက်ချားချား မေးနေလေပြီ။ အခုချိန်မှာ သူ မရှင်းပြလို့ မရ[illegible] တာ နားလည်နေ၏။

သူထိုင်ခုံမှထကာ စာအုပ်စင်ပေါ်က စာအုပ်တစ်အုပ်ကို [illegible]





[illegible]ိုက်၏။ ပြီးတော့ ဓာတ်ပုံလေးတစ်ပုံကို စာအုပ်ကြားက ယူကာ [illegible]င်းဆီ လျှောက်လာကမ်းပေးလိုက်၏။

"အဲဒါ ကိုယ့်ရဲ့သား လင်းခြိမ့်ပါ"

သတိုး မျက်ရည်ဝဲသော မျက်ဝန်းတွေနှင့် ဓာတ်ပုံလေးကို [illegible]ကြည့်သည်။

"သားအတွက် ကိုယ်နဲ့မင်းတို့ လက်ထပ်မယ့် အစီအစဉ်ကို [illegible]သိမ်းလိုက်ရတာပါ မြသတိုး"

"မ မဟုတ်ဘူးလေ သတိုး ကိုနဲ့ ပတ်သက်သမျှ အရာရာအား [illegible]ကို ခွင့်လွှတ်နားလည်ပေးနိုင်တာ ကို သိပါတယ်၊ သားကိုလည်း [illegible]အုံး ချစ်နိုင်တယ်ဆိုတာ ကို ယုံကြည်စမ်းပါ"

"ကို ယုံကြည်ပေမယ့် သားက ကိုယ်တို့လက်ထပ်ပွဲကို အလို [illegible]ဘူး မြသတိုး"

"ဟင်"

"ဟုတ်တယ် သားရင်ထဲမှာ အမြစ်တွယ်နေတဲ့ ခံစားချက်တွေ [illegible]နေတယ် မြသတိုး၊ ကိုယ့်ကို သားက မိသားစုကို ဥပေက္ခာပြုသူလို့ [illegible]င်နေခဲ့တာ၊ ဒါကို သူမိခင်မရှိတော့ချိန်မှာ ကိုယ် သားသိအောင် [illegible]လည်အောင် ကြိုးစားယူခဲ့ရတယ်၊ သားနဲ့ကိုယ် နားလည်မှုရလုလု [illegible] သူ့ဒေါ်နဲ့ ဘိုးဘွားတွေက အမေရိကားကို ပညာသင်ဖို့ ခေါ်သွားခဲ့ [illegible]ယ်၊ အခု သူတို့မရှိကြတော့ဘူး၊ သားကလည်း ကိုယ့်ဆီ ပြန်လာ[illegible] [illegible]ဖြတ်ပြီး ရောက်လာတော့မယ်၊ ဒါပေမဲ့ သားက ကိုယ်နေ့[illegible]

www.burmeseclassic.com



ထောင်ထူမှာကို လုံးဝလက်မခံဘူး''

''သတိုး ကို့အပေါ်ထားတဲ့ ချစ်ခြင်းကို သူ နားမလည်သေ
ဖြစ်မှာပါကိုရယ် သတိုးလေ သားကို''

''ခဏလေး သတိုး အဲဒါတွေကို သားလုံးဝ လက်မခံ
အဲဒါ ဘာကြောင့်လဲဆိုတော့ သားရင်ထဲမှာ ဒဏ်ရာတွေ ရှိနေ
ကိုယ်တို့ သားအဖ ဝေးနေချိန်မှာ သူ့အနားမှာရှိနေတဲ့ အဒေါ်က
သွင်းထားလို့ပဲလေ၊ ကိုယ် လက်ထပ်မယ်ဆိုတာ သား ကိုယ့်ဆီတယ်
မှ ပြန်လာမှာ မဟုတ်ဘူးတဲ့''

''သတိုးကို အဲဒီအကြောင်းတစ်ချက်နဲ့ ကို စွန့်လွှတ်ဖို့ ဆုံး
ခဲ့တာလား''

''ကိုယ့်ကို နားလည်ပါ သတိုးရယ်၊ သားနဲ့ဆုံတွေ့ခွင့်က ဒီ
ခါ နောက်ဆုံး အခွင့်အရေးပဲ၊ ဒါကို ဥပေက္ခာပြုလိုက်ရင် သားရင်ထဲ
အမုန်းတွေနဲ့ တစ်သက်လုံး ခံစားနေရမှာ သေချာတယ်''

''သတိုးနှလုံးသားအတွက်ကော ကို မစဉ်းစားတော့ဘူး
ဟင်၊ ကို့ကို သတိုး ဘဝထက်ပိုပြီး ချစ်ခဲ့တာပါ''

ပြောရင်း သတိုး မျက်ဝန်းတွေထဲက မျက်ရည်တွေ ပေါက်
စီးကျလာတော့ သူ မမြင်ရက်စွာ ခေါင်းငုံ့ပစ်လိုက်၏။

''ကို''

''ဟင်''

သူ နံဘေးက ဆိုဖာထိုင်ခုံမှာ သတိုး သုတ်ခနဲဝင်ထိုင်သ





း လက်နှစ်ဖက်က သူလည်ကို သိုင်းဖက်လာသည်။ ပြီးတော့
တ်သိပ်သိပ် အနမ်းတို့ သူ့မျက်နှာအနှံ့ ကျရောက်လာ၏။

''ကိုရယ် သတိုး ကို့ကို သိပ်ချစ်တယ်''

ရှိန်းမြနွေးထွေးသော အနမ်းကြွေထဲမှာ သူ့ရင်ခုန်သံတွေ ထိန်း
ရနိုင်ခဲ့ဘဲ သတိုး ကျောပြင်လေးကို ယောင်ယမ်းသိုင်းဖက်မိ၏။

တင်းတင်းကြပ်ကြပ် ပူးကပ်နေမိသော ရင်နှစ်လွှာရဲ့ နွေးထွေး
သော အထိအတွေ့၊ သတိုးရဲ့ ဝင်သက်ထွက်သက် လေပူနွေးနွေး
သူလည်တိုင်မှာ ထိတွေ့နေ၏။

သူ့မျက်ဝန်းတွေထဲကို စားပွဲပေါ် သတိုး တင်ထားသော သား
ပုံလေးက ဝင်ရောက်လာတော့

''ဟင်''

သူ့ရင်ခွင်ထဲက သတိုးကို သူ အထိတ်တလန့် ဝုန်းခနဲ တွန်း
ပစ်လိုက်မိတော့၏။

''မြသတိုး သွား မင်းသွားပါတော့''

''ကို''

''ဟင့်အင်း မင်းငါ့ဘဝကို မဖျက်ဆီးပါနဲ့ သားနဲ့ငါရဲ့ အနာဂတ်
မဖျက်ဆီးလိုက်ပါနဲ့ ငါတောင်းပန်ပါတယ် ကွာ''

သူ အထိတ်တလန့် ဟစ်အော်ရင်း ဆတ်ခနဲ ထရပ်မိ၏။
လှမ်းတို့က အနောက်ကို တရွေ့ရွေ့လှမ်းဆုတ်ကာ သတိုးကို တော
တီးလျှိုးသော မျက်ဝန်းတွေနှင့် ကြည့်နေမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်ပါ မြသတိုး၊ ငါမင်းကျေနပ်တဲ့အထိ တောင်းယ
တယ်"

မျက်နှာလေးပေါ် ဝဲကျနေသော ဆံနွယ်တွေကို သတိုး လ
တစ်ဖက်နှင့် သပ်တင်ရင်း သူ့ကို စူးစူးနစ်နစ် ကြည့်နေ၏။

မျက်ခုံးအရင်းဖျား နှစ်ဖက်ထိလုမတတ် တွန့်ကွေးထားသေ
သတိုး အကြည့်တွေကို သူတစ်ခါမှ မပိုင်ဆိုင် မမြင်ဖူးခဲ့ပါ။ သေချာသ
က ယုယကြင်နာမှုတို့ ထိုအကြည့်တွေထဲမှာ တစ်စက်လေးမျှ မပါ
သေချာ၏။

မင်း ကိုယ့်ကို မုန်းတီးရွံရှာသွားပြီလား သတိုး။

"တောင်းပန်တယ် ဟုတ်လား။ ဟင့်အင်း ကျွန်မလိုချင်တ
အဲဒါ မဟုတ်ဘူး"

"မင်း မင်း ဘာကိုလိုချင်တာလဲ မြသတိုး"

သူမ နှုတ်ခမ်းလေးတွေ လွန့်ခနဲ ပြုံးသည်။ လှပမြတ်နိုးခဲ့သေ
မျက်နှာလေးမှာ သူ ပိုင်ဆိုင်ရရှိနေသမျှသည် အမုန်းတရားတွေလာ

"ကျွန်မ လိုချင်တာ တန်ရာတန်ကြေးတစ်ခု"

"ဟင် ဘယ်လို"

"တန်ရာတန်ကြေးပေါ့ ငွေကြေးမဟုတ်တဲ့ တန်ရာတန်ကြေ
ရှင့်ကို ကျွန်မနှလုံးသား ပုံပြီးချစ်ခဲ့တယ်၊ ပြီးတော့ ကျွန်မဘဝရဲ့
လင့်ချက်တွေ ပုံပြီးချစ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မ ပေးဆပ်ခဲ့တာနဲ့ ထိုက်
တဲ့ အရာတစ်ခုမှ မရခဲ့ဘူး။ ကျွန်မရဲ့ ဂုဏ်သိက္ခာတွေပဲ ဆုံးရှုံး နစ်န





မယ်၊ အထူးသဖြင့် ကျွန်မနှလုံးသားနဲ့အတူ ကျွန်မဘဝပါ ဆုံးပါးသွား
မြသတိုးကို ရှင် လျော်ကြေး ပြန်ပေးရလိမ့်မယ်"

ပြောရင်း သူမ ထရပ်သည်။ ပြီးတော့ သူရှိရာကို တရွေ့ရွေ့
လာသည်။ သူ ခြေလှမ်းတို့နောက်ကို လှမ်းဆုတ်မိသေးပေမယ့်
ရာပြင်နှင့် စာအုပ်စင်ကြီးက ထိနေပြီ။

မြသတိုး သူနှင့် မျက်နှာချင်းဆိုင်ရပ်သည်။ မျက်ဝန်းတွေက
ကား စူးရှလျက် ပန်းသွေးရောင် နှုတ်ခမ်းလေးက အပြုံးသည်
ညှည်းရိပ်တွေ ထင်ထင်ရှားရှား။

"ရှင့်ကို ကျွန်မသိပ်ချစ်ခဲ့တယ်၊ ဒါပေမဲ့ အခု ရွံမုန်းသွားပြီ
က်ထင်"

သတိုး စကားက ရင်ကို စူးစူးနစ်နစ် ထိုးစိုက်ချသော ဓားသွား
ခဲ့လို ထိရှစေ၏။ ဒါပေမဲ့ သူ ကျေနပ်စွာပဲ မျက်နှာမော့ပေးရင်း

"မင်း ကိုယ့်ကို နာနာကျင်ကျင် ရိုက်သွားလိုက်ပါ မြသတိုး"

မျက်ဝန်းတွေမှိတ်ကာ သူမရဲ့ အမုန်းနှင့် တုံ့ပြန်မှုတွေကို သူ
နေလိုက်ပေမယ့် သူမလက်ဖဝါး အထိအတွေ့က ကျရောက်မလာပါ။

သူမျက်ဝန်းတွေ ဖွင့်ကြည့်တော့ အောက်နှုတ်ခမ်းလေးကို
တင်းဖိကိုက်ထားသော မြသတိုး ကိုတွေ့၏။

"ဟင့်အင်း ကျွန်မ ရှင့်ခန္ဓာကိုယ် အရေပြားကို ဘာဒဏ်ရာ
ချက်မှ မပေးပါဘူး အဟင်း ဟင်း"

လှောင်ပြောင်သလို ရယ်မောရင်း မြသတိုး နောက်ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်သွားခဲ့၏။ ပြီးတော့ စားပွဲပေါ်က သားရဲ့ဓာတ်ပုံလေးကို ကော ယူသည်။

"ကျွန်မ နှလုံးသားကို ရှင့်သားအတွက် နင်းချေပစ်ခဲ့တယ် ကျွန်မ ဘယ်တော့မှ မမေ့ဘူး ဦးမိုးစက်ထင်"

ထိုစကားအဆုံးမှာ မြသတိုး အခန်းထဲက တစ်လှမ်းချ ကျောခိုင်းထွက်သွားခဲ့သည်။

သူ မင်သက်စွာ ကျောက်ရုပ်ပမာ ကျန်ရစ်ခဲ့သည်။

မြသတိုး သူ့ကို အပြီးတိုင် ဥပေက္ခာပြုသွားခြင်းလား။ ဒါ ဟုတ် စိန်ခေါ်သွားခဲ့တာလား။

သူ ဝေခွဲမရနိုင်တာတော့ အမှန်။

■ ■ ■



## အခန်း (၂၂)

"ဘယ် ဘယ်လို ဖြစ်ကုန်တာလဲ သမီးရယ်၊ ဒေါ်လေးမုံ ဘာမှ မလည်နိုင်တော့ဘူး"

လက်ထဲက သတင်းစာကို မယုံသလို မျက်ဝန်းတွေနှင့် ကြည့် ဒေါ်လေးမုံ ရေရွတ်နေသည်။

သတင်းစာထဲက နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ဖျက် ခြင်းသတင်းကို သတိုး တွေ့ပြီးခဲ့ပြီ။

"ရှင်းပါတယ် ဒေါ်လေးမုံ သတိုးနဲ့သူ မင်္ဂလာပွဲပျက်သွားပြီပေါ့"

"သမီးတို့ ဘာတွေဖြစ်ကြတာလဲ ဒီရက်အတွင်းမှာ သမီးကို ဒေါ်လေးမုံ သတိထားမိတယ်၊ တစ်မျိုးပဲ ရန်ဖြစ်ကြတာလား။ ဒီလောက် ထိ မဖြစ်သင့်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးမုံ မချိုတင်ကဲ ဆိုနေသည်။ မင်္ဂလာပွဲရက်တွေ ညည့်ခံပွဲဖိတ်စာတွေရေ၊ မင်္ဂလာဝတ်စုံတွေတောင် လက်ဝယ်ပိုင်ပိုင် နေပြီးမှ ဒီလိုအခြေအနေတွေ ဖြစ်ကုန်သည်ဆိုတော့။

''သမီးတို့ ပြန်စေ့စပ် ညှိနှိုင်း''

''ဟင့်အင်း ဘာမှ မလိုအပ်တော့ဘူး ဒေါ်လေးမုံ ဒီကိ ဒေါ်လေးမုံ မေ့ပစ်လိုက်ပါတော့''

စားပွဲပေါ်က သတင်းစာလေးကို သတိုး ဆတ်ခနဲ ကောက် ကာ ထွက်ခဲ့တော့ ဒေါ်လေးမုံ ငေးငေးလေး ကြည့်ကျန်ရစ်ခဲ့သည်

အခန်းထဲရောက်တော့ သတိုး တံခါးကိုပိတ်ကာ ခုတင် ပစ်လဲပစ်လိုက်မိ၏။ တင်းထားသော စိတ်တွေပြေလျော့ ချလိုက်သည် မျက်ရည်တွေက အဆီးအတားမဲ့စွာ လိမ့်ဆင်းလာကြသည်။

မျက်ရည်တွေက သတိုး တစ်သက်မှာ ဘယ်သောအ ကုန်ဆုံးမည် မဟုတ်ပေမယ့် နှလုံးသားက ခန္ဓာကိုယ်ကြီး ရှင်လ သေဆုံးခဲ့တာတော့ သေချာနေပါသည်။

သူ သတိုးကို ရက်စက်သည်ထက် ရက်စက်စွာ ပြုမူသွာ တာကို သတိုး သိပါသည်။

သတိုးနှင့်ဆုံပြီးနောက်မှာ သူ စင်ကာပူမှ သူ့သားရှိရာ လိုက်သွားသည်တဲ့။ သူတို့သားအဖ စင်ကာပူမှာ လည်ပတ်ကြဦးမည် ပြီးလျှင် လေးနိုင်ငံခရီးလှည့် လည်ပတ်ကြဦးမည်ဟုလ ကြားသည်။





သူတို့သားအဖ နှစ်ဦးဆုံတွေ့ ပျော်ရွှင်နေကြချိန်တွေမှာ သတိုး တော့ သည်မှာ ပတ်ဝန်းကျင်ရဲ့ ရင်ဆိုင်မှုတွေနှင့် ကျန်ရစ်ခဲ့ရအောင် စီစဉ်ခဲ့တာဖြစ်၏။

''ဘယ်လိုဖြစ်တာလဲ မြသတိုးရယ်''

''စိတ်မကောင်းလိုက်တာ ငါတို့က မင်္ဂလာဖိတ်စာတွေတောင် ဥ်ထားပြီဆိုတော့''

''ကျုပ်တို့ တကယ်အံ့ဩနေကြတာ၊ ကိုမိုးစက်ထင်ဆီ ဖုန်းဆက် မရလို့ မြသတိုးဆီ ဆက်မေးတာပါဗျာ''

အားလုံးရဲ့ ဝေဖန်မှု၊ ကဲ့ရဲ့မှု၊ အံ့ဩပါသည်၊ စာနာပါသည်ဆို ာ စကားလုံးတွေအောက်မှာ နစ်မြုပ်အောင် သူ စီစဉ်သွားခြင်းဟုပဲ ိုး ယုံကြည်ပါသည်။

ရှင် သိပ်ရက်စက် ရွံရှာဖို့ကောင်းတဲ့ ဦးမိုးစက်ထင်။

ကျွန်မ နှလုံးသားကို ခွဲခဲ့တာတင် မဟုတ်ဘူး၊ ကျွန်မဂုဏ်သိက္ခာ ပါ စော်ကားနင်းချေပစ်ခဲ့တာပဲ။

နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းတဲ့။ ဒါ ဘာမှမသိလိုက်သော သူ တစ်ဦးတည်းရဲ့ အစီအစဉ်။ ပြီးတော့ ဦးကြားမှ လူသိရှင်ကြား စေ့စပ်ခဲ့တာ မဟုတ်။

မင်္ဂလာညည့်ခံပွဲ ဖိတ်စာတွေ အတူဝေခဲ့တာပဲ ဖြစ်သည်။

သတိုးကို အနိုင်တိုက်သွားခဲ့ခြင်းကတော့ ခံရခက်ပါသည်။ ခြင်းတွေအပြင် အရာရာကို ပုံအပ်ခဲ့တဲ့ သတိုး၊ ချစ်ခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com

ထိုက်တန်တဲ့ အရာတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။

မျက်ရည်စတွေကြားက ခေါင်းမော့အကြည့်မှာ စားပွဲပေါ်

လင်းခြိမ်ရဲက သူ့ကို ပြုံးပြုံးလေးကြည့်နေခဲ့၏။

ဦးမိုးစက်ထင်ရဲ့ တစ်ဦးတည်းသော သား လင်းခြိမ်ရဲ့တဲ့၊ သ

နှလုံးသားကို သူ့ကြောင့် နင်းချေခံလိုက်ရခြင်းတဲ့လား။

မျက်ခုံးစိမ်းစိမ်းတွေနှင့် ပီရိသော အနားသတ်တွေ ထင်

သော နှုတ်ခမ်းပြည့်ပြည့်ကတော့ ဖခင်နဲ့ တစ်ထေရာထည်း။

သူ့မျက်ဝန်းတွေကတော့ ဖခင်နှင့်မတူပါ။ ညှို့မှိုင်းကာ အ

တွေနှင့် အမြဲရှင်သန်နေသူလို ထင်ရသည်။

ယော်စဉ်ကတည်းက ဖခင်နှင့် ဝေးကွာနေသူ တစ်ယောက်

ဒီလို ခံစားချက်တွေနှင့် မျက်ဝန်းတွေ ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နိုင်သ

ပေါ့။

ဒါပေမဲ့ လင်းခြိမ်ရဲသည် ချောမောတည်ကြည်သော ဖခင်တ

ရဲ့သားပီပီ ချောမောလွန်းပါသည်။

ဟင့်အင်း ထိုအရာတွေက သူမအတွက်တော့ ဘာမှ အရေး

သော ခံစားမှုတွေ မဟုတ်တာလည်း သေချာ၏။

မြသတိုးအတွက် ကမ္ဘာမှာ အရေးအပါဆုံးသော သူက တ

ဦးပဲ ရှိပါသည်။

ဒါက မိုးစက်ထင် ဦးမိုးစက်ထင်တစ်ယောက်သာ ဖြစ်၏။ ဘ

သောအခါမှ ကျွန်မ ဦးနှောက်ထဲက ရှင် ပျောက်ပျက်မသွားဘူး ဦး





ဝင်ထင်။

ဒါ မလွဲနိုင်တဲ့ အကြောင်းတရား တစ်ခုပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဖေဖော်ဝါရီ ဆယ့်တစ်ရက်နေ့က သူ မြန်မာပြည်က ထွ
တာ ဖြစ်သည်။ ချစ်သူများနေ့ မတိုင်ခင် သုံးရက်အလိုမှာ စင်ကာ
သူ ထွက်ခဲ့သည်။

ဘယ်သူ့ကိုမှလည်း သူ အသိမပေး အကြောင်းမကြား
အထူးသဖြင့် မြသတိုး မသိစေချင်တာကြောင့် ဖြစ်သည်။ သူ သတင်
ထဲမှာ ထည့်လိုက်သော ကြော်ငြာကို မြသတိုး မြင်တွေ့လျှင် ဒါသ
မှာသိနေသည်။

ဒါပေမဲ့ သူ့မှာ ရွေးချယ်ခွင့်မရှိပါ။ သားပုံကြည်အောင်ပြ
ဒီတစ်ချက်ပဲရှိသည်။

သူ ရောက်လာခြင်းအတွက် သားက အံ့ဩဝမ်းသာစွာ ကြ





သည်။

''ဒယ်ဒီ ဒီကိုလာမယ်ဆိုတော့ သားအံ့ဩသွားတာ၊ သားက
အလုပ်ကိစ္စလေးတွေ မပြတ်သေးလို့ ဒယ်ဒီရဲ့ ပြီးတာနဲ့ ရန်ကုန်ထွက်
ယ်''

''ရတယ် သား ဖေဖေသားကို တွေ့ချင်လို့ကွ ပြီးတော့ ဖေဖေရဲ့
ကူးလေးကိုလည်း အကောင်အထည်ဖော်ချင်လို့''

''ဒယ်ဒီက ဘာစိတ်ကူးရှိလို့လဲ''

''ဩော် ဘာရယ်မဟုတ်ဘူး မြန်မာပြည် အပြင်ဘက်ကို
က်တုန်းရောက်ခိုက် ခရီးလေးထွက်ချင်လို့ကွ၊ ဖေဖေရဲ့ လုပ်ငန်းတွေ
လူယုံနဲ့ လွှဲခဲ့တယ်''

''ဒယ်ဒီက ဘယ်သွားချင်လို့လဲ''

''ရောက်တုန်း ရောက်ခိုက် အဆင်ပြေနိုင်မယ့် နိုင်ငံတွေ သွား
ဘယ်ကွာ၊ ဖေဖေ တစ်လလောက် အားလပ်နေတယ်''

''ဟာ ဒါဆို ကောင်းတယ် ဒယ်ဒီ သားလည်း မြန်မာပြည်
င်ခင် သွားချင်တဲ့ နေရာလေးတွေ ရှိနေလို့''

''အိုကေတာပေါ့ သားရ၊ ဖေဖေပါ လိုက်မယ် ဖြစ်မလား''

''ဘာလို့ မဖြစ်ရမှာလဲ ဒယ်ဒီ၊ သားက အာရှနိုင်ငံတွေရဲ့
ချိအနုပညာကို လေ့လာနေတာ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား
င်တွေ သွားချင်သေးတယ်''

သူ အံ့ဩသွားမိသည်။ အမေရိကားမှာ စီးပွားရေးပညာတွေ



www.burmeseclassic.com

www.burmeseclassic.com

သင်ယူနေသော သားက ပန်းချီအနုပညာတွေ ဝါသနာပါနေသည်တဲ့

"သားက အနုပညာကို ဝါသနာပါလို့လား"

သူမေးတော့ သားပြုံးနေသည်။ သိမ်မွေ့ညင်သာစွာ ပြုံး

သော သားသည် သူ့မိခင်နှင့် အတော်တူသည်။ ပြီးတော့ သ

မျက်ဝန်းတွေက မိခင်ဖြစ်သူနှင့် တစ်ထေရာတည်း။

"သား ငယ်ငယ်ကတည်းက ပန်းချီဝါသနာပါတယ် အ

အန်တီက သိပ်လက်မခံလို့ စီးပွားရေးပညာတွေ သင်နေရတာ၊ ဘို

တို့ရဲ့ စီးပွားရေးလုပ်ငန်းကိုပဲ အန်တီက သားကို ဦးစီးစေချင်နေတာ

သူ နားလည်စွာ ယဲ့ယဲ့ပြုံး ခေါင်းညိတ်မိပါသည်။ ဒေါ်သ

ခင်က တကယ့်စီးပွားရေးသမားဆိုတော့ တူဖြစ်သူကို သူ့လိုပဲ ဖြစ်

မှာ သေချာ၏။

"သား ဝါသနာကြောင့် အပင်ပန်းခံပြီး ပန်းချီပညာတွေ

ထားတယ် ဒယ်ဒီ၊ ဒယ်ဒီကိုလည်း သား ခွင့်တောင်းချင်သေးတ

"ဘာလဲသား ပြောလေ ဘာခွင့်တောင်းမှာလဲ"

"သား မြန်မာပြည်ရောက်ရင် အနုပညာ အထူးသဖြင့်

ပညာနဲ့ ပတ်သက်တာတွေပဲ လုပ်ချင်တယ်၊ စီးပွားရေးလုပ်ငန်

ကို သား သိပ်စိတ်မဝင်စားဘူး"

သားက သူ့မျက်နှာကို မဝံ့မရဲကြည့်ရင်း ပြောသည်။ သ

ဆန္ဒကို သူ ဘောကျပါသည်။ နူးညံ့သော စိတ်ထားမျိုး သားမှာရှိ





နွယ်နှင့်တူတာကြောင့်ပဲ ဖြစ်မည်။

ဒါပေမဲ့ သားကို နွယ့်လို တစ်စုံတစ်ယောက်ရဲ့ လွှမ်းမိုးမှု

ကော်မှာ မရှင်သန်စေချင်ပါ။

"သား ဝါသနာကို ဖေဖေ အပြည့်အဝ ပံ့ပိုးပေးမယ် သား၊

ဝါသနာအတိုင်း ရှင်သန်ပါ"

"ဟာ တကယ်လား ဒယ်ဒီ"

"တကယ်ပေါ့ကွာ သားက ခံစားတတ်တဲ့ နှလုံးသားလူလေ

တော့ သားရဲ့ခံစားချက်ကို ဖေဖေနားလည် ပံ့ပိုးပေးမှာပါ၊ သားဘဝကို

ချုပ်ကိုင်မထားဘူး၊ ငါ့သားကို ဖေဖေ ယုံကြည်တယ်"

ဒီလို နားလည်ယုံကြည်ပေးမှုတွေ သားဘဝမှာ ခံစားပိုင်ခွင့်

မပေါ်ပါ။ သူ့စကားကြောင့် သား ကျေနပ်သွားတာ အထင်အရှား

တွေ့နေရသည်။

သားရဲ့မိခင်နွယ်သည် အစ်မကြီးရဲ့ လောင်းရိပ်အောက်မှာ

သေဆုံးခဲ့သည်။ သားကိုတော့ ဒီလိုမဖြစ်စေချင်ပါ။ နောက်ဆုံး သူ

သိတိုင် သားအပေါ် မလွှမ်းမိုး မချုပ်ကိုင်ချင်ပါ။

"ဪ ဒယ်ဒီကို သားတစ်ခု မေးစရာရှိသေးတယ်"

"ဘာလဲ သား မေးလေ"

သားအကြည့်တွေ သူ့ဆီမှာ စူးစူးနစ်နစ် ရောက်ရှိကာ စ

အကဲခတ်ကြည့်နေပြီးမှ

www.burmeseclassic.com



''ဒယ်ဒီ လက်ထပ်မယ်ဆိုတဲ့ မိန်းမနဲ့ကိစ္စ''

သူ ပေါ့ပါးစွာပြုံးလိုက်သည်။ ပြီးတော့ သားပခုံးကို နွေးထွေ
ဆုပ်ကိုင်လိုက်ရင်း

''ဖေဖေတို့ ကိစ္စပြီးပြတ်သွားပြီ၊ ဖေဖေ မြန်မာပြည
ထွက်ခဲ့တဲ့ နေ့ကပဲ သတင်းစာထဲမှာ ရှင်းရှင်းလင်းလင်း ကြော်ငြာခဲ့
မြန်မာပြည်ရောက်ရင် သားစုံစမ်းကြည့်လို့ရတယ်''

''သား ဒယ်ဒီကို ယုံပါတယ်၊ တစ်ခု ထပ်မေးချင်တယ်၊
အဲဒီမိန်းမကို စွဲစွဲလန်းလန်း မခံစားရပါဘူးနော်''

သားစကားကြောင့် ရင်ထဲမှာ ဆစ်ခနဲ ခံစားရ၏။
ခံစားချက်တွေကို သူ မျိုသိပ်နိုင်ခဲ့ပါသည်။

''သားရယ် ဖေဖေ့ဘဝမှာ သားကလွဲပြီး ဘယ်သူကမှ
မပါပါဘူး''

''သိပ်ကို ကျေးဇူးတင်ပါတယ် ဒယ်ဒီ၊ သား ဒယ်ဒီကို
ချစ်ပါတယ်၊ သား အရမ်းကံကောင်းပါတယ်၊ သားဘဝမှာ ဒယ
အပြည့်အဝဆုံး ဖခင်ပါ''

''သားကိုလည်း ဖေဖေ သိပ်ချစ်ပါတယ်ကွာ''

သားနှင့်သူ နွေးထွေးစွာ ဖက်မိကြသည်၊ သားအပေါ် ထာ
ချစ်ခြင်းကို ပြသဖို့အတွက် သူ့ဘက်က ပေးဆပ်ခဲ့ရတာတွေကို
သိစရာမလိုဟု ထင်သည်။





အတိတ်ဆိုတာ မေ့ပစ်အပ်သော အရာမဟုတ်ပေမယ့် သား
က် သူမေ့ပစ်ရပါမည်။

မြသတိုးသည် သူ့ဘဝထဲမှာ သေဆုံးခဲ့ပြီဟု . . .။

■ ■ ■

သားရဲ့ဆန္ဒအတိုင်း အာရှနိုင်ငံအချို့ကို သူတို့ လည်ပတ်ဖြစ်ခဲ့
သားက ပန်းချီပညာတွေ လေ့လာသည်။ ပန်းချီပညာဆိုင်ရာ
တွေဝယ်သည်။

သူကတော့ သားဆန္ဒကို ဖြည့်ဆည်းရင်း ခံစားချက်တွေကို
ပါးအောင် ကြိုးစားဖြစ်၏။

မြသတိုးနှင့် ပတ်သက်သည့် သတင်းကိုလည်း သူမေ့ထားလို့
မြန်မာပြည်မှာ ကျန်ရစ်ခဲ့သော သူ့ရဲ့ လုပ်ငန်းတော်ကို မေးမြန်းစုံစမ်း

''အခြေအနေ ဘာထူးလဲ ကိုဇော်ကို''

''အခုတော့ တည်ငြိမ်သွားပါပြီဆရာ၊ မြသတိုးလည်း ရန်ကုန်
တော့ အားလုံး မေ့မေ့ပျောက်ပျောက် ဖြစ်သွားပုံပဲ''

''ဟင် မြသတိုး ဘယ်သွားတာလဲ''

''ဘယ်သွားသလဲ မသိပေမယ့် သူ့ခြံနဲ့တိုက်ကို ရောင်းပြီးသွား
ဆရာ၊ ဟို ဒီဝန်းကျင်က ရင်ဆိုင်နေရတဲ့ သူတွေကို မတွေ့ရတော့



www.burmeseclassic.com

ဘူးထင်ပါရဲ့''

''သြော် အေးအေး''

''ဟို ဆရာတို့ သားအဖကော ဘယ်ခေတ်လောက် မြန်မာ

ရောက်မလဲဆရာ''

''ငါတို့ တစ်ပတ်လောက်ဆို ပြန်ဖြစ်မယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာတို့ ပြန်တဲ့နေ့ ဖုန်းဆက်ပါ ကျွန်

လာကြိုပါ့မယ်''

ကိုဇော်ကို ဖုန်းချသွားတော့ သူ ရင်မောနဲ့ရှိ ကျန်ရစ်ခဲ့သ

သူ့လုပ်ရပ်က သတိုးကို ထိခိုက်နာကျင်မှုတွေ အမျာ

ကြုံတွေ့စေခဲ့ပြီ ထင်သည်။ သတိုး ရန်ကုန်မြေကို စွန့်ခွာသွားခဲ့ပြ

''သတိုးရေယ် ကိုယ့်ကို မင်းဘဝအဆက်ဆက် နာကျည်

ပြီထင်ပါ့''

မြသတိုး အတွက် စိတ်မကောင်း ဝမ်းနည်းရပေမယ့် သူ

သားအတွက်တော့ ကောင်းမွန်သော အခြေအနေကို ရောက်ခဲ့တာ မ

နိုင်ပါ။

မြသတိုး အန္တရာယ်ကြောင့် သားကို ရန်ကုန်ခေါ်ဖို့ အ

စိုးထိတ်နေခဲ့၏။ ဒါကြောင့်လည်း မြန်မာပြည် မပြန်သေးဘဲ တစ်လ

ရှောင်တိမ်းနေခဲ့တာ ဖြစ်၏။

ခုတော့ မြသတိုး ရန်ကုန်မှာ မရှိတော့ဆိုသော သတင်

သားကို သူ စိတ်ချလက်ချ မြန်မာပြည် ခေါ်နိုင်ပြီ။





သူ့အတွက် မြသတိုး အမြဲတမ်း ပေးဆပ်ခဲ့သည်။ အခုလည်း

သားအဖနှင့် အဝေးဆုံးကို ထွက်သွားခဲ့ရှာပြီ။

ကိုယ်က အတ္တဆန်လွန်းတဲ့ လူတစ်ယောက်ဖြစ်ခဲ့ပြီ မြသတိုး

နောင်ဘဝအဆက်ဆက်မှာ ကိုယ်ပြန်ပေးဆပ်ချင်ပါရဲ့။

■ ■ ■



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အိပ်မက်ဆုံရာ" ပန်းချီပြတိုက်ဆိုသည့် ထည်ဝါလှသော
ဘုတ်ကြီးကို သူ ကြည်နူးကျေနပ်စွာ မော့ကြည့်နေမိသည်။

ပေတစ်ရာ၊ တစ်ရာ့ငါးဆယ် အကျယ်အဝန်းရှိကာ လေ
အဆောက်အဦးကြီးဖြစ်သော 'အိပ်မက်ဆုံရာ' ပန်းချီပြတိုက်
သူ အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြီ။

မြန်မာပြည်ကို ရောက်ပြီး တစ်နှစ်ကျော်ခန့် အချိန်
ဒီအဆောက်အဦးကြီးကို သူ ဆောက်လုပ်ပြီးခဲ့တာ ဖြစ်သည်။

သူ့ဆန္ဒ စိတ်ကူးတွေကို အပြည့်အဝ ထောက်ပံ့ကူညီပေး
ဒယ်ဒီပဲဖြစ်၏။

"သား ဝါသနာပါတဲ့အလုပ်ကို အားစိုက်လုပ်ပါ၊ တခြား
ရေး လုပ်ငန်းတွေရဲ့ကိစ္စ အဝဝကို ဖေဖေ့တာဝန်ထား"





ဒယ်ဒီသည် သူ့ကို ဝါသနာအတိုင်း ရှင်သန်လုပ်ကိုင်ခွင့်ပေးကာ
ရဲ့စီးပွားရေး လုပ်ငန်းတွေကို တာဝန်ယူပေးရှာသည်။

"ဒယ်ဒီ တစ်ယောက်တည်း ကုမ္ပဏီတွေကို ဦးဆောင်နေရတာ
င်ပန်းမှာပေါ့"

"အဟွန်း သားက ဖေဖေ့ကို အိုပြီထင်လို့လားကွ၊ ဖေဖေ
သက် လေးဆယ်ကျော်ရုံပဲ ရှိပါသေးတယ်ကွာ၊ ဘာအလုပ်မှမလုပ်ဘဲ
ဘ်တုတ်ထိုင်နေရမယ့် အရွယ်မဟုတ်သေးပါဘူး။ ဖေဖေ လုပ်နိုင်ပါတယ်
ကွ"

"မဟုတ်ပါဘူး သားက ဒယ်ဒီ ပင်ပန်းမှာစိုးလို့ ပြောတာပါ"

"နိုး ပြဿနာမရှိဘူး၊ ဖေဖေကိုယ်တိုင်က အလုပ်မလုပ်ဘဲ
နေတတ်ဘူးကွ"

ဒယ်ဒီက သူ့စီးပွားရေးလုပ်ငန်းများစွာကို နိုင်နင်းအောင် ဦး
ဆောင်နိုင်ခဲ့၏။ ဒါကြောင့်လည်း သူ့ရဲ့ 'အိပ်မက်ဆုံရာ' သည် တစ်နှစ်
ကျော်ခန့်နှင့် အကောင်အထည် ပေါ်လာခဲ့သည်။

"တကယ်ဗျာ ကိုလင်းခြိမ့်ရဲ့ ပန်းချီပြတိုက်က မြန်မာပြည်ရဲ့
ပထမဆုံး အဆင့်မီ ပန်းချီပြတိုက်ကြီးပဲ"

"ဂုဏ်ယူပါတယ် ကိုလင်းခြိမ့်၊ ခင်ဗျားရဲ့ ပန်းချီပြတိုက်ကြီး
အနုပညာသမားတွေအတွက် အဖိုးတန် ဂုဏ်ယူစရာပါပဲ"

အားလုံးက သူ့ပြတိုက်ကို ချီးကျူးကြသည်။ သူကိုယ်တိုင်လည်း
ငွေကြေး အရင်းအနှီးများစွာ မြှုပ်နှံကာ ဒီပြတိုက်ကို တည်ထောင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကမ္ဘာအနှံ့ အာရှ၊ ဥရောပ အစရှိသော တိုင်းပြည်အသီး
က ပန်းချီလက်ရာကားများကို သူ့ပြတိုက်မှာ ပြသထားသည်။ က
ကျော် ပန်းချီပညာရှင်ကြီးများ၏ ပန်းချီကားတချို့လည်း သူ့ပြတိုက်
ထည့်ဝါစွာ ရှိသည်။

သူတို့၏ ပုံတူရုပ်ထုများနှင့် အတ္ထုပ္ပတ္တိများကိုလည်း လေ့လ
ဖတ်ရှုခွင့်ရအောင် စီစဉ်ပေးထားခဲ့၏။

မြန်မာပြည်က ပန်းချီပညာရှင်ကြီးများ၏ ပန်းချီကားမျာ
လည်း သူ့ပြတိုက်မှာ ကြည့်ရှု ခံစားနိုင်သည်။

သူရေးဆွဲထားသော ပန်းချီကားများနှင့် အခြားသော ပန်
ပညာရှင်များ၏ ပန်းချီကားများကိုလည်း ပြပွဲများ စီစဉ်ပေးဖို့ သူစိမ်ထ
သည်။

ဒယ်ဒီခမြာမှာတော့ သူ့ရဲ့ ပန်းချီပြတိုက်ဖွင့်ပွဲကိုပဲ တက်ရော
နိုင်ခဲ့ရှာကာ စီးပွားရေးအလုပ်တွေနှင့် မအားလပ်နိုင်အောင် ဖြစ်နေခဲ့
ယခုလည်း ဒယ်ဒီ စင်ကာပူကိုရောက်နေရှာသည်။ သူစီစ
သော ပန်းချီပြပွဲကိုတောင် တက်နိုင်မည်လား မသေချာပါ။

လာမည့်နောက်လကထဲမှာ 'အိပ်မက်ဆုံရာ' ပန်းချီပြတိုက်
ပထမဆုံး ပန်းချီပြပွဲရှိသည်။ သတင်းစာ၊ ဂျာနယ်များမှာ သူကြော်ငြာ
ပန်းချီပညာရှင်များကို ဖိတ်ခေါ်ထား၏။

သူကိုယ်တိုင်လည်း သူ့ရဲ့ ပန်းချီကားတွေ ပြပွဲတင်ပြမည်





ပြပွဲတင်မည့် ပန်းချီကားတွေကိုလည်း သူ အချိန်ယူ ရေးဆွဲ
ခဲ့၏။ ပြပွဲရက်မတိုင်ခင် နောက်ထပ်ပန်းချီကား တစ်ချပ်တော့ သူ
ည်ဟု စိတ်ကူးထားသည်။

''ဟာ''

''အိုး''

အတွေးလွန်ကာ ဂျာနယ်တိုက်ထဲကအထွက် တစ်စုံတစ်ယောက်
ျက်နှာချင်းဆိုင်ကြီး ဝင်တိုက်မိတာ ဖြစ်သည်။

''ဆော ဆောရီးဗျာ''

ကိုယ်နှင့် တိုက်မိသူက မိန်းမသားတစ်ယောက်ဟုသော အသိ
ကြောင့် ချက်ချင်း အားနာတောင်းပန်မိသည်။ သူနှင့် အတိုက်ခံရ
ာ မိန်းကလေးလက်ထဲက ဂျာနယ်တွေလည်း အောက်ကိုပြုတ်ကျ
ရှာ၏။

''ကျွန်တော် တောင်းပန်ပါတယ်ဗျာ''

သူ ထပ်တောင်းပန်ရင်း ပြုတ်ကျနေသော ဂျာနယ်တွေကို
ကောက်ပေးလိုက်ရ၏။

တစ်ချိန်တည်းမှာပဲ သူမကို သူ သတိပြုမိသည်က ဂုတ်ဝဲ
င်တိုတိုလေးကြောင့် ဝင်းမွတ်ကြည်လင်နေသော မျက်နှာလှလှလေး
ဖြစ်သည်။

မျက်ခုံးလေးက ကိုင်းညွတ်လို့ မျက်တောင်ကော့ကြီးတွေ ငြိမ်
သော မျက်ဝန်းလေးတွေကလည်း လှသည်။ နှာတံစင်းစင်းလေးအောက်



www.burmeseclassic.com

www.burmeseclassic.com



က နှုတ်ခမ်းလေးက စွဲမက်စရာကောင်း၏။

ရွှေရောင် ဆံပင်တွေ ဝင်းခတ်ထားသော မျက်နှာလေး

အပြစ်ဆိုလို့ မြူတစ်မှုမထင်အောင် လှပသော မျက်နှာလေး။

"အိုကေ ရပြီ ကျေးဇူးပဲ"

သူ ကောက်ယူပေးသော ဂျာနယ်တွေကို လှမ်းယူပြီး သူ

တစ်ချက်ကြည့် ကျေးဇူးတင်စကားဆိုသော အသံချိုချိုလေးကလည်း

စွဲမက်စရာကောင်းပါသည်။

ချက်ချင်း ချာခနဲလှည့်ကာ ထွက်သွားသော သူမကို

ငေးငေးလေး ရပ်ကြည့်ကျန်ရစ်ခဲ့သည်။

ပန်းဆီရောင် ကိုယ်ကျပ် အင်္ကျီခါးရှည်လေးအပေါ်မှာ အ

ရောင်ခါးတိုဝတ်စကုပ်လေးကို စိမ်းနုရောင် ဘောင်းဘီရှည်နှင့် တွဲ

ဝတ်ဆင်ထားသော သူမရဲ့ ပြေပြစ်သော ကောက်ကြောင်းတွေကို

သတိမထားဘဲ မနေနိုင်ခဲ့ပါ။

တကယ်လှတဲ့ မိန်းကလေး။ သူ့ထက်တော့ အသက်ကြီးပုံရ

ဒါပေမဲ့ နုပျိုသော မျက်နှာလေးက ချစ်စရာကောင်းသည်။

တစ်ခဏလေးမြင်ရုံနှင့် သူ့အာရုံထဲမှာ စွဲငြိသွားခဲ့တာ အ

■ ■ ■

လင်းခြိမ်ရဲ့ CYGNUS ကားနက်ကြီး မောင်းထွက်သွား

အထိ သတိုး မမိုတ်မသုန် ရပ်ကြည့်နေမိသည်။

မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့မှ ပလက်ဖောင်





ထားသော MARK II ကားကြီးပေါ်ကို သတိုး တက်လိုက်သည်။

ထဲက ဂျာနယ်တွေကို ဒက်ရှ်ဘုတ်ပေါ် ပစ်တင်ကာ ကူရှင်မှာ

ခေါင်းလေးမှီထိုင်လိုက်၏။

မျက်ဝန်းတွေမှိတ်ကာ ငြိမ်သက်နေပေမယ့် အာရုံထဲမှာ အရိပ်

ထင်လာတာ မိုးစက်ထင်ရဲ့မျက်နှာ။

ပုံမှန်လည်ပတ်စီးဆင်းနေသော သွေးတို့သည် ဆူဝေ ပွလောင်

ကြပြန်၏။ တစ်နှစ်ကျော်ဆိုသော အချိန်ကာလသည် ခံစားမှုတစ်ခုကို

အေးသွားနိုင်လောက်သည်လား။

သတိုးအတွက်တော့ ရင်ထဲက ခံစားမှုတွေသည် ဘယ်သော

မှ ပျောက်ပျက်သွားမည် မဟုတ်ပါ။ အရေပြားပေါ်က ဒဏ်ရာသော

ကင်းသွားချင် သွားမည်။ နှလုံးသားက ဒဏ်ရာကတော့ ပျောက်

ကင်းဖို့ ခက်ခဲပါလိမ့်မည်။

သတိုးပိုင်ဆိုင်ခဲ့ရသော ဒဏ်ရာတွေက နှလုံးသားနှင့် ရင်းနှီး

ပေးဆပ်ခဲ့ရတာလေ။ ချစ်သူအတွက် သတိုး အရာရာကို ပေးဆပ်ချစ်ခဲ့

သည်။ စွန့်လွှတ် မြတ်နိုးခဲ့သည်။

ဒါပေမဲ့ ထိုအရာတွေအတွက် သတိုး ရရှိခဲ့သော ဆုလာဘ်က

တော့ သိပ်ကိုခါးသီးလွန်းပါသည်။

နှလုံးသားကို ထိရှစေသော ခံစားချက်ဆိုသည်က ကိုယ်တိုင်

ခံစားဖူးမှ သိနိုင်တာမျိုး။

သတိုး ခံစားရတဲ့ ဝေဒနာခံစားချက်မျိုး ရှင်လည်း မကြားခင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင် ခံစားစေရမယ် ဦးမိုးစက်ထင်။

အချစ်ကြီးရင် အမုန်းကြီးတတ်တယ်တဲ့။

ရှင်တို့ဘဝထဲကို မြသတိုး ဝင်လာဦးမှာပဲ။ အဲဒီအတွက် ယ

ခြိရံက သတိုးရဲ့ သားကောင်းလေး တစ်ကောင်ပေါ့။ ဒီပွဲမှာ သတိုး

နိမ့်လို့ မဖြစ်ဘူး။

သတိုး အနိုင်ရဖို့အတွက် ဘယ်လိုအရာမျိုးနဲ့ ပေးဆ

ပေးဆပ်ရပါစေ ပေးဆပ်ဖို့အသင့်ပဲ။

အဆင်သင့် ပြင်ထားတော့ လင်းခြိရံ။

■ ■ ■



## အခန်း (၂၅)

ခဲကြမ်းတစ်ချက် မတင်ရသေးသော ဘောင်ကြတ်ထားသော

ပတ်စဖြူဖြူကို သူ အတန်ကြာအောင် ငေးကြည့်နေမိခဲ့သည်။

အဖြူရောင် ကင်းဗတ်စပေါ်မှာ ထင်လာသော ပုံရိပ်က သူမရဲ့

နှာလေးပဲ ဖြစ်နေခဲ့သည်။ တဒင်္ဂလေးပဲ ဆုံတွေ့ခဲ့သော မိန်းမ

ယောက်ပုံရိပ်ကို ဘာကြောင့် သူ့အာရုံထဲမှာ စွဲမြဲထည့်သိမ်းထားခဲ့မိ

လဲ မသိတော့ပါ။

တစ်စုံတစ်ရာသော တွန်းအားတစ်ခုက သူ့ကို ပုံဆွဲခုံမှာ ဝင်ထိုင်

သည်။ ပြီးတော့ အာရုံထဲမှာ စွဲမြဲနေသော ပုံရိပ်ကို သူကောက်ကြောင်း

ပြွန်သည်။

တစ်စတစ်စ ပီပြင်ထင်ရှားလာသော သူမရဲ့ ပုံတူမျက်နှာ

သည် ဘောင်ကြတ်ထားသော ပန်းချီကားထဲမှာ အရိပ်ထင်



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ကိုင်းညွတ်သွယ်တန်းနေသော မျက်ခုံးလေးတွေ၊

ညှို့နိုင်စွမ်းသော မျက်နက်ဝန်းလေးတစ်စုံ။

ကျစ်ကျစ်လျစ်လျစ် သွယ်တန်းစင်းနေသော နှာတံ

ပြီးတော့ စိုလဲ့နီမြန်းသော နှုတ်ခမ်းလှလှလေး တစ်စုံ။

ရွှေဝါရောင် ဂုတ်ဝဲဆံတိုလေးတွေကိုလည်း သူ သက်ဝင်

သက်စွာ ရေးဆွဲနေခဲ့မိပြန်၏။

စိတ်၏ ဆွဲဆောင်ရာမှာ နစ်မျောပါသွားခဲ့သော သူ့လက်

သည် အာရုံထဲက ပုံရိပ်ကို ပီပြင်ထင်ရှားစေခဲ့သည်။

သူ သတိတားမိတော့ မနက်စာ စားချိန်ကိုပင် ကျော်လွန်

အောင် သူ ပန်းချီထိုင်ဆွဲနေမိခြင်းဟု သိလိုက်တော့၏။

သူ့ရဲ့ သီးသန့်ပန်းချီခန်းလေးထဲမှာ ပန်းချီဆွဲချိန် ဆို

မည်သူမှ လာအနှောင့်အယှက် မပေးကြပါ။ ဘွားမြိုင်ကလည်း ထ

စားဖို့ လာမခေါ်ရဲပါ။

သူ အသေအချာ မှာထားသော စကားအတိုင်း အိမ်ကလူ

အားလုံး နာခံကြခြင်း ဖြစ်သည်။

ဝမ်းထဲမှာ ဆာလောင်နေပေမယ့် သူ ပန်းချီကားကို

မခွာနိုင်ဘဲ ငေးကြည့်မိပြန်သည်။ ကာလာအရောင်တွေ အပြီးမ

ရသေးသည့်တိုင် သူမ ပုံရိပ်က ပီပီပြင်ပြင် ရုပ်လုံးပေါ်နေခဲ့ပြီ။

ပုံဆွဲခုံက ထရပ်ကာ ပန်းချီပုံကို သူ မတ်တပ်ကြည့်မိ

ကိုယ့်ကိုကိုယ် အံ့ဩစိတ်လည်း ဖြစ်မိသည်။ ဘယ်တုန်း





န်ချီကို မဆွဲဖူးခဲ့သော သူဘာကြောင့် သူမရဲ့ပုံကို ဆွဲမိသည်မသိ။

တကယ်ဆို သူ ဖန်တီးရေးဆွဲဖြစ်သော ပန်းချီကားများသည်

အားမှုနှင့် သက်ဆိုင်သော စိတ္တဇဆန်ဆန် ပန်းချီကားများသာ

အခုတော့ သူ့ရှေ့မှာ အပြီးမသတ်ရသေးသော အမျိုးသမီး

သာက်ပုံတူ ပန်းချီကားကို သူ ရေးဖြစ်ခဲ့ပြီ။ ဒါ သူ ပထမဆုံး

ခဲ့သော ပုံတူပန်းချီကားပဲ ဖြစ်၏။

အံ့ဩစရာကောင်းလွန်းသည်က သူမကို သူ တဒင်္ဂလေးသာ

မြင်ခဲ့ရတာဖြစ်၏။ သို့ပေမယ့် သူ့စိတ်အာရုံကို သူမက ပိုင်စိုး

ိက်နိုင်စွမ်းသည်။

"အဖွှာသခင်"

သူ့နှုတ်က တီးတိုးရေရွတ်မိသည်။ ပန်းချီကားရဲ့ အမည်လေးကို

သောကျစွာ ပြုံးမိပြန်သည်။

သူ့အတွင်းစိတ်ကို စိုးမိုး သိမ်းပိုက်နိုင်စွမ်းသော သူမသည်

ိရဲ့ သခင်မ၊ အဖွှာသခင်ပဲ ဖြစ်သင့်သည်ပေါ့။

သူ၏ 'အိပ်မက်ဆုံရာ' ပန်းချီပြပွဲမှာ တင်ပြမည့် ပန်းချီကား

ပ်ကို ဒီလိုပုံတူ ပန်းချီကား ရေးဆွဲဖြစ်တာသာ ဒယ်ဒီ သိလျှင်

ြာဦးမည် မသိပါ။

အခုချိန်ထိ ချစ်သူရည်းစား မရှိသော သားဖြစ်သူက မိန်းမ

သာက်ပုံတူ ဆွဲဖြစ်သည်ဆိုလျှင် ဒယ်ဒီ အံ့ဩမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်သည့်က ဒယ်ဒီမေးလာလျှင် သူမှာ ရေရေ
အဖြေပေးနိုင်မည် မဟုတ်။ ဘယ်ဆီဘယ်က ဘယ်သူမှန်းမသိ
အမျိုးသမီး တစ်ယောက်ပါဟု ဆိုခဲ့လျှင် ဒယ်ဒီ လက်ခံနိုင်မည်
ထူးတော့ ထူးဆန်းနေပြီ အဖွားဘ သခင်မလေးရေ။

■ ■ ■



## အခန်း (၂၆)

"ကိုလင်းရေ အိပ်မက်ဆုံရာ ပန်းချီပြပွဲအတွက် ပန်းချီကားတွေ
ဘာတင်တဲ့ ဆရာတွေက အများကြီးဗျို့"

သူ ရုံးခန်းထဲ ဝင်လာသည်နှင့် တာဝန်ခံ ကိုဇော်မျိုးက ပြော
တာသည်။

"ဟုတ်လား ကောင်းတာပေါ့ဗျာ၊ ပန်းချီဆရာများများနဲ့ လက်
ရာ စုံလင်တဲ့ ပြိုင်ပွဲကြီး ဖြစ်သွားတာပေါ့"

"ဒါထောင် ပန်းချီဆရာတစ်ယောက်ကို ကားငါးကားပဲ လက်ခံ
ထိုနေ၊ ဒီ့မို့ ဘယ်လောက်အထိ များမလဲ မသိဘူး။ ပြခန်းနှစ်ခန်းစလုံး
ပြည့်လျှံသွားမလားပဲ"

"အခု ပန်းချီဆရာ ဘယ်နှစ်ယောက် စာရင်းရပြီလဲ"

"ပန်းချီကားတွေနဲ့အတူ စာရင်းပေးထားတဲ့ ပန်းချီဆရာတွေက



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်နှစ်ယောက်ရှိပြီ၊ ပန်းချီကားက စုစုပေါင်း တစ်ရာ့ခြောက်ဆ
လေ၊ အဲ နေဦး စောစောက စာရင်းလာပေးသွားတဲ့ ပန်းချီဆ
မော်ကဝေရဲ့ကားတွေ မပါသေးဘူး''

ကိုဇော်မျိုး စကားကြောင့် သူ မျက်မှောင်ကုပ်သွားမိသည်
နားကြားလွဲသလားထင်ကာ ထပ်မေးမိ၏။

''ပန်းချီဆရာမ နာမည်က ဘယ်သူဗျ''

''မော်ကဝေ တဲ့''

''ဟား နာမည်က ဆန်းလှချည်လား နည်းနည်းပြင်းထန်သ
ပဲ''

''ကလောင်နာမည် တင်ပြင်းတာ မဟုတ်ဘူး ကိုလင်းရဲ့ ပ
ကား ငါးကားစလုံးကလည်း ခံစားချက်ပြင်းပြင်းနဲ့ ရေးထားတာတွေပဲ

''ဘယ်မှာလဲဗျ ကျွန်တော် စိတ်ဝင်စားသွားပြီ''

''ဒုတိယထပ်မှာ တင်ထားတယ်၊ ညာဘက်အစွန်ဆုံး နံ
ကိုလင်း''

ကိုဇော်မျိုးဆိုတော့ ဒုတိယအလွှာကို သူ တက်ခဲ့လိုက်သ
မော်ကဝေဆိုသော ကလောင်အမည်နဲ့ ထိုဆရာမရဲ့ ပန်းချီကားတွေ
သူ တွေ့ချင်တာကြောင့်ဖြစ်၏။

ချိတ်ဆွဲထားသော ပန်းချီကား ငါးကားကို မြင်လိုက်ရ
သူမျက်ခုံးတွေ စိတ်ဝင်တစား ပင့်တက်သွားစေခဲ့သည်။

ဆေးရောင်ရဲရဲ လက်ရာရဲရဲနှင့် တင်ပြထားသော ပန်းချီ





ကားစလုံးသည် စိတ္တဇဆန်ဆန် ကားတွေပဲဖြစ်သည်။

ငါးကားထဲမှာ တစ်ခုသော ပန်းချီကားကို သူ့ စိတ်အာရုံတွေ
စိုက်သွားစေခဲ့သည်။

''ချစ်ခြင်းနိဂုံး''

အမည်ပေးထားသော ပန်းချီကားအမည်ကို ရေရွတ်ရင်း ပန်းချီ
ားကို သူ အသေအချာ စူးစိုက်ကြည့်မိသည်။

အဝါရောင်နောက်ခံမှာ အဖြူရောင် သတို့သမီး ဂါဝန်နှင့်
င်နေသော မိန်းမတစ်ယောက် ပုံဖြစ်သည်။ ထူးခြားသည်က အဖြူရောင်
တို့သမီးဂါဝန်ကို အသေးစိတ် ပီပြင်စွာ ခြယ်သထားသည်။

သတို့သမီး၏ မျက်နှာကတော့ ဝေဝေဝါးဝါး ပုံရိပ်စုတ်ချက်
သောဖြစ်သည်။ သတို့သမီးလက်ထဲမှာ ပွေ့ပိုက်ထားသော အဝါရောင်
န်းဆီတွေက အနီရောင်သွေးစက်တို့ စီးကျနေပုံကလည်း သက်ဝင်ပီပြင်
လွန်းပါသည်။

ငေးကြည့်နေရင်း သူ့ရင်ထဲမှာ ဆို့ဆို့နစ်နစ်ကြီး ခံစားလာရ
သည်။

''တကယ့် စိတ်ခံစားမှု ပြင်းပြင်းပေးတဲ့ ပန်းချီကားပဲ''

အနောက်ကို ဘယ်အချိန်က ရောက်နေသည် မသိသော
ဇော်မျိုး အသံကြားမှ သူ သတိဝင်လာရင်း

''ဟုတ်တယ်ဗျာ ခံစားချက်က ထိရှလွန်းတယ်၊ ကျွန်တော့
တောင် ရင်ထဲမှာ တစ်မျိုးဖြစ်သွားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း အဲဒီဆရာမကို မမြင်လိုက်လို့ဗျ တော်တော်ချော
အမျိုးသမီးပဲ ကိုလင်းထက်တော့ အသက်နည်းနည်းကြီးပုံရတယ်

ကိုဇော်မျိုး စကားကို နားထောင်ရင်း နှစ်ယောက်သား အော
ထပ်ရုံးခန်းလေးဆီ ပြန်ဆင်းခဲ့ကြသည်။

ပန်းချီကားတွေ လာပို့သော ပန်းချီဆရာနှစ်ယောက်
ရောက်လာ၍ ကိုဇော်မျိုးတို့ လက်ခံရင်း အလုပ်တွေရှုပ်ကျန်ခဲ့သ
သူကတော့ သူ့ရုံးခန်းထဲ လှမ်းဝင်ခဲ့သည်။

ဒီပြပွဲမှာ သူလည်း ပန်းချီကား ငါးကားတင်ဖြစ်သည်။ ဒါ
သူနောက်ဆုံး ရေးဆွဲဖြစ်ခဲ့သော 'အဖွဲ့တာသခင်' ပန်းချီကားကို
ပြပွဲ မတင်ဖြစ်တော့ပါ။

ပန်းချီကားထဲမှ ပုံရိပ်ရှင်သည် အပြင်လောကမှာ တကယ်
သော မိန်းကလေးတစ်ဦး ဖြစ်နေတာကြောင့် ဖြစ်သည်။

ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ သူ့ပြခန်းမှာ မတင်လို
တစ်ချိန်ချိန်မှာ သူမနှင့် ပြန်ဆုံလျှင်တော့ သူ ရိုးသားစွာ ခွင့်တော
ကြည့်မည်ဟု စိတ်ကူးထားသည်။

ဒါပေမဲ့ ခက်သည်က သူမနှင့်ပြန်ဆုံဖို့ ဆိုသည်ကလ
စိတ်ကူးယဉ် ဆန်လွန်းပါသည်။

သူကတော့ ရောက်လေရာမှာ သူမကို တွေ့လို့တွေ့ငြား ရှာ
ကြည့်မိသည်။ ရယ်တော့ ရယ်စရာကောင်းသည့် အဖြစ်။

ထိုမိန်းကလေးကို ပြန်ဆုံဖို့ သူမျှော်လင့်နေခြင်းက စိတ်ကူး





သည်။ ထိုထက် မိုက်မဲမိခြင်းက သူမကို သူ ပြန်ဆုံလိမ့်မည်ဟု
စွာ ယုံကြည်နေမိခြင်းပင် ဖြစ်သည်။

ကံကြမ္မာသည် သူတောင့်တသော ဆန္ဒကို ဖန်ဆင်းပေးလာခဲ့
တော့...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သားရဲ့ ပန်းချီပြခန်း ဖွင့်ပွဲရက်အမီ သူ မြန်မာပြည်ကို
ရောက်ပြန်ခဲ့သည့်အတွက် သားကတော့ ကျေနပ်ဝမ်းသာနေသည်

''သား အရမ်းဝမ်းသာ ကျေးဇူးတင်တယ် ဒယ်ဒီ၊ သာ
ပြပွဲအမီ ဒယ်ဒီပြန်မရောက်နိုင်တော့ဘူး ထင်နေတာ''

''ဖေဖေ အရောက်လာမှာပေါ့သားရာ ဒါ သား စိတ်
ပြီးတော့ ပထမဆုံး ပြုလုပ်တဲ့ ပန်းချီပြပွဲပဲကွ၊ ဒါနဲ့ ပန်းချီဆရာ
နှစ်ယောက် ပြပွဲတင်သလဲ သား''

''စုစုပေါင်း လေးဆယ့်ရှစ်ယောက် ဒယ်ဒီ ပန်းချီကား
နှစ်ရာကျော်လိမ့်မယ် မထင်ထားဘူး''

''ဟာ များလှချည်လား ဖေဖေက ပထမဆုံး ပြပွဲမှာ ဒီလော





ထိ များလိမ့်မယ် မထင်ထားဘူး''

''သားက ပြပွဲအတွက် သူတို့ကို ကြိုတင်ဖိတ်ခေါ်ထားတာကိုး
ယ်ဒီရဲ့ ဒါတောင် တစ်ယောက်ကို အများဆုံး ငါးကားပဲ သတ်မှတ်ထား
ို့ သားလည်း ငါးကားပဲ ပြပွဲတင်တယ် ဒယ်ဒီ''

''အေး အေး ဖေဖေ ဖွင့်ပွဲနေ့တက်မှာပါ နောက်ထပ် ပြပွဲတွေ
ရ ဖေဖေတက်နိုင်မှာ မဟုတ်တော့ဘူး သားရေ၊ အခုလည်း ဒီမှာ
ဖေ တစ်လခွဲလောက်ပဲနေပြီး စင်ကာပူ ပြန်ရမယ်''

''အင်း ဒယ်ဒီတော့ အလုပ်တွေ အရမ်းပိနေပြီထင်တယ်''

''ဖေဖေ နိုင်နင်းပါတယ် သားရာ၊ စင်ကာပူ အလုပ်ကုမ္ပဏီမှာ
ဖေ တစ်နှစ်လောက်တော့ အနည်းဆုံးနေရမယ်၊ နောက်တော့ ကိုယ့်
န်မာပြည်မှာပဲ ရုံးထိုင်ဖြစ်မှာပါ''

သူ့ဘက်ကို သား ပြန်ရောက်လာပြီ ဆိုကတည်းက သူ့ဘဝကို
ွားရေး လုပ်ငန်းတွေထဲမှာပဲ နှစ်မြှုပ်ထားဖြစ်ခဲ့သည်။ ဒါကလည်း
ူ့အတွက် အကောင်းဆုံးဟု ထင်သည်။

အတိတ်ကို မေ့ပစ်ထားဖို့အတွက် အလုပ်ထဲမှာ သူစိတ်တွေ
ှစ်ထားတာ အဆင်ပြေသည်။ ပြီးတော့ သားကို ဝါသနာပါရာမှာ
ျှင်သန်စေတာလည်း ကောင်းပါသည်။

သားရဲ့ 'အိပ်မက်ဆုံရာ' ပန်းချီပြတိုက်ကို ရောက်တော့ သားရဲ့
ပြင်းပြသော ဝါသနာကို သူပိုလို့ နားလည်ပေးနိုင်ခဲ့သည်။

ပြီးတော့ သားရဲ့ အနုပညာစိတ်နှင့် ရည်ရွယ်ချက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ လေးစားချီးကျူးမိသည်။

"သား ရည်ရွယ်ချက်က ဒီက ပန်းချီအနုပညာရှင်တေ
လက်ရာကို နိုင်ငံတကာအထိ ရောင်းချပေးမယ်၊ ပညာရှင်တွေရဲ့ လက်
ကို နိုင်ငံတကာ အနုပညာ အသိုင်းအဝိုင်းက သိအောင် ကြိုးစားပေး
တာပါ ဒယ်ဒီ"

ပန်းချီပြပွဲ ဖွင့်သည့်နေ့က သားက ပန်းချီဆရာ၊ ဆရာမတွေ
ရင်းနှီးစွာ နှုတ်ဆက် အလုပ်တွေရှုပ်ထွေးနေခဲ့သည်။ သူကတော့ သာ
ပန်းချီပြပွဲကို လှေ့လာဝင်ကြည့်ဖြစ်သည်။

လက်ရာစုံ၊ အရောင်အသွေးစုံလင်သော ပန်းချီကားတွေ
ပထမထပ်နှင့် ဒုတိယထပ် နှစ်ထပ်အပြည့် ခင်းကျင်းပြသထားသ

ဒုတိယထပ်ရှိ ပန်းချီကားတွေကို သူ လျှောက်ကြည့်ရင်း တ
သော ပန်းချီကားက သူ့စိတ်အာရုံကို ဖမ်းစားစေ၏။

'ချစ်ခြင်းနိဂုံး'ဟု အမည်ပေးထားသော ပန်းချီကား မြင်ကွင်
သူ ငေးမော ရပ်ကြည့်နေမိသည်။ အဖြူရောင် သတို့သမီး ဂါဝန်လေ
မြင်တော့ သူ သတိရလိုက်မိတာ မြသတိုး။

"ကို ဟောဒီ သတို့သမီး ဝတ်စုံလေးကို သတိုး ကြိုက်တယ်

"သတိုးလေး သဘောလေ သတိုးလေးနဲ့ လိုက်ဖက်ပါတ

သူတို့ မင်္ဂလာပွဲအတွက် မြသတိုး ရွေးချယ်ဝယ်ခဲ့သော မင်္ဂ
သတို့သမီး ဂါဝန်လေးနှင့် တစ်ထေရာထည်။ ဇာအနားလေးတွေ
ပင် ပီပီပြင်ပြင် ရေးဆွဲထားသည်မို့ လက်ရာမြောက်လှ၏။





သို့ပေမယ့် ဝေဝေဝါးဝါး စုတ်ချက်တွေနှင့် မျက်နှာကို ဘယ်သူ
သိအောင် ရေးဆွဲထားခြင်းက တစ်မျိုးဖြစ်နေ၏။ နောက်ခံ အဝါ
င်တွေကလည်း စိတ်ကို ကြေကွဲစေသည်။

သတို့သမီး ပွေ့ကိုင်ထားသော နှင်းဆီပန်းအဝါတွေမှာ အနီ
င် သွေးစက်တွေကတော့ ရင်ကိုဝိုလို့ ထိရှစေ၏။

ချစ်ခြင်းနိဂုံး ဆိုသည်က ဘာအဓိပ္ပါယ်လဲ။ ဝေချာသည်က
ကား၏ ခံစားမှုသည် ပျော်ရွှင်မှုတွေ ကင်းစင်စေကာ ရင်ကို နာကျင်
သော ခံစားမှုတွေသာ ပေးသည်။

အောက်မှာ 'မော်ကဝေ'ဟု ရေးထိုးထားသော ပန်းချီဆရာ၏
တ်မှတ်ကို တွေ့သည်။

သိချင်စိတ်နှင့် ပြပွဲတာဝန်ခံ ရုံးလေးထဲ သူလှမ်းဝင်ခဲ့သည်။
နီးဆုံးမှာ တွေ့ရသော လူရွယ်ကို သူ မေးမြန်းကြည့်မိ၏။

"မော်ကဝေဆိုတဲ့ ပန်းချီဆရာနဲ့ တွေ့လို့ရမလား"

"မော်ကဝေဆိုတာ ပန်းချီဆရာမဟုတ်ဘူးခင်ဗျ ပန်းချီဆရာမ
မျိုးသမီးတစ်ယောက်ပါ"

"ဟင် အမျိုးသမီးတစ်ယောက် ဟုတ်လား"

"ဟုတ်ပါတယ် ပန်းချီဆရာ၊ ဆရာမတွေနဲ့ တွေ့ချင်ရင် ပထမ
ထပ်က ဧည့်ခန်းမမှာ သွားမေးကြည့်ပါခင်ဗျား၊ အဲ တစ်ခုတော့
တယ် ဆရာမမော်ကဝေရဲ့ ပန်းချီကားတွေက တစ်ကားမှ မရောင်းပါ
ပြသက်သက် တင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ အင်း ကျေးဇူးပါပဲကွယ်"

သူ တာဝန်ခံရုံးခန်းလေးထဲက ပြန်ထွက်ခဲ့သည်။ အခု အလုပ်တွေ ရှုပ်ထွေးနေသော သားကိုလည်း သွားမပြောချင်တော့ အတိတ်က သူ့ရဲ့ခံစားချက်တွေလည်း အသစ်မဖြစ်ချင်တော့။

အမျိုးသမီး ပန်းချီဆရာမဆိုတော့လည်း သတို့သမီး ရေးဆွဲတာ ဆန်းတော့ဆန်းသည့် ကိစ္စမဟုတ်ပါ။

"ဟာ ဒယ်ဒီကို သားလိုက်ရှာနေတာ၊ သား ပန်းချီ ဆရာမတွေကို ဂုဏ်ပြုထမင်းကျွေးမလို့ ဒယ်ဒီပါ လိုက်ခဲ့ပါဦး"

သား ရောက်လာကာ ခေါ်တော့ သူ လိုက်ခဲ့ရသည်။ အ ထပ်ရှိ ညှိခန်းမဆောင်သို့ သူ ရောက်ခဲ့သည်။

ပြင်ဆင်ထားသော စားပွဲရှည်ကြီးမှာ စိတန်းထိုင်နေကြ ဧည့်သည်တွေက လေးဆယ်ကျော်လောက်ရှိမည်။ ပြပွဲတင်သည့် သာ မိတ်ဆွေ ပန်းချီဆရာတွေ ဖြစ်မည်။

"မင်္ဂလာပါ ဆရာ ဆရာမတို့၊ ဒါ ကျွန်တော်ရဲ့ ဖခင် ဦး စက်ထင်ပါ ခင်ဗျာ၊ ဒယ်ဒီ သူတို့ကသားရဲ့ ပြပွဲမှာလာတင်တဲ့ ပန်းချီ ဆရာမတွေပါ"

အားလုံးကို အသိအမှတ်ပြု ခေါင်းညိတ်ပြရသည်။ အားလုံး လည်း သူ့ကိုပြုံးပြကြသည်။ ပြီးတော့ စုံညီထမင်းစားပွဲလေး စတင်လို့ ကြသည်။

ထမင်းစားရင်း သူ အားလုံးကို ကဲခတ်ကြည့်သည်။ အ





ပန်းချီဆရာမတွေက ဆယ့်တစ်ဦးသာပါသည်။

အသက်ကြီးကြီး ဆရာမ ငါးဦးနှင့် အရွယ်ငယ်သော ပန်းချီ ရာမ ခြောက်ဦးရှိ၏။ တစ်ယောက်မှ သူ ရင်းနှီးကျွမ်းဝင်သော အမျိုး မပါပါ။

သူ အသိမိတ်ဆွေထဲမှာ ပန်းချီဆရာ၊ ဆရာမလည်း မရှိခဲ့ မော်ကာဝေ ဆိုသော ဆရာမ ဘယ်သူလဲ သူသိချင်ပေမယ့် သားကို ဖြစ်တော့ပါ။

တော်ကြာ စကားတွေရှည်ကာ သူ့ခံစားချက်တွေကို သား သွားမှာစိုးသည်။

'ချစ်ခြင်းနိဂုံး'ပန်းချီကားကို သူ့အာရုံထဲက မောင်းထုတ် ချန် ရစ်ခဲ့တာ အကောင်းဆုံး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မိတ်ဆွေတစ်ယောက်၏ ပန်းချီခန်းထဲမှာ သူရောက်နေ... ကိုဇော်မျိုးဆီက ဖုန်းဝင်လာသည်။

''ကိုလင်း ကိုလင်း ဘယ်မှာရှိနေသလဲ''

''ဘာကိစ္စလဲ ဇော်မျိုး ငါ သူငယ်ချင်းတစ်ယောက် ပန်းချီ... မှာပါ''

''ဪ် ဒီမှာ ဆရာမ မော်ကဝေ ရောက်နေလို့ပါ''

''ဟင် ဟုတ်လား ခဏညှိခံထားကွာ ငါ ဆယ်မိနစ်အတွ... အရောက်လာခဲ့မယ်''

''ဟုတ်ကဲ့ ကိုလင်း၊ ကျွန်တော် စောင့်ခိုင်းထားပါ့မယ်''

သူ ဖုန်းကိုပိတ်ကာ မိတ်ဆွေ ပန်းချီဆရာကို နှုတ်ဆက်... အမြန်ဆုံး ပန်းချီပြတိုက်ကို ပြန်ခဲ့သည်။





ဆယ်မိနစ်သာသာလောက်မှာပဲ ပြတိုက်ရဲ့ ကားစတင်းလေး... သူ ကားလေးထိုးရပ်နိုင်ခဲ့၏။

မော်ကဝေ ဆိုသော ဆရာမကို သူတွေ့ချင်သည့် ကိစ္စရှိသည်။ ...ခြားတော့ မဟုတ်ပါ။ ဆရာမရဲ့ အနုပညာလက်ရာ 'ချစ်ခြင်းနိဂုံ' ...န်းချီကားကိစ္စအတွက် ဖြစ်သည်။

ပန်းချီပြခန်းဖွင့်သည့်နေ့မှာလည်း ဆရာမ ရောက်မလာသလို ...ပြွဲ ခုနစ်ရက်လုံးလုံးလည်း တစ်ရက်မှ ရောက်မလာတာမို့ မဆုံခဲ့ရ။ ...ခု ပန်းချီကားတွေ ဆရာမ ပြန်လာယူတာဖြစ်မည်။

သူ ဧည့်ခန်းထဲ လှမ်းအဝင်မှာ ကိုဇော်မျိုးနှင့် အတူထိုင်နေသော ...န်းကလေးတစ်ယောက်ကို တွေ့ရ၏။

''ဟော ကိုလင်း လာပြီ၊ ဒီမှာ ဆရာမက အချိန်မရဘူး ဆို... ဆို့ မနည်းတောင်းပန် စောင့်ခိုင်းရတယ်''

''ဆောရီး ကျွန်တော် အမြန်ဆုံး လာခဲ့တာပါ''

သူ စားပွဲဆီ ခပ်သုတ်သုတ် လျှောက်လာရင်း ကိုဇော်မျိုး ...နံဘေးက ထိုင်ခုံမှာ ဝင်ထိုင်ဖို့ပြင်ပေမယ့် မထိုင်ဖြစ်ဘဲ မင်သက်ကြောင် ...တွေသွားသည်။

''ဟင်''

''ကျွန်မကို တွေ့ချင်တာ ဘာကိစ္စရှိလို့လဲ ကိုလင်းခြိမ့်''

''ဟို ဟို အဲ ဆွေးနွေးစရာလေး ရှိလို့ပါ''

သူ့ကို လုံးဝမှတ်မိပုံ မရသော သူမ မျက်နှာလေးကိုတော့



www.burmeseclassic.com

သူ မမှတ်မိစရာ မရှိပါ။ သူ့ရဲ့ အဖွားသခင်မနှင့် ပြန်ဆုံဆည်းဖို
အံ့ဩစရာ ကောင်းလွန်းနေ၏။

"ကိုလင်း ထိုင်လေ"

ကိုဇော်မျိုး သတိပေးမှ သူ ထိုင်ခုံမှာ ထိုင်လိုက်ရသည
သူမကတော့ သူ့ကို အလိုမကျရိပ်တို့ စွန်းသော မျက်ဝန်းတွေနှင့် စူးစိုက်
ကြည့်နေခဲ့၏။

ဆယ်မိနစ်ကျော်လောက် သူ့ကို စောင့်ဆိုင်းခဲ့ရခြင်း အတွ
စိတ်ကျေနပ်ပုံမပေါ်။

"ဟို ဆရာမကို စောင့်ခိုင်းရတာ ခွင့်လွှတ်ပေးပါ၊ ပြပွဲရက်
ကလည်း ဆရာမနဲ့ မတွေ့ရလို့ပါ"

"အဲဒီရက်တွေက ကျွန်မ မအားလို့ပါ၊ ပြီးတော့ ကျွန်မ
ပန်းချီကားတွေက ရောင်းဖို့မဟုတ်တော့ နေစဉ်လာဖို့ မလိုဘူး ထင်လို့
စကားသုံးက ချိုပေမယ့် အနည်းငယ် တင်းမာပြတ်သားသည
"ဆရာမကို ကျွန်တော်တစ်ခု ခွင့်တောင်းချင်ပါတယ်၊ ဆရာ
'ချစ်ခြင်းနိဂုံး' ပန်းချီကားကို ကျွန်တော့်ရဲ့ ပန်းချီပြတိုက်မှာ အမြဲချိတ်
ဆွဲ ပြသထားချင်လို့ ကျွန်တော့်ကို ရောင်းစေချင်ပါတယ်"

"ဟင့်အင်း ကျွန်မ ပန်းချီကားတွေကို မရောင်းပါဘူး။ ပြပွဲသ
သက် တင်တာပါ"

"ဟို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဆရာမ
လက်ရာနဲ့ စိတ်ကူးလေးကို နှစ်သက်မိလို့ပါ"





"ဝမ်းနည်းပါတယ် ကိုလင်းခြိမ်ရဲ့ ကျွန်မ လုံးဝမရောင်းနိုင်ဘူး"

သည်လောက်ဆို သူမရဲ့ ဆန္ဒကို သူ ခန့်မှန်းမိပါသည်။ သူ
လိုမှ ဝယ်ယူဖို့ မဖြစ်နိုင်တော့တာ သေချာနေ၏။

အနုပညာသမား တစ်ယောက်၏ စိတ်ကိုတော့ သူ နားလည်
ပါပဲ ဖြစ်၏။

"ဟုတ်ကဲ့ ဒါဆို ကျွန်တော် ဖွတ်မတောင်းဆိုပါဘူး ခင်ဗျာ၊
လ ဆရာမမှာ နောက်ထပ် ပန်းချီကားတွေ ရှိသေးသလား ရောင်း
ဟုတ်တောင် ပြပွဲတင်တဲ့အခါ ပါဝင်စေချင်လို့ပါ"

"ကျွန်မ ပန်းချီကားတွေကို ဝါသနာကြောင့် ရေးတာပါ၊ ခံစား
ရင် မရေးဖြစ်တော့ သိပ်များများစားစား မရှိပါဘူး၊ နောက်ထပ်
တွေ တင်ဖြစ်မဖြစ်က မသေချာပါဘူး"

သူမ အမူအရာက ထူးခြားသလို သူမ ခံစားချက်တွေကလည်း
ခြားသည်ဟု သူ အကဲခတ်မိ၏။ သူမက နာရီကို ဖျတ်ခနဲ ငုံ့ကြည့်

"ကျွန်မကို ခွင့်ပြုပါဦး ကျွန်မ ကိစ္စလေးတွေရှိလို့"

"ဟုတ် ဟုတ်ကဲ့ဆရာမ ဟို ဆရာမနဲ့ ဆက်သွယ်လို့ ရမယ့်
ပါတ်လေး ပေးခဲ့လို့ရမလား"

မျက်ခုံးလှလှလေးတွေ တွန့်ကွေးကာ သူမကြည့်လာသော
ကြည့်တွေက အလိုမကျရိပ်တွေ အထင်အရှားမို့

"တစ်မျိုးမထင်ပါနဲ့ ဆရာမနဲ့ ကျွန်တော်တွေ့မှဖြစ်မယ့် အရေး

www.burmeseclassic.com



ကြီး ကိစ္စလေး ရှိနေလို့ပါ''

''ဘာကိစ္စများလဲ လင်းခြိမ့်''

''အရေးကြီး ကိစ္စတစ်ခုလို့ပဲ ပြောပါရစေ၊ သေသေချာ
ရှင်းပြရမယ့် ကိစ္စမို့ ဆရာမမှာလည်း အချိန်မရတော့ အဆင်ပြေ
အချိန် ဖုန်းဆက်ချင်လို့ပါ''

''ကောင်းပြီလေ''

သူမလက်ခံကာ လက်ကိုင်အိတ်လေးထဲက ကဒ်လေးကို
ထုတ် သူ့ဆီကမ်းပေးသည်။

''ဒီနေ့တော့ မဆက်ပါနဲ့ ကျွန်မ မအားဘူး၊ မနက်ဖြန်မ
ကိုးနာရီနဲ့ ဆယ်နာရီကြား ဆက်လိုက်ပါ''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာမ''

ကဒ်လေးကို သူ ဝမ်းသာစွာ လှမ်းယူကြည့်တော့ မော်က
ဆိုသောအမည်နှင့် ဖုန်းနံပါတ်လေးပဲ ပါသည်။ သူမရဲ့ လိပ်စာလ
မပါ၊ အမည်ရင်းလည်းမပါ။

သူ တစ်ခုခု မေးဖို့ ခေါင်းမော့ခိုက်မှာပဲ သူမ ထွက်သွား
အနီရဲရဲ ဝမ်းဆက်ဝတ်စုံလေးနှင့် သူမသည် လှပသော ကောက်ကြေ
တွေကို ပိုင်ဆိုင်သော မိန်းမချောတစ်ယောက်ပါပဲ။

''ဒီဆရာမက တော်တော် စကားပြောဆိုရခက်တယ်''

ကိုဇော်မျိုးက မှတ်ချက်ပြုတော့ သူ တိတ်ဆိတ်စွာပဲ နေ

''ဒါပေမဲ့ တော်တော်လည်း ချောတယ်ဗျ၊ ဒါကိုတော့ ကို





ခံရမယ်''

သူပြုံးရင်း ခေါင်းညိတ် ထောက်ခံလိုက်ပါသည်။ သူမ သိဝ်လှ
ည်ဆိုတာ စတင်ဆုံစဉ်ကတည်းက သူ လက်ခံထားပြီးသားပဲလေ။

အခုတော့ ကံကြမ္မာ ဆုံခွင့်ထပ်ပေးခဲ့ပြန်ပြီ။

ဖတ်ရှုရခက်ခဲသော သူမရဲ့ရင်ထဲက ခံစားချက်တွေကိုတော့
နိုင်အောင် သူကြိုးစားရဦးမည်။

ဒုတိယအကြိမ် ဆုံကြတော့လည်း သူမသည် သူ့ရင်ထဲမှာ
ဟာင်များစွာနှင့် ကျန်ရစ်ခဲ့ပြန်ပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

သူ့ရဲ့ ပန်းချီပြတိုက် ရုံးခန်းထဲမှာ သတိုး ထိုင်စောင့် နေ
သော အချိန်တွေ၊ သူနှင့်ရင်ဆိုင် စကားပြောနေရသော အချိန်တွေ
မှာ သတိုး စိတ်တွေ လှုပ်ခတ်နေခဲ့သည်။

ဒါပေမဲ့ ထိုစိတ်တွေကို တည်ငြိမ်အောင်ထိန်းကာ သတိုး သူ
အကောင်းဆုံး ဆက်ဆံနိုင်ခဲ့သည်။

ကျေနပ်စရာ ကောင်းသည်မှာ သတိုးကို မြင်မြင်ခြင်း
မှတ်မိသွားခဲ့သော အချက်ဖြစ်၏။ ပထမတစ်ကြိမ် သတိုး ဆုံတွေ့ခဲ့
က ထိရောက်ခဲ့တာ သေချာ၏။

သတိုးကို မြင်မြင်ချင်း အံ့သြမင်သက်ကာ စိုက်ကြည့်နေ
မျက်ဝန်းတွေနှင့် ထိုင်ခုံမှာ ထိုင်ဖို့တောင် သူမေ့လျော့နေခဲ့သည်။ သတ
ပစ်မှတ်တွေက ထိရောက်ခဲ့တာ သေချာ၏။





အခုလည်း သူ့ရဲ့ ပန်းချီပြပွဲမှာ မော်ကဝေဆိုသော အမည်
ကို သူ အသိအမှတ်ပြု ဂရုစိုက်သွားခဲ့ရတာ သေချာသည်။

ချစ်ခြင်းနိဂုံး ပန်းချီကားက သူ့ရဲ့ ရင်ကို ထိရှစေသည်တဲ့
။ အမှန်ဆို ဒီပန်းချီကားက သတိုးရဲ့ နှလုံးသားက ခံစားချက်ကို
ဆစ်နိုင်းခဲ့တာပဲ ဖြစ်သည်။

လင်းခြိမ့်ရဲ့ဆိုသော ယောကျ်ားတစ်ယောက်ရဲ့ နှလုံးသားကို သိမ်း
ဖို့ အစီအမံတွေကို သတိုး လွယ်ကူစွာ ရရှိခဲ့တာမဟုတ်ပါ။

ရန်ကုန်ကို သတိုး စွန့်ခွာခဲ့တာ အရှုံးပေးဖို့မဟုတ်ခဲ့။ သူတို့
အဖကို လှည့်စားမှုတစ်ခု ပေးလိုက်တာဖြစ်သည်။

သတိုးရှိနေသည့် နေရာမှာ ဦးမိုးစက်ထွင် မနေရဲတာ ကြိုတင်
ကျဆပြီးသားပါပဲ။ ထင်သည့်အတိုင်း သတိုးမရှိတော့ ဦးမိုးစက်ထင်
သားအဖ ရောက်လာကြသည်။

ခေတ်ပုံထဲမှာ မြင်တွေ့ထားဖူးသော လင်းခြိမ့်ရဲ့အကြောင်းတွေကို
တိုး အချိန်ယူကာ စုံစမ်းနိုင်းတော့

''အမေရိကားအထိ စီးပွားရေးပညာတွေ သွားသင်ထားတဲ့
က ပန်းချီအနုပညာကို ဝါသနာပါသတဲ့လား''

''ဟုတ်တယ် မမ မြန်မာပြည်မှာ ပန်းချီပြတိုက်ကြီး တည်
ထောင်ပြီး ပန်းချီပညာနဲ့ ပတ်သက်တဲ့ အလုပ်တွေပဲလုပ်မှာတဲ့၊ ဦးမိုး
က်ထင်ကတော့ စီးပွားရေး အလုပ်တွေနဲ့ နစ်နေတယ်''

အံ့သြစရာကောင်းလိုက်တာ။ သတိုး သိထားသော ဦးမိုးစက်



www.burmeseclassic.com

www.burmeseclassic.com



ထင်ဆိုတာ စီးပွားရေးကို လောဘထားတတ်သူ မဟုတ်ခဲ့။ အခု
တစ်ဦးတည်းသော သားအတွက် စီးပွားလောဘကွေ ကြီးမားနေသည်
ဒါလည်း ကောင်းပါသည်။

သားဖြစ်သူ လင်းခြိုရဲ့ အနားမှာ သူ ရှိမနေမှ သတိုးအ
စီမံရတာ ပိုလွယ်ကူလိမ့်မည်။

''မမတို့ ကိစ္စကို ဦးမိုးစက်ထင်က ပိပိရိရိဖုံးထားလို့ လင်
ဘာမှမသိဘူး''

''သိပ်ကောင်းတာပေါ့။ ငါလိုချင်တာ ဒါပဲ''

သည့်နောက်ပိုင်းမှာတော့ သတိုး လိုအပ်သော အစီအစဉ်
အကွက်ကျကျ စီမံခဲ့ပါသည်။

ပန်းချီပညာတော်သော ပန်းချီဆရာကြီးတစ်ဦးကို သတိုး
ရှိသော ပုံတွေဆွဲခိုင်းခဲ့သည်။

'ချစ်ခြင်းနိဂုံး'ဆိုသော ပန်းချီကားကိုတော့ သတိုး ရင်
ခံဖားချက်တွေကို ပြောပြကာ ပန်းချီဆွဲခိုင်းခဲ့တာ ဖြစ်သည်။

ပန်းချီကို အရူးအမူး ဝါသနာပါသော လင်းခြိုရ်ကို ချဉ်း
အတွက် မြသတိုးသည်လည်း ပန်းချီဝါသနာရှင် တစ်ယောက်
လိုသည်လေ။

ပထမတစ်ကြိမ် ဂျာနယ်တိုက်တစ်ခုရှေ့မှာ လင်းခြိုရ်နှင့်
အောင် စီစဉ်မှု၊ ပန်းချီပြခန်းမှာ မော်ကဝေအမည်နှင့် ပါဝင်မှုအာ
သည် ထိရောက်ပါသည်။

ငိုးမိုး၈၁၁။



လင်းခြိုရ်က သတိုးရဲ့ ချစ်ခြင်းနိဂုံး ပန်းချီကားကို လိုချင်သည်
သတိုး ပြတ်သားစွာပဲ ငြင်းခဲ့သည်။ ဒီတော့ လင်းခြိုရ်က နောက်တစ်
ဆုံခွင့်ကို လိုချင်ပြန်၏။

သတိုး စီမံထားသော ပိုက်ကွန်ထဲကို လင်းခြိုရဲ့ တိုးဝင်လာခဲ့ပြီ။
တိုးဘက်က အပိုင်စောင့်ကာ သိမ်းပိုက်ဖို့ပဲလိုသည်။

လင်းခြိုရဲ့ သတိုးရှေ့မှောက်မှာ ဒူးထောက်ဝပ်စင်းသွားဖို့ အ
ာ် လိုအပ်သော နှောင်ကြိုးသည် တစ်မျှင်တည်းမဟုတ်။ ရုန်းထွက်
အောင် အကြိမ်ကြိမ်အထပ်ထပ် လိုတာ သတိုး နားလည်ပါသည်။

တွေးကြည့်လျှင် မြသတိုးဆိုသော သူမဘဝသည် ဦးမိုးစက်ထင်
သားအဖ နှစ်ယောက်အတွက်ပဲ ပေးဆပ်နေရသလိုပါပဲ။

တစ်ခါတုန်းက ဦးမိုးစက်ထင်ကို မြတ်နိုးချစ်စိတ်နှင့် သတိုး
ကို ပေးဆပ်ချစ်ခဲ့ဖူးသည်။

အခုတစ်ခါ လင်းခြိုရ်အတွက်။ ဒါပေမဲ့ ဒါဟာ ချစ်ခြင်းအတွက်
တ်။

လျော်ကြေးတစ်ခုအတွက်။ တန်ရာတန်ကြေးတစ်ခုအတွက်ပဲ
သည်။

သတိုး ပေးဆပ် နှင်းချေခံခဲ့ရတဲ့ အချစ်၊ ဂုဏ်သိက္ခာတွေ
တွက် ရှင်တို့သားအဖ ထိုက်ထိုက်တန်တန် ပြန်ပေးရလိမ့်မည်။

■ ■ ■

စိုးမိုး၈၁၉ပ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

ကိုးနာရီခွဲသာသာမှာ မြည်လာသော ဖုန်းသံလေးကြောင့် [illegible] ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။ သတိုး မသိသော ဖုန်းနံပါ[illegible] မြင်လိုက်ကတည်းက လင်းခြိမ့် ဆက်တာဟု ချက်ချင်းသိသည်။

ဖုန်းခလုတ်လေးကို တမင်မဖွင့်ဘဲ သတိုး စောင့်ကြည့်[illegible] လိုက်သည်။ ဖုန်းခေါ်သံ ချိုချိုလေးက မြည်နေဆဲ။

အတန်ကြာ စောင့်နားထောင်နေပြီးမှ သတိုး ဖုန်းလေး[illegible] နားထောင်လိုက်သည်။

"ဟဲလို ဆရာမ မော်ကဝေလား ခင်ဗျာ"

တိုးညှင်း ကြည်လင်သော လင်းခြိမ့်၏ အသံကြည်ကြည်[illegible] ကို သတိုး ကြားရသည်။

"ဟုတ်ပါတယ် အခု ပြောနေတာ ဘယ်သူလဲ"





"ကျွန်တော် လင်းခြိမ့် ပါ"

"ဘယ်သူ"

"လင်းခြိမ့်ပါခင်ဗျာ အိပ်မက်ဆုံရာ ပန်းခြံပြတိုက်က လင်းခြိမ့် ပါ"

"ဪ အင်း ဆို ဘာကိစ္စရှိလို့လဲ"

သတိုး အာရုံထဲမှာ သူသည် အရေးမပါသော လူတစ်ယောက် သို့ သတိုး အရေးမစိုက်သလိုပဲ တမင်ဆက်ဆံ ပြနေလိုက်၏။

"ဒီနေ့ ဆရာမ ကျွန်တော့်ကို ဖုန်းဆက်ခွင့်ပေးထားတယ် လေ ဟို ဆရာမနဲ့ကျွန်တော် ဆွေးနွေးစရာကိစ္စတစ်ခု အတွက်"

သူ့ ဆိုလိုရင်းကို သတိုး သဘောပေါက်ပါသည်။ တကယ်ဆို သူ ဖုန်းဆက်လာမည့် အချိန်ကို သတိုး စောင့်နေခဲ့တာ မနက်လင်းက တည်းကဖြစ်၏။ ဒါပေမဲ့ . . ။

"ဟုတ်လား ဆောရီး၊ ကျွန်မ မေ့နေတယ် လင်းခြိမ့်"

"ဟုတ်ကဲ့ ရပါတယ်၊ ဟို အခု ဆရာမအချိန်ရမလားဟင်"

"ကျွန်မ ငါးမိနစ်လောက်တော့ အချိန်ပေးနိုင်ပါတယ်၊ ရှင် ဘာပြောချင်တာလဲ ပြောပါ"

"မဟုတ်ဘူး ဆရာမ ကျွန်တော် ဆရာမနဲ့တွေ့ချင်တာပါ"

သတိုးနှင့် ဆုံတွေ့ခွင့်ကို သူတောင်းဆိုနေပြန်သည်။ အခြေအနေတွေက ဒီလောက်ထိ လွယ်ကူအဆင်ပြေလွန်းနေမည်ဟု သတိုး မထင်ခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ဘက်က ထိုအခြေအနေမျိုး ရှိနေသည့်တိုင် သ[illegible]
ဘက်က လွယ်ကူပြလို့ မဖြစ်။ ဦးမိုးစက်ထင်တုန်းကလည်း သ[illegible]
ခံယူခဲ့ဖူးပြီးပြီ။

"ကျွန်မနဲ့ တွေ့ချင်တာ ဘာကိစ္စလဲ"

"ကျွန်တော် တောင်းဆိုချင်စရာ ကိစ္စရှိလို့ပါ ဆရာမ"

"ဒီမှာ ရှင် ဘာကို ဆိုလိုတာလဲ ပွင့်ပွင့်လင်းလင်း ပြောစမ်း[illegible]

သတိုး အလိုမကျ စိတ်မရှည်နိုင်သလို ခပ်ဆတ်ဆတ်[illegible]
ဆိုလိုက်တော့ လင်းခြိ်ရဲ့ ပျာပျာသလဲ ချက်ချင်းဖြေ၏။

"ဟာ ဒီလိုပါ ဆရာမကို ကျွန်တော်ခွင့်ပြုချက်တစ်ခု တော[illegible]
ချင်တာပါ၊ ဟိုလေ အမှန်ပြောရရင် ဆရာမရဲ့ပုံတူကို ကျွန်တော် ရေး[illegible]
ထားခဲ့ဖူးတယ်"

"ဘာ ဘယ်လို"

သတိုး တကယ်ပဲ အံ့သြသွားမိသည်။ သတိုးရဲ့ပုံတူကို လင်[illegible]
က ဆွဲထားသည်တဲ့။ ဘယ်လိုမှ ယုံနိုင်စရာကောင်းသည့် ကိစ္စမဟုတ်[illegible]
သတိုးနဲ့ သူဆုံတာ နှစ်ကြိမ်ပဲရှိသေးသည်။ ပြီးတော့ ထိုဆုံတွေ့ကြ[illegible]
သည် မိနစ်ပိုင်းမျှ အချိန်လေးသာ ဖြစ်၏။

"ဆရာမ"

"ကျွန်မ နားထောင်နေတယ် လင်းခြိ်ရဲ့ ရှင်ပြောတာ ကျွ[illegible]
မရှင်းလင်းဘူး"

"ကျွန်တော် ဆရာမကို အသေအချာ ရှင်းပြချင်ပါတယ်[illegible]





[illegible]ကြောင့် ဆရာမနဲ့ ဆုံတွေ့ချင်ပါတယ်၊ ပြီးတော့ ဆရာမဆီက ခွင့်ပြု
ချက်မရဘဲ ပုံတူဆွဲခဲ့တာအတွက်လည်း တောင်းပန်ခွင့် တောင်းချင်တာ
ပါ"

"နေပါဦး လင်းခြိ်ရဲ့ ရှင့်ဆီမှာ ကျွန်မရဲ့ဓါတ်ပုံများ ရှိနေခဲ့သ
လား"

"ဟာ မရှိပါဘူး ဆရာမ ကျွန်တော်နဲ့ဆရာမ တစ်ခါဆုံဖူးတာ
ဆရာမ မမှတ်မိလို့ပါ ဂျာနယ်တိုက်ရှေ့မှာလေ"

သူနှင့် သတိုး ပထမဆုံးအကြိမ် ဆုံခဲ့သည့်အကြောင်းကို သူ
ပြန်ပြောပြနေသည်။ မျက်နှာချင်းဆိုင် နှစ်ဦးဝင်တိုက်ဖြစ်အောင် သတိုး
တမင်ဖန်တီးခဲ့သော အဖြစ်ကို လင်းခြိ်ရဲ့ မသိရှာပါ။

"ကျွန်တော် အရိုးသားဆုံး ဝန်ခံရရင် အဲဒီတုန်းက ဆရာမရဲ့
ပုံရိပ်ကို ကျွန်တော့်အာရုံထဲမှာ မှတ်မှတ်ရရ ဖြစ်နေတာမို့ ပန်းချီဆွဲဖြစ်ခဲ့
တာပါ၊ ကျွန်တော်ရဲ့ ပန်းချီပြပွဲမှာတောင် တင်မလို့ စိတ်ကူးခဲ့ပါသေး
တယ်၊ ဒါပေမဲ့ ကာယကံရှင်ရဲ့ ခွင့်ပြုချက်မတောင်းရသေးလို့ ကျွန်တော်
တောင်ဖြစ်ခဲ့တာပါ၊ မထင်မှတ်ဘဲ ကျွန်တော့် ပန်းချီပုံ ပိုင်ရှင်ဟာ ဆရာမ
ဆို့ သိလိုက်ရလို့ အရမ်းအံ့သြခဲ့ရပါတယ်ဗျာ"

သူ ရှည်ရှည်ဝေးဝေး ရှင်းပြနေသမျှ နားထောင်ရင်း သတိုး
ကိုယ်တိုင်လည်း အံ့သြမယုံနိုင်သလို ဖြစ်နေ၏။

"ဆရာမ ကျွန်တော် ပုံတူဆွဲမိတာကို ခွင့်လွှတ်ခွင့်ပြုပေး
ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲက လင်းခြိမ့်ရဲ့ တောင်းပန်တောင်းဆိုနေ ပြန်သ
သတိုး မင်သက်နေရာမှ သတိပြန်ဝင်လာရင်း

''ခဏလေး လင်းခြိမ့်ရဲ့ အခုရှင့်ဆီမှာ အဲဒီပန်းချီကား
တယ်ပေါ့''

''ရှိပါတယ် ဆရာမ''

''အဲဒီပုံကို ကျွန်မတွေ့ချင်တယ်၊ အခုချက်ချင်း တွေ့ချင်တ
ဖြစ်မလား လင်းခြိမ့်ရဲ့''

''ဟာ သိပ်ဖြစ်ပါကယ် ဆရာမ၊ ဆရာမ ဘယ်မှာရှိ
ကျွန်တော် အခုချက်ချင်း ယူလာခဲ့ပါ့မယ်''

လင်းခြိမ့်ရဲ့ ရဲရဲတင်းတင်းကြီး ကတိပေးနေသည်။ သတိုး
တိုင်လည်း မယုံသင်္ကာ ဖြစ်နေသည်မို့

''ကောင်းပြီ ဒီလိုလုပ် နောက်တစ်နာရီအတွင်းမှာ ကျ
ပရင့်ဟောက်စ် ဟိုတယ်မှာရှိနေမယ် ရှင်လာခဲ့ပါ လင်းခြိမ့်ရဲ့''

''ဟုတ်ကဲ့ ကျွန်တော် လာခဲ့ပါ့မယ် ဆရာမ''

သူ့ဘက်က ဖုန်းလေးပိတ်သွားတော့ သတိုး တွေတွေ
စဉ်းစားမိပြန်သည်။ ဒီကောင်လေး သတိုးနှင့် ဆုံနိုင်အောင် ဘာတွေ
ဉာဏ်တွေဆင်နေသည်လဲ။

သတိုးရဲ့ ပုံတူကို သူဆွဲထားသည်ဆိုတာကတော့ တကယ်
အံ့သြစရာ ကောင်းသောကိစ္စကြီးပဲ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ့ဘ
ဖန်တီးလာသော ရင်းနှီးခွင့် အခြေအနေမှာ သတိုး စီးမျောသွာ





သည်။

ရေချိုးခန်းဘက် အပြေးလေး လှမ်းကာ ရေမိုးချိုးလိုက်သည်။
တော့ အလှပြင်မှန်တင်ခုံရှေ့မှာ ထိုင်ကာ သတိုး ပြင်ဆင်ခြယ်သ
သည်။

ဘာမှ ပြင်ဆင်စရာမလိုအောင် အဆင်ပြေပေမယ့် လင်းခြိမ့်ရဲ့
နှလုံးသားကို သိမ်းပိုက်ဖို့အတွက်တော့ သတိုးသည် အလှပဆုံး
နေဖို့ လိုအပ်ပါသည်။

လင်းခြိမ့်ရဲ့ကို ချဉ်းကပ် သိမ်းပိုက်မည့် အစီအစဉ် စတင်စဉ်
တည်းက သတိုး ကိုယ့်ရဲ့အလှအပကို ဂရုစိုက်ခဲ့သည်။

ဒီပွဲမှာ မြသတိုးရဲ့ မာယာတွေကို အားလုံး အသုံးချဖို့ သတိုး
သချာ ပြင်ဆင်ထားခဲ့ပြီးသားလေ။

■ ■ ■

ပရင့်ဟောက်စ်ဟိုတယ်၏ ကားစတင်းမှာ သတိုး ကားထိုးရပ်
သည်နှင့် အံ့သြစရာ မြင်ကွင်းက ဆီးကြိုနေ၏။

တစ်နာရီအတွင်းဟု သတိုး ချိန်းဆိုထားသော သူသည် မိနစ်
သားဆယ့်သာသာမှာပဲ ဟိုတယ်ရဲ့ ကားစတင်းမှာ ရောက်နေခဲ့သည်။
ရောပေါ်မှ သတိုး ဆင်းလာသည်ကို မြင်သည်နှင့် လှမ်းလျှောက်လာကာ
ဆီးကြိုနှုတ်ဆက်သည်။

''ကျွန်တော် နောက်မကျပါဘူးနော် ဆရာမ''

''ဆောရီး ကျွန်မသာ နောက်ကျတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"နောက်မကျပါဘူး ကျွန်တော်က စိတ်စောပြီး ကြိုရောက်
နေတာပါ"

နက်ပြာအကွက် ရုပ်လက်ရှည်ကို ဂျင်းပြာနုနုနှင့် တွဲဖ
ဝတ်ဆင်ထားသော လင်းခြိမ်ရဲ့ ချောမောသော ယောကျ်ားတ
ယောက်ဆိုတာ မငြင်းနိုင်ပါ။

ဦးနိုးစက်ထင်၏ တစ်ဦးတည်းသော သားဆိုတော့လည်း ဖခ
လို ချောမောတာ မဆန်း။ ဒါပေမဲ့ သတိုးအတွက် ရင်ခုန်လှုပ်ခတ်
နှလုံးသားမှ မရှိတော့ဘဲ။

"ရှင်ပြောတဲ့ ပန်းချီကားဆိုတာ"

"ပါ ပါတယ် ကျွန်တော့် ကားထဲမှာ ခဏနော်"

သတိုးကို ခွင့်တောင်းပြီး သူ ရပ်ထားသော သူ့ရဲ့ CYGNU
ကားကြီးဆီ လှမ်းသွားသည်။

ကားနောက်ခန်းတံခါးဖွင့်ကာ အဖြူရောင်ကတ္တီပါစနှင့် သို
ချည်ထားသော ပန်းချီကားကို သူ ပွေ့ပိုက်သယ်လာ၏။

"ကျွန်တော်တို့ မနက်စာ စားရင်း စကားပြောရအောင်နော်"

သတိုး ခေါင်းလေးညိတ်တော့ သူကပဲ ဦးဆောင်ကာ စာ
သောက်ခန်းတွေဘက်သို့ ဦးဆောင်လှမ်းသည်။

စားပွဲဝိုင်းမှာ နှစ်ဦးသား ထိုင်မိကြတော့ သူက မီနူးကဒ်လေး
သတိုးဆီ ကမ်းပေးရင်း

"ဆရာမ ကြိုက်တာမှာလေ ကျွန်တော်က အချဉ်အစပ်





ကြိုက်တော့ ဥရောပအစားအစာပဲ စားတာများတယ်"

အခုချိန်မှာ စားစရာဟင်းလျာတွေထက် သူ့ရဲ့ပန်းချီကားကိုပဲ
တိုး စိတ်ဝင်စားနေမိတာ အမှန်။ ဟင်းလျာတချို့ကိုပဲ ခပ်သွက်သွက်
လိုက်၏။ သူကလည်း ဝိတ်တာလေးကို မှာသည်။

ဝိတ်တာလေး ထွက်သွားတော့မှ သူက စားပွဲပေါ်တင်ထား
သော ပန်းချီကားကို ဖွင့်ပြတော့၏။

"ဒီမှာပါ ဆရာမ"

ထင်းခနဲ မြင်လိုက်ရသော သတိုးရဲ့ ပုံတူ ပန်းချီကားကို
တိုး မအံ့သြဘဲ မနေနိုင်ဘဲ။ သတိုးရဲ့မျက်နှာကို သတိုး ကြည့်မှန်
မှာ မြင်နေရသည်နှင့် မခြားပါ။

ပြီးတော့ နာမည်ပေးထားသည်က အဖွာသခင် တဲ့။

"ဟိုလေ ကျွန်တော့်ရဲ့ တဒင်္ဂစိတ်လေးမှာ ထင်ဟပ်လာတဲ့
ည်မို့ အဖွာသခင်လို့ ပေးထားတာပါ"

သူ့စကားကြောင့် သတိုး ယုံ့ယုံ့လေးပြုံးမိသည်။ အခြေအနေ
အားလုံးသည် သတိုး ထင်မှတ်ထားသည်ထက်တောင် လွယ်ကူလွန်းနေ
။

"ဒီပုံကို ကျွန်တော် ရေးဆွဲမိတာကို ခွင့်လွှတ်ပေးပါနော်"

"ကျွန်မ မေးချင်တာက ရှင် ဘာရည်ရွယ်ချက်နဲ့ ဒီပုံကို ဆွဲ
တာလဲ လင်းခြိမ်ရဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သတိုး အမေးကို ဖြေရခက်စွာ သူ နှုတ်ဆိတ်မင်သက်နေခဲ့ တိုစိပ်စိပ် မျက်တောင်တွေ ဝန်းခသော မျက်ဝန်းတွေက တောင်း တိုးလျှိုးသော အရိပ်တွေယှက်သမ်းနေ၏။

''ဟို ကျွန်တော့် အာရုံထဲမှာ အဲဒီအချိန်တုန်းက စွဲမြဲသွား ပုံရိပ်လေးကို ပုံဖော်လိုက်မိတာဗျာ၊ ဒါကြောင့်လည်း အဖွဲ့ဘာသခင် နာမည်ပေးထားတာပါ ဆရာမ''

''ဒီပုံကို ပြပွဲတင်ဖို့အတွက်တော့ ကျွန်မ လုံးဝ ခွင့်မပြုနိုင် လင်းခြိရံ''

''ဆရာမ ခွင့်မပြုရင် ကျွန်တော် မတင်ပါဘူး၊ ကျွန်တော် တစ်ယောက်တည်း သိမ်းဆည်းထားခွင့်တော့ ပေးပါဗျာ''

ရိုးသားမှုနှင့် ပျော့ညံ့အားငယ်တတ်သော လင်းခြိရံ၏ စိ ကို သတိုး တွေ့မြင်နေရသည်။ ဒီလိုယောကျ်ားတစ်ယောက်ကို သ ဖြားယောင်းသိမ်းပိုက်ဖို့ ဆိုသည်က ခက်ခဲမည်မဟုတ် ဆိုတာလ နားလည်လိုက်ပါသည်။

''ဒါတော့ ကျွန်မ ခွင့်ပြုပါတယ်''

''ဟာ ဝမ်းသာလိုက်တာ ဆရာမရယ်''

ချက်ချင်း ဝင်းပကြည်လင်သွားသော မျက်နှာလေးကို မြ သည်။ သူ့နှုတ်ခမ်းတွေကို မြင်တော့ သတိုး ရင်ထဲနင့်ခနဲ ခံစားရသ ကို့ရဲ့ နှုတ်ခမ်းတွေနှင့် တထေရာတည်း။

''ဆရာမနဲ့ကျွန်တော် မိတ်ဆွေ ဖြစ်ပါရစေနော်''





''အခုတောင် ကျွန်မတို့ အတူထမင်းလက်ဆုံ စားဖြစ်နေပြီပဲ ခြိရံ ဒီထက်ရင်းနှီးခွင့် လိုသေးသလား''

''ကျွန်တော်က ဆရာမ ပန်းချီဆွဲတာကို မြင်ကြည့်ချင်တာ လော့လာချင်တာ''

ဘယ်လိုမှ မဖြစ်နိုင်သော ကိစ္စကိုတော့ သတိုး အခုကတည်းက င် ရှောင်တိမ်းထားရမည်။

''ဝမ်းနည်းစရာပဲ ကျွန်မ ပန်းချီဆွဲတဲ့အလုပ်ကို စွန့်လွှတ်ထား ယ် လင်းခြိရံ''

''ဟင် ဘာဖြစ်လို့လဲဟင်''

''ရင်ထဲက ခံစားချက်တွေကြောင့်ပါ ချစ်ခြင်းနိဂုံးဆိုတာ ကျွန်မ နောက်ဆုံးပန်းချီကားပဲလေ''

သူ့ မျက်ဝန်းတွေက သတိုးကို ငေးကြည့်ရင်း သတိုး စကားတွေ ားမလည်နိုင်စွာ အဖြေရှာဖွေနေဟန်ရှိ၏။

ဝိတ်တာလေးက မှာထားသော ဟင်းတွေလာပို့တာမှ စကားစ သွားခဲ့ကြသည်။

''မမ ခံစားချက်တွေကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်၊ မလို့ပဲ ခေါ်ခွင့်ပေးပါနော်''

''အင်းလေ တို့ကလည်း ပန်းချီမဆွဲတော့ဘူး ဆိုတော့ ဆရာမ မခေါ်ပါနဲ့''

''တစ်ခု မေးပါရစေ မမ မှော်ကဝေဆိုတာ မမ ပန်းချီဆွဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလောင်နာမည်လားဟင်''

''ဟုတ်ပါတယ် လင်းခြိမ့်ရဲ''

''ဒါဆို မမရဲ့ နာမည်ရင်းက ဘယ်သူလဲဟင်''

''တို့ နာမည်က မြသတိုး''

သူ နှုတ်ခမ်းလေး ဖွဖွလှုပ်ကာ သတိုးနာမည်ကို ရေရွတ်
သည်။ ထူးခြားသော ပြောင်းလဲမှုတွေ မရှိပါ။ ဦးမိုးစက်ထင်သ
သတိုးနှင့် ပတ်သက်သမျှ ပိရိစွာ သိုဝှက်ထားသည်ပဲ။

''ကျွန်တော်ကတော့ မမလို့ပဲ ခေါ်မယ်နော်၊ ကျွန်တော်
ခင်မင်ချင်တယ်၊ မမကို ကျွန်တော် တရင်းတနှီးကို ရင်ထဲက ခင်
နေမိတာပါဗျာ''

ရိုးသားဖြူစင်မှုတွေ လင်းခြိမ့်ရဲ့ မျက်ဝန်းတွေထဲမှာ တွေ့မြင်
ပါသည်။ ဒါပေမဲ့ သတိုး ရင်ထဲက ဒဏ်ရာတွေကို မင်းမှမသိနိုင်
လင်းခြိမ့်ရဲ။

မင်းဟာ ငါ့အတွက်တော့ . . .။

■ ■ ■



## အခန်း (၃၁)

ကံကြမ္မာသည် သူနှင့်မမကို အမှန်တကယ် ပြန်ဆုံဆည်းခွင့်
ခဲ့ပါသည်။ သူ့ရဲ့ 'အဖွားသခင်' ပုံရိပ်ကိုလည်း မမက သိမ်းဆည်း
မြဲခဲ့၏။

သူ့ရဲ့ ပန်းချီခန်းထဲမှာ မမပုံရိပ်လေးသည် အမြဲတမ်း တည်ရှိနေ
ဆို သူနှလုံးသားသည်လည်း

မမအပေါ် ခင်တွယ်မိသော သံယောဇဉ်တွေက အချိန်တိုလေး
ခွင်းမှာ ရစ်ပတ်ကြီးမားခဲ့သည်။

နေ့စဉ်တိုင်း ဖုန်းဆက်ကာ မမအသံလေးကို နားထောင်မိ
ည်။ မမ ဖုန်းဆက်ခေါ်လျှင် သူ ရောက်သွားတတ်စမြဲ။

မမနှင့် အတူထိုင်ဖြစ်သော ကော်ဖီဆိုင်လေးမှာ စကားပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြောရသော အချိန်လေးကို သူ မက်မောတတ်ခဲ့၏။

"မမမှာ မိဘတွေ မရှိတော့ဘူးကွ မမတစ်ယောက်တည်း ဆိုတော့ တစ်ခါ တစ်ခါ အရမ်းအထီးကျန်ဆန်တာပဲ"

မမပြောပြသော မမအကြောင်းတွေ နားထောင်ကာ မမ လေးကို သူစာနာ သနားတတ်ခဲ့သည်။

"လင်း မင်းမှာကော မိဘတွေ ရှိသေးလား"

"ရှိပါတယ် မမ ကျွန်တော့်မှာ ဒယ်ဒီတစ်ယောက်ပဲ ရှိတ ကျွန်တော့်ကို သိပ်ချစ်တဲ့ ဒယ်ဒီပေါ့၊ အခုတော့ ဒယ်ဒီက စင်ကာ လေ၊ ပန်းချီ အနုပညာ ဝါသနာပါတဲ့ ကျွန်တော့်ကို ဝါသနာအ လုပ်ချင်ရာလုပ်ခွင့်ပေးပြီး ဒယ်ဒီက စီးပွားရေးတွေ တာဝန်ယူပေးနေ လေ"

မမ မေးသမျှဖြေရင်း သူ့ဘဝအကြောင်းတွေလည်း ပြောပြ ခဲ့သည်။ ထိုအခါတိုင်း မမသည် သူပြောသမျှ ငေးစိုက်နားထောင် တတ်ခဲ့၏။

"အင်း လင်းတို့ သားအဖက သိပ်ချစ်ကြတာပေါ့"

"ဒယ်ဒီကို ကျွန်တော်ချစ်တယ်၊ ဒယ်ဒီကလည်း ကျွန် ကို သိပ်ချစ်ပါတယ်၊ ဒယ်ဒီပြန်လာရင် မမနဲ့ကျွန်တော် ဆုံတွေ့ပေး ပါသေးတယ်"

"အင်း တစ်နေ့တော့ မမတို့ ဆုံဖြစ်မှာပေါ့ ကဲ နောက်တစ် ကျရင် မမ ပဲခူးဘက်သွားမလို့ လင်း လိုက်ခဲ့ပါလား"





"လိုက်ခဲ့မှာပေါ့ မမရဲ့"

မမဘယ်ကိုခေါ်ခေါ် သူ မငြင်းတတ်ခဲ့ပါ။ မမသည် သူနဲ့ ချင်တိုင်း ဖုန်းဆက် ချိန်းတတ်သည်။ ပြီးတော့ လူရှင်းလင်း ဝိတ် တ်သော ကော်ဖီဆိုင်လေးမှာ ထိုင်တတ်သည်။

"မမ မြို့ထဲအနှံ့ လည်ကြမလားဟင်"

"ဟင့်အင်း လူတွေကြားထဲမှာ မမ မနေတတ်ဘူး လင်း"

မမသည် ထူးဆန်းပါသည်။ ဘယ်တုန်းကမှ လူထူထူပြောသော နေရာမျိုး မသွားတတ်ခဲ့။ မမကို ကြည့်ရတာ အထီးကျန်ဆန်လွန်း သည်ဟု သူ အမြဲတမ်း ခံစားရ၏။

"မမ ပဲခူးကို ဘယ်အချိန်သွားမှာလဲဟင်"

"အဲဒီနေ့ကျမှ ဖုန်းဆက်မယ်လေ လင်းရဲ့"

"ဟုတ်ကဲ့ ကျွန်တော် မျှော်နေမယ်"

မမအလိုရှိတိုင်း အသင့်ဖြစ်ခဲ့သော သူ မမစကားကိုပဲ အမြဲ တမ်း ခေါင်းညိတ်တတ်စမြဲ။

■ ■ ■

သူနှင့် သတိုးကြားက နှောင်ကြိုးတွေက ခိုင်မာခဲ့ပြီဟု ထင်ပါ သည်။ ထိုနှောင်ကြိုးတွေ တွယ်အောင် သတိုး ခက်ခဲစွာ မကြိုးစား မ ခင်းတီးခဲ့ရတာလည်း အမှန်ပဲဖြစ်သည်။

လင်းခြိမ့်ဆိုသော ကောင်လေးသည် သတိုးအပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



နောင်တွယ်လာခဲ့တာပဲ ဖြစ်သည်။

သူ့ရဲ့ ဖြူစင်သော မျက်ဝန်းထဲမှ သတိုးအပေါ်ထားသော ခြင်းတွေကိုလည်း သတိုး မြင်တွေ့ခဲ့ပါသည်။

သတိုး တစ်ချက်တိမ်းညွှတ်လိုက်သည်နှင့် လင်းခြိမ့် ယိုင်ထဲ မှာသိပါသည်။

အခုတော့ သတိုးရဲ့ အစီအစဉ်ကို အမြန်ဆုံး အထ အထည်ဖော်ဖို့ လိုအပ်နေခဲ့ပြီ ဖြစ်သည်။

နောက်တစ်လထဲမှာ ဦးမိုးစက်ထင် ပြန်လာတော့မည်ဟု ခြိမ့်ဆီက သတင်းစကား ကြားထားသည်။ သည်တော့ သတိုးဘ ပိုင်နိုင်အောင် စီမံရမှာပဲ ဖြစ်သည်။

မကြာခင်မှာ သတိုးနဲ့ ဦးမိုးစက်ထင် ထိပ်တိုက်ဆုံတွေ့ မည်။ မြသတိုး ဆိုသော မိန်းမတစ်ယောက်ကို ပြန်မြင်တွေ့ ရှင် ဘယ်လို ခံစားသွားမည်လဲ။

သတိုး မြင်တွေ့ချင်လိုက်တာ။

■ ■ ■



## အခန်း (၃၂)

ပဲခူးဘက်က သူငယ်ချင်းတစ်ယောက်ခြံထဲမှာ နေဝင်မိုးချုပ် အထိ သတိုး အချိန်ဖြုန်းနေခဲ့တာကို လင်းခြိမ့် စိတ်ရှည်လက်ရှည် ည်းခံစောင့်ပေးရှာသည်။

ရန်ကုန်ပြန်ကြတော့ အမှောင်ရိပ်တွေပင် သမ်းလုပြီ။

''လင်း မမအိမ်ကို လိုက်ပို့ပေး ပြီးရင် မမကားယူပြီး မင်းပြန် နောက်နေ့မှ အေးအေးဆေးဆေး လာပို့ပေး''

''ဟုတ်ကဲ့ မမ''

သတိုး ရည်ရွယ်ချက်ကို မသိရှာသော လင်းခြိမ့် ပုတ်သင်ညို သားတစ်ကောင်လို ခေါင်းညိတ်ရှာသည်။

အစီအစဉ် အားလုံးကို သတိုး အသေအချာ စီမံပြီးသားပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒါကြောင့်လည်း ထွက်လာကတည်းက သတိုး သူ့ကို ကား
မလာဖို့ မှာခဲ့သည်။

လင်းခြိမ့်ရဲ့ ကားလေးကို မောင်းနေစဉ် သတိုး နောက်မှိကျ
ခေါင်းလေးမှီ မျက်ဝန်းလေးမှိတ်ထားမိ၏။

"မမ နေမကောင်းဘူးလား ဟင်"

"အင်း ခေါင်းနည်းနည်း မူးချင်နေလို့"

"ဟင် ဟုတ်လား ဆေးခန်းဝင်ပြမလား ဟင် တော်
သေွးတွေတိုးနေမှာစိုးလို့"

"ဟင့်အင်း ရတယ် လင်း အိမ်ကိုပဲမောင်းပါ အိမ်မှာဆေး
ရှိပါတယ်"

"ဒါဆို မမ ခေါင်းမှီပြီး အိပ်နေလိုက်နော်"

စိုးရိမ်ရိပ်တို့ ထင်နေသော မျက်ဝန်းလေးတွေနှင့် လင်
ပြောသည်။ ကြည်လင်နေသော မျက်နှာလေးမှ ရိုးသားသော ကြ
ယုယမှုတွေအတွက်တော့ စိတ်မကောင်းပါဘူး လင်းခြိမ့်ရဲ့။ မင်းရဲ့ ကြ
ယုယမှုတွေကို ခံစားတတ်တဲ့ နှလုံးသား တို့ ရင်ထဲမှာ မရှိတော့

■ ■ ■

"မမ ရောက်ပြီလေ"

သတိုး ပခုံးလေးကို ပုတ်ကာ လင်းခြိမ့်ရဲ့ နှိုးမှ သတိုးမျက်
တွေဖွင့်ကြည့်လိုက်သည်။





"ဩော် အင်း မမ မေ့းခနဲ အိပ်ပျော်သွားလို့"

လင်းခြိမ့်ရဲ့ ကားတံခါးဖွင့်ဆင်းကာ သတိုးဆင်းဖို့ပါ အခြေလေး
သာဖွင့်ပေးသည်။

"အိုး"

"ဟာ မမ ဘာဖြစ်လို့လဲ"

"ရ ရတယ် ခေါင်းထဲက မူးခနဲ ဖြစ်သွားလို့"

"မမ သိပ်မူးနေလား။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်ကို ဖုန်း
ဆက်ခေါ်လိုက်မယ်လေ"

"ရတယ် မခေါ်နဲ့ လင်း မမကိုပဲ အိမ်ထဲထိ တွဲပို့ပေးကွယ်"

သတိုး ပခုံးလေးကို သိုင်းတွဲကာ လင်းခြိမ့်ရဲ့ အိမ်ထဲတွဲခေါ်သည်။

"ဟင် မမအိမ်မှာ ဘယ်သူမှ မရှိဘူးလား"

"ဟင့်အင်း မမတစ်ယောက်တည်းနေတာ"

"မမရယ် အခုလို နေထိုင်မကောင်းဖြစ်ရင် မမ ဘယ်လိုလုပ်
မလဲ"

ကရုဏာသံလေးနှင့် လင်းခြိမ့်ရဲ့ ပြောတာကို သတိုး နှုတ်ဆိတ်
နေလိုက်ရင်း

"အပေါ်ထပ်အခန်းမှာ မမ အဝတ်အစားတွေ လဲလိုက်ဦးမယ်
လင်း ဧည့်ခန်းကပဲစောင့်"

"မမ ရတယ်နော်"

"အင်း သက်သာသွားပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်တွေအတိုင်း သတိုး လှမ်းတက်ခဲ့တော့ စိုးရိမ်
မချစ္စာကြည့်ရင်း လင်းခြိမ့်ရဲ့ မတ်တပ်လေး ရပ်စောင့်နေသေး၏။

အခန်းထဲရောက်တော့ သတိုး အဝတ်အစားတွေ လဲလှ
ပစ်လိုက်သည်။ ညဝတ်ဂါဝန် ပါးပါးလေး ဝတ်လိုက်ကာ အလှကြ
မှန်ထဲက ပုံကိုတစ်ချက်ကြည့်လိုက်သည်။

မှန်ရိပ်ထဲမှ မြသတိုးက နှုတ်ခမ်းလေး တွန့်ပြုံးပြသည်။ သ
ခါးစည်းကြိုးကို ခပ်လျော့လျော့ ချည်နှောင်ရင်း မျက်ဝန်းလေး
ညင်သာစွာ မှိတ်ပစ်လိုက်၏။

သတိုး ကိုယ်တိုင် ရွံရှာမုန်းတီးစရာကောင်းသော အလုပ်တ
ကို သတိုး လုပ်ရမည်။

ခုတင်ပေါ် ဖွဖွလေးလှမ်းတက်ကာ သတိုး ကြမ်းပြင်ပေါ်
ခုန်ချပစ်လိုက်သည်။

''ဒုန်း''

''အို အမေ့''

ကြမ်းပြင်ပေါ် သတိုး ညင်သာစွာ လှဲချလိုက်ချိန်နှင့် မ
နောင်းမှာ လင်းခြိမ့်ရဲ့၏ စိုးရိမ်တကြီးအော်သံနှင့် ပြေးတက်လာသံတွေ
ကြားလိုက်ရ၏။

''မမ မမ ဘာဖြစ်တာလဲ''

ပွင့်နေသော အခန်းထဲထိ လင်းခြိမ့်ရဲ့ ဝင်လာကာ လဲကျနေသေ
သတိုးကိုမြင်တော့ အပြေးလေး ထူပွေ့လာ၏။





''အ အင်း ခေါင်းတွေမူးတယ်''

''ဟာ မ မမ''

လင်းခြိမ့်ရဲ့ စိုးရိမ်စွာအော်ရင်း သတိုးကို ပွေ့ချီကာ ခုတင်လေး
ပေါ် တင်ပေး၏။

''လင်း လင်း''

''ကျွန်တော်ရှိတယ် မမ''

''မမကို မထားရစ်ခဲ့ပါနဲ့ လင်းရယ်''

''ဗျာ''

''မမတစ်ယောက်တည်း အထီးကျန်နေရတဲ့ ဘဝကြီးကို ရွံမုန်း
လာပြီ၊ မမအနားမှာ နေပါလင်းရယ်၊ မမကို ဖက်ထားပေးပါ''

''မမ ရယ်''

လင်းခြိမ့်ရဲ့ ကျောပြင်မှာ ယှက်သိုင်းကာ တင်းတင်းဖက်ထား
သော သတိုး လက်တွေကြောင့် လင်းခြိမ့်ရဲ့ ရုန်းမထွက်သာခဲ့။

''မမရယ် မမအနားမှာ ကျွန်တော်က အမြဲတမ်း နေခွင့်ရချင်
သူပါဗျာ''

''လင်း ရယ်''

ပူးကပ်နေသော မျက်နှာနှစ်ခုကြားမှာ အသက်ရှူသံ ပြင်းပြင်း
တွေကြောင့် ဝင်သက်ထွက်သက်လေတို့ ပူနွေးနေသည်။

သတိုး ဆံနွယ်တွေကို ညင်သာစွာ သပ်တင်ပေးလာသော
လင်းခြိမ့်ရဲ့ လက်ဖဝါး အထိအတွေ့က နူးနူးညံ့ညံ့။



www.burmeseclassic.com

www.burmeseclassic.com



မှေးမှိတ်ထားသော သတိုး မျက်ဝန်းတွေထဲမှာ ဦးမိုးစက်ထ ၏ ပုံရိပ်က ဖျတ်ခနဲ ဝင်ရောက်လာသည်။

"မမရယ် မမကို ကျွန်တော်ချစ်တယ် သိပ်ချစ်တယ်ဗျာ"

စကားသံတိုးတိုးနှင့် အနမ်းငွေ့ငွေ့တို့သည်လည်း သတိုး ရင် သံတွေကို နွေးထွေးနိုင်စွမ်း ကင်းမဲ့နေ၏။ သို့ပေမဲ့ စည်းချက်မညီညာသေ လင်းခြိမ့်ရဲ့၏ ရင်ခုန်သံတွေကိုတော့ ကျယ်လောင်စွာ ကြားနေခဲ့၏။

ယုယစွာ ချော့မြှူနေသော အနမ်းတွေထဲမှာ သတိုး အလို သင့် စီးမျော တိုးဝင်လိုက်ခဲ့ပါသည်။

ချစ်ခြင်းဖြင့် ဖြစ်တည်ခြင်း မဟုတ်သော ရင်ခုန်သံတွေသ ဗွာဒင်္ဂတော့ ဆူဝေပူနွေးသွားခဲ့၏။

ထက်ရှမားသွားတစ်စင်း ရှင့်နှလုံးသားမှာ စိုက်ဝင်ခဲ့ပြီ ဦးမိုး ထင်။

■ ■ ■

"မမဘဝမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ ရိုးသာ ဝန်ခံရရင် မမရဲ့အချစ်ဦးမို့ စူးစူးနစ်နစ် ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ သ ချစ်ခြင်းတွေက မမနဲ့ထပ်တူ မကျခဲ့ဘူး၊ မမတို့ လက်ထပ်ခါနီးမှ မမကို ဥပေက္ခာပြု စွန့်ခွာသွားခဲ့တယ် လင်း"

ချစ်ခြင်းနိဂုံး ပန်းချီကားကို စိုက်ကြည့်ရင်း ရှင်းပြနေသေ





စကားသံတွေကို သူ ငြိမ်သက်စွာ နားထောင်ပေးနေမိ၏။

"သူ့ရဲ့ အချစ်တွေက တခြားတစ်ယောက်အတွက်တဲ့လေ အဲဒီ တည်းက မမ အချစ်ကို ကြောက်လန့်သွားတာ မမဘဝ အထီးကျန် သွားခဲ့တာ"

မမရင်ထဲက ခံစားချက်တွေကို သူ စာနာမိပါသည်။ မမပခုံး လေးကို ညင်သာစွာ ဆုပ်ကိုင်ပေးထားမိတော့ မမ သူ့ကို မော့ကြည့်၏။

"လင်း"

"ပြောပါ မမ"

"လင်းနဲ့ ဆုံဆည်းတော့မှ မမနှလုံးသား ပြန်နိုးထရှင်သန် ခဲ့တာပါ၊ ဒါကို လင်း ယုံပါ၊ မမဘဝရဲ့ အချစ်ဦးမဟုတ်ခဲ့လို့ လက်မထပ် နိုင်ဘူးဆိုရင်လည်း မမ ကျေနပ်"

"ဟာ မဟုတ်တာ မမရယ် မမကို လင်း သိပ်ချစ်တယ်၊ နှလုံးသားထဲက စူးစူးနစ်နစ် ချစ်ခဲ့တာပါ၊ ဒါကိုယုံပါ မမကို လင်း လက်ထပ်မှာပါ မမ"

"လင်းရယ်"

"သစ္စာမရှိတဲ့ ယောက်ျားတစ်ယောက်က မမကို ပစ်ခွာသွား သဘဲ့လား၊ အဲဒီလူကို ကျွန်တော်မုန်းတယ်၊ မမရဲ့ဝေဒနာဆိုးတွေကို ဖယ်လိုက်ပါနော် လင်း မမဘဝကို တစ်သက်လုံး ယုယစောင့်ရှောက်မှာပါ"

မမကျောပြင်လေးကို အနောက်က သိုင်းဖက်ရင်း မမ ဆံနွယ် တွေကို ယုယစွာ နမ်းရှိုက်ပြီး သူ ကတိတွေ အထပ်ထပ်ပေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လင်းရယ် မမ ကျေးဇူးတင်ပါတယ်"

"ဟင့်အင်း မမကိုပဲ လင်းက ကျေးဇူးတင်ရမှာပါ။ ဘာလို့ ဆိုတော့ ကျွန်တော့်နှလုံးသားက ချစ်ခြင်းကို မမက ဖန်တီးပေးခဲ့တ မွေးဖွားပေးခဲ့တာ၊ ကျွန်တော်ချစ်တဲ့ မမကို ပိုင်ဆိုင်ခွင့်ရတာ ကျွန်တော် အရမ်းကံကောင်းတယ်"

သူ အလေးအနက်ဆိုရင်း မမ မျက်နှာလေးကို အမြတ်တနိုး အနမ်းတွေခြွေမိသည်။

ရင်ခွင်ထဲမှာ မိန်းမောငြိမ်သက်နေသော မမ ခန္ဓာကိုယ်လေး ကို သူပွေ့ချီလိုက်ကော့ မမလက်တွေက သူ့လည်တိုင်ကို ယှက်သိုင်း ဖက်တွယ်လာကြ၏။

"အတိတ်ဆိုးကြီးကို ဒီနေ့ကစပြီး မမ မေ့ပစ်လိုက်တော့နော် မမ စိတ်ပင်ပန်းနေတာ လင်း မကြည့်ရက်ဘူး"

မမကို ခုတင်လေးပေါ် သူ ညင်ညင်သာသာလေး တင်ပေးလိုက် တော့ မမ မျက်ဝန်းလေးတွေ မှေးမှိတ်ထားသည်။

သူ စူးစူးနစ်နစ် မြတ်နိုးခဲ့ရသော မျက်နှာလေးအနှံ့ အနမ်းတွေ မိုးတွေလို ရွာချလိုက်မိသည်။

တိတ်ဆိတ်နေသော အခန်းလေးထဲမှာ ချစ်ခြင်း၏ ရနံ့တွေ ထုံသင်းနေသည်ဟု ထင်သည်။

သူနဲ့မမရဲ့ ရင်ခုန်သံ ကမ္ဘာလေးထဲကို ဘာအနှောင့်အယှက် အတားဆီးမှ မရှိစေချင်ပါ။





နွေးထွေးနူးညံ့သော မမခန္ဓာကိုယ်လေးကို မက်မက်မောမော ဖွေ့ဖက်ထားရင်း ရင်ခုန်သံလှိုင်းတွေ သယ်ဆောင်ရာ ကမ္ဘာလေးထဲ အကြိမ်ကြိမ် စီးမျောမဆုံးခဲ့ပါချေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

လေယာဉ်မှန်ပြတင်း တံခါးမှ မြင်တွေ့နေရသော မြင်ကွင်း...
သည်လည်း သူ့အာရုံထဲကို မရောက်နိုင်။ စိတ်အာရုံသည် ခန္ဓာကိုယ်...
လည်း မတွယ်နိုင်ဘဲ ယောက်ယက်ခတ်နေခဲ့သည်။

မကြာခင် မြန်မာပြည်ရောက်တော့မည်ဆိုသော အသိကြီးသည်...
သူ့ရင်ကို ချောက်ချားစေ၏။

စင်ကာပူမှာ သူရှိနေသော အချိန်မှာ ဆက်လာသော သား...
က ဖုန်းသတင်းက သူ့ကို သွေးပျက်စေခဲ့တာ ဖြစ်သည်။

''သား အိမ်ထောင်ပြုတော့မလို့ ဒယ်ဒီ''

သား စကား စကြားစဉ်ကတော့ အံ့သြခြင်းတော့ မဖြစ်...
သား အသက်အရွယ်နှင့် အိမ်ထောင်ပြုမည်ဆိုလည်း ပြုသင့်နေပြီ...
...ဒီလောက်ဆို ချစ်သူရလို့ တည်ငြိမ်နေတာ ဖြစ်သင့်၏။





''ဆိုင်းမဆင့် ဗုံမဆင့်ပါလား သားရဲ့ ဘယ်တုန်းက ချစ်သူတွေ့...
...တာလဲကွ''

''သိပ်မကြာသေးပါဘူး ဒယ်ဒီ ဟိုလေ သားတို့ နှစ်ဦးသဘော...
...လက်မှတ်ထိုးပြီးပြီ''

''ဟေ''

''ဟုတ်တယ် ဒယ်ဒီ မနေ့ကပဲ လက်မှတ်ထိုးခဲ့ကြတာ၊ မင်္ဂလာ...
...ပွဲကိုတော့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပမယ်၊ လာမယ့် ဖေဖော်ဝါရီ...
...ဆယ့်လေးရက် ချစ်သူများနေ့မှာလေ''

''ဟင်''

''အဲဒါ ဒယ်ဒီ သား မင်္ဂလာပွဲအမီ ပြန်လာနော် မမမှာလည်း...
...တွေ မရှိကြတော့ဘူးဆိုတော့ ဒယ်ဒီပဲလူကြီးတစ်ယောက် အဖြစ်ရှိ...

''နေ နေဦး သား သားဇနီးလောင်းက ဘယ်သူလဲ ဘယ်ကလဲ...
...တာ ဖေဖေ့ကို ပြောဦးလေ''

''ဟာ ဆောရီး ဒယ်ဒီ ပြောချင်စိတ်နဲ့ လောကုန်လို့ပါ သား...
...လောင်းက သားထက် အသက် ခုနစ်နှစ်လောက်ကြီးတယ်၊ မမနာ...
...ည်က မြသတိုး တဲ့''

နောက်ထပ် သား ထပ်ပြောတာတွေကို မကြားနိုင်အောင်...
...နှလုံးသွေးတွေ ရပ်တန့်သွားခဲ့သည်။

မြသတိုး တဲ့။ ထိုနာမည်မျိုး တူနိုင်တာမရှိ။ ပြီးတော့ သားနှင့်



www.burmeseclassic.com

www.burmeseclassic.com



အလောတကြီး လက်ထပ်လိုက်သော မြသတိုးသည် သူမမှတစ်ပါး သူ
သူမှ မဖြစ်နိုင်။

နှစ်ဦးသဘောတူ လက်ထပ်ခဲ့သည်ဆိုတော့ သူ ဘာယ
တားမြစ်ခွင့် မရှိတော့ပါ။ ချစ်သူများနေ့မှာ မင်္ဂလာပွဲ ကျင်းပမည်

သူ ဘယ်လိုမှ ဖွင့်ပြောလို့ မဖြစ်သော အကြောင်းအရာ
အတွက် သားကို ဘာမှလည်း မပြောနိုင်။

နောင်တတွေတော့ ရင်ထဲမှာ အခါခါရကာ ချောက်
တုန်လှုပ်နေခဲ့၏။ မြသတိုး ဒီလောက်အထိ လုပ်ရက်သည်လား
သူ့ဆီက တောင်းဆိုခဲ့သော လျော်ကြေးတဲ့လား။

မဖြစ်သင့်ဘူး။ မဖြစ်ထိုက်ဘူး၊ မြသတိုးရယ်။ မင်း မရက်
ပါနဲ့။ သား ငါ့သားကို ဒုက္ခမပေးလိုက်ပါနဲ့ကွာ။

ရှူးရှ ကျယ်လောင်သော လေယာဉ်စက်သံနှင့်အတူ ရန်ကုန်
ဆိပ်မြင်ကွင်းက သူ့မြင်ကွင်းမှာ ချောက်ချားစွာ ပေါ်လာသည်။

မြန်မာပြည်ကိုတောင် ရောက်ပြီပဲ။ သူ့လက်မှ နာရီကို ငုံ့
လိုက်တော့ ရှစ်နာရီ ကျော်နေပြီ။

ဒီအချိန်ဆို သားတို့ မင်္ဂလာပွဲ စတင်နေလောက်ပြီ။

မင်္ဂလာပွဲရက်မတိုင်ခင် သူရောက်ဖို့ အခွင့်မရှိခဲ့ပါ။ သား
ကို အနီးကပ် ဖုန်းဆက်ခြင်းဖြစ်၏။ ဒါတွေဟာ မြသတိုးရဲ့ စီမံမှု
သူ အသေအချာကို ယုံသည်။

သားအကြိုလွှတ်ထားသော ကားက လာကြိုသည်။ မင်္ဂ





ကျင်းပရာ နေရာအထိ ဦးတည်မောင်းနေပေမယ့် သူ တုန်လှုပ်နေဆဲ။

သားရဲ့ မြသတိုးသည် သူမ မဟုတ်ပါစေနဲ့ဟု စိတ်က အကြိမ်
ကြိမ် ဆုတောင်းမိသည်။

■ ■ ■

ညှော်ခံပွဲ ကျင်းပရာ ခန်းမဆီက တေးသံတွေက သူ့ကို ဖော
ဖျော်ပြုံးစေသည်။ လှမ်းနေသော ခြေလှမ်းတွေ အင်အားမဲ့ ပြိုလဲချင်
သည်။

"အန်ကယ် အခန်းထဲဝင်ပြီး အဝတ်အစားလဲပါဦး"

သားရဲ့တပည့် ချာတိတ်တစ်ယောက် ပြောမှသူ သတိဝင်သည်။
ဟုတ်ပါရဲ့ အနောက်တိုင်းဝတ်စုံကြီးနှင့် သားရဲ့မင်္ဂလာပွဲကို သူရောက်လာ
ဖို့ မသင့်။

အခန်းထဲဝင်ကာ အသင့် စီစဉ်ပေးထားသော အဝတ်အစား
တွေကို လဲလှယ်လိုက်ရ၏။

"လာ အန်ကယ် ဟောဒီရှေ့ပေါက်က ဝင်သွားလိုက်ပါ"

မင်္ဂလာခန်းမထဲ သူ တွန့်ဆုတ်သော ခြေလှမ်းတွေနှင့် ဝင်ခဲ့
လိုက်သည်။

ဘယ်ကိုမှ အာရုံတို့ မဖြန့်ကျက်နိုင်ပါ။ သားနှင့်အတူ ညှော်ပရိုတ်
သတ်ကို လိုက်လံနှုတ်ဆက်နေသော သတို့သမီးကိုသာ အရင်ဆုံး လှမ်း
ကြည့်မိ၏။

ရင်ထဲမှ ငရဲမီးတွေ ကြိဖြန့်ခံလိုက်သလို ပူလောင်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြသတိုး သူမ မြသတိုး ပါပဲ။ သားလက်မောင်းကို ချိတ်တွဲလို့ အပြုံးရေ
သတို့သမီး ဂါဝန်လေးနှင့် မြသတိုး အပြုံးတွေက လင်းလက်နေ

သားကို ဘယ်သူက သတိပေး အကြောင်းကြားလိုက်သ
မသိ သားက သူ့ကိုမြင်တွေ့သွားကာ မြသတိုး လက်ကိုဆွဲကာ လျှေ
လာနေပြီ။

သူနေရာမှာပဲ သက်မဲ့ကျောက်ရုပ်ကြီးလို ရပ်နေမိဆဲ။ မြသ
အကြည့်တွေက သူ့ကို ရဲရဲတင်းတင်းကြည့်နေသည်။ အပြုံးတွေ
တစ်ချက်လေးတောင် ညှိုးမှိန်မသွားခဲ့။

''မင်္ဂလာပါ ဒယ်ဒီ ဒီမှာသားရဲ့ဇနီး၊ ဒယ်ဒီ့ ချွေးမလော
လေး''

သားက ကြည်နူးပီတိဝေနေသော မျက်နှာနှင့် မိတ်ဆက်ပေး
သည်။ သူ ပြုံးရမလို မဲ့ရမလို ဟန်ဆောင်နိုင်စွမ်း ကင်းမဲ့နေမှာ သေ
၏။

''တွေ့ရတာ ဝမ်းသာပါတယ် ဦး၊ ကျွန်မ မြသတိုးပါ''

''အင်း အင်းပါကွယ်''

''ဒယ်ဒီရေ ပြီးမှ ဒယ်ဒီချွေးမနဲ့ အေးဆေးတွေ့ကြ
ညှော်ပရိသတ်တွေကို လိုက်ညှော်ခံပေးပါဦးနော်''

''အင်း အင်းပါ သား''

တကယ့်ကို ရှက်စရာကောင်းသည့် အဖြစ်ကြီးကို သူ အ
လတ်လတ် ရဲကျသလို ရင်ဆိုင်နေရသည်။





သားရဲ့မင်္ဂလာပွဲမှာ တွေ့ရသော ပရိသတ်တချို့က သူနှင့်
မြသတိုး အကြောင်းကို သိထားကြသူတွေပါသည်။

မြသတိုး မျက်နှာပြောင်တိုက် နှုတ်ဆက်ရဲပေမယ့် သူတို့ကို
သူဘယ့်လို နှုတ်ဆက်ပြုံးပြရမည်လဲ။

အကဲခတ်သလို သူ့ကိုကြည့်နေသော မိတ်ဆွေတွေ၏ မျက်ဝန်း
တွေနှင့် ဝေးရာနေရာတစ်ခုမှာ သူ သွားထိုင်နေလိုက်ရ၏။

''ကိုမိုးစက်ထင် ကျုပ်တို့ကို ခွင့်ပြုပါဦး''

''ဗျာ ဟုတ် ဟုတ်ကဲ့''

ထိပ်တိုက်ကြီး လာနှုတ်ဆက်တော့လည်း သူ မျက်နှာကြီး
ညိုညစ်ထုပ္ပွစာ နှုတ်ဆက်ရသည်။

မင်္ဂလာပွဲကြီး မြန်မြန်ပြီးမြောက်ပါစေဟု အခါခါ ဆုတောင်း
ရင်း သူမှာ လောင်မီးတိုက်ခံရသူလို ခံစားနေရသည့်အဖြစ်။

ရက်စက်လိုက်တာ မြသတိုးရယ်။ ငါ့သားနဲ့ ငါ့ဘဝတစ်ခုလုံး
ကို မင်း လောင်မီးတိုက်လိုက်တာပဲ။

ဖြစ်နိုင်လျှင် သူ ဒီနေရာမှာပဲ အငွေ့ပျံ လွင့်ပျောက်သွားချင်
ပါသည်။

■ ■ ■

မင်္ဂလာညှော်ခံပွဲပြီးတော့ သူ့အနားကို သားရောက်လာသည်။
သူ့အမူအရာတွေက သိပ်ကို ပျက်ယွင်းနေခဲ့သည်။

''ဒယ်ဒီ ဘာဖြစ်နေတာလဲ နေမကောင်းလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်တယ် သား ဖေဖေ သိပ်နေမကောင်းဘူး"

"ဟုတ်လား ဒါဆို ဒယ်ဒီ အိမ်ပြန်နှင့်လိုက်လေ၊ သား နောက်မှ လိုက်ခဲ့မယ်"

"အေး အေးကွာ"

သူ့ကို လှောင်ပြုံးတွေ တစိမ့်စိမ့်ကြည့်နေသော မြသတိုး ရှေ့ သူ အရှုံးပေး လှည့်ထွက်ခဲ့လိုက်သည်။

သားကို သူ ယုံကြည်စွာ လွှတ်ပေးခဲ့တာ မြသတိုးကို ယုံကြ ထားခဲ့မိတာ အမှား။

ထိုနောင်တတွေ အားလုံးသည် အခုတော့ သူ့ကို ပူလောင် ဝါးမျိုနေခဲ့ချေပြီ။

မြသတိုးကို သားရဲ့ဇနီးမယားတစ်ယောက်အဖြစ် သူ မြင်တွေ ဆက်ဆံနေရမည့် အဖြစ်ကြီးက သိပ်ကို အကျည်းတန်လွန်းပါသည်။

ထိုအခြေအနေဆိုးကြီး မြသတိုး ဘာကြောင့် ဖန်တီးခဲ့တာ

■ ■ ■

ဆင်ဝင်အောက်ကို ကားတွေ မောင်းဝင်လာတာကို သူ အပေါ် ထပ် ဝရန်တာမှ မြင်တွေ့နေရသည်။

သားတို့ ပြန်လာကြပြီ။ မိတ်ဆွေ အဖော်အပေါင်းတွေလည်း ပါလာကြသည်ထင်၏။ သူကတော့ နောက်တစ်ခါ ရင်ဆိုင်ရဖို့ တုန်လှုပ် ဧည့်ခန်းထဲ ခြေဦးမလှည့်ရဲ။





"ဒယ်ဒီ ဒယ်ဒီရေ"

အော်ခေါ်သံနှင့်အတူ လှေကားထစ်တွေအတိုင်း သား ပြေး လာ၏။ ပြီးတော့ သူ့အနားရောက်လာကာ

"ဒယ်ဒီကို သားတို့ဇနီးမောင်နှံ ကန်တော့မလို့ ဒယ်ဒီရ လာပါ

သား ဆွဲခေါ်ရာကို သူ လိုက်ခဲ့ရသည်။ ဧည့်ခန်းထဲမှာ မင်္ဂလာ ဝတ်စုံ ဂါဝန်အဖြူရောင်လေးနှင့် မြသတိုး မတ်တပ်ရပ်စောင့်နေ၏။

"ထိုင် ဒယ်ဒီ မမရေ လင်းတို့ ကန်တော့ကြရအောင်"

သူ့ကို ဆိုဖာထိုင်ခုံမှာ ထိုင်ခိုင်းကာ မြသတိုးနှင့် သား ကြမ်းပြင် ထိုင်ကာ ကန်တော့ကြ၏။

"ဒယ်ဒီ သားတို့အတွက် ဆုတောင်းပေးဦးလေ"

"အင်း ဟို အဲ ဒီလင်မယား အိုအောင်မင်းအောင် ပေါင်းသင်း ရပါစေကွယ်"

"ဒယ်ဒီပေးတဲ့ဆုနဲ့ ပြည့်ပါရစေ"

သားကဆိုပေမယ့် မြသတိုးက နှုတ်ဆိတ်စွာနှင့် ငြိမ်သက်နေခဲ့ ဟန်ဆောင်နိုင်လွန်းသော မြသတိုး ရင်ထဲက အမုန်းမီးတွေကို သူ ကြောက်ရွံ့တုန်လှုပ်မိ၏။

"မမ လင်းမိတ်ဆွေတွေကို ဘတ်ဖ်လာပွဲ စီစဉ်ပေးလိုက်ဦး ယ်နော် မကြာစေရဘူး ခဏလေးပဲ"

"သွားပါ လင်း သူတို့ကျေနပ်အောင် ပြုစုပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ သား သွားမယ် ဒယ်ဒီချွေးမနဲ့ စကားပြောဦး

သား၊ သူ့ကိုလှမ်းပြောပြီး မိတ်ဆွေတွေရဲ့ ကားနှစ်စီးနှင့်

ခဲ့လေသည်။

ဧည့်ခန်းထဲမှာ သူနှင့် မြသတိုးတို့ပဲ နှစ်ဦးတည်း ရှိတော့

သူ အပေါ်ထပ်ကို ပြန်တက်ဖို့ပြင်တော့

"ဦးမိုးရိပ်ထင်"

သူမခေါ်သံက ချိန်ကိုက်ဗုံးတစ်လုံးလို ပေါက်ကွဲလွင့်

လာ၏။ ခြေလှမ်းတို့ တုံ့ခနဲရပ်ကာ သူ လှည့်ကြည့်တော့ သူမ မျက်

မှ လျှောင်ပြုံးလေးပဲ ရှိတော့၏။

"ရှင့်ရင်ထဲမှာ သိပ်ချောက်ချားနေပြီလား"

ကြည့်စမ်း။ သူမ ချက်ချင်း လက်ငင်း သူ့ကိုတိုက်ခိုက်

ဒါ သူမရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်သည်။

"မြသတိုး၊ ငါတောင်းပန်ပါတယ်"

"ဟင့်အင်း မလိုအပ်ပါဘူး၊ အခု ကျွန်မကျေနပ်တယ်

ပြည့် ဝဝကျေနပ်နေတယ်"

"ဟင်"

"ဟုတ်တယ် ကျွန်မ ဆုံးရှုံးခံစားခဲ့ရတာတွေ ရှင့်ရင်ထဲ

ပေးလိုက်တာ၊ ပြီးတော့ ရှင့်သားလည်း ပိုင်ဆိုင်ရဦးမှာ"

"မြသတိုး မင်း ငါ့သားကို ဘယ်လိုသဘောနဲ့ လက်ထပ်

လဲ"





သူ ထိတ်လန့်တုန်ယင်စွာ မေးတော့ ပန်းဆီရောင် နှုတ်ခမ်းလေးတွေ မဲ့ကျသွားခဲ့ရင်း

"နံပါတ်တစ် ကျွန်မ ခံစားရတဲ့ ဒဏ်ရာတွေကို ရှင်တို့ပြန်ပေးဆပ်ရဖို့၊ နံပါတ်နှစ် ရှင့်ရဲ့ကိုယ်ပွားအတွက် နံပါတ်သုံး ရှင့်ရင်ဘတ်ကို ရိုက်ချိုးပြီး ချစ်ပြမလို့ပေါ့ အဟင်း ဟင်း"

"မင်း မင်း"

"စောင့်ကြည့်ပါဦး ပွဲကအခုမှစမှာ ဦးမိုးစက်ထင် အဟင်း ဟင်း ဟင်း"

ရယ်သံတွေ ချန်ထားရစ်ခဲ့ကာ အပေါ်ထပ်လှေကားအတိုင်း သူမ တစ်လှမ်းချင်း လှမ်းတက်သွားခဲ့သည်။

သူ အရပ်ကြီးပြတ် ဆိုဖာထိုင်ခုံပေါ် ထိုင်ချပစ်လိုက်၏။ သွားပြီ အမှန်းတရားတစ်ခုအောက်မှာ သူ့ဘဝကြီး အပိုင်းပိုင်း ပြတ်တောက်ခဲ့ပြီ။

မြသတိုးရဲ့ အပြုံးတွေက သူတစ်ယောက်တည်း အတွက်မဟုတ်သား အပေါ်မှာပါ တန့်နန့် ရက်စက်ပြမှာသေချာ၏။

မင်းရှူးသွားပြီးလား မြသတိုးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဘယ်အချိန် ထပေါက်ကွဲမည် မသိသော ဗုံးတစ်လုံးကို ရင်
ပွေ့ပိုက်ထားရသလို သူ့အဖြစ်က တုန်လှုပ်ချောက်ချားနေခဲ့ရ၏။

သားကို ထားရစ်ခဲ့ပြီး ပြန်သွားရမှာကိုလည်း သူ စိုးရိမ်သည်
သားကလည်း သူ့ကို စီးပွားရေးအလုပ်တွေ ရပ်စေချင်နေ၏။

"ဒယ်ဒီ စီးပွားရေးအလုပ်တွေ လျှော့ပစ်လိုက်ပါတော့၊ သား
နဲ့ အတူတူနေပါနော်၊ မိသားစုဘဝလေးကို သားတို့ ပိုင်ဆိုင်သင့်ပြီ

"အင်း ဖေဖေလည်း ပိုင်ဆိုင်ချင်ပါတယ် သားရယ်"

"စိတ်ချ ဒယ်ဒီ၊ ဒယ်ဒီအတွက် ချစ်စရာ တွယ်တာ
မြေးလေးတွေ မမက မွေးပေးလိမ့်မယ်"

ပျော်စရာ မိသားစု တစ်ခုကို တည်ဆောက်ချင်နေသော သား





ဂျ်လင့်ချက်တွေအတွက် သူ ကြိတ်ကြေကွဲရ၏။

တကယ်ဆို သား ပိုင်ဆိုင်နေသော ဘဝကြီးသည် သားတောင့်
နေသော ပျော်ရွှင်မှုတွေ ကြင်နာယုယမှုတွေ ကင်းစင်နေသော ဘဝ
ကြီးဟု သား မသိရှာသေးပါ။

တစ်ချိန်မှာ သားသိခဲ့ရင် ဘယ်လောက် ထိရှရှာမည်လဲ။

"ဒယ်ဒီ ကို သား တောင်းပန်ချင်သေးတယ်"

"ဘာလဲ သား၊ ဘာကိုလဲ"

"တစ်ချိန်က ဒယ်ဒီ နောက်အိမ်ထောင်ပြုမယ့် မိန်းမကို သား
ခါးသီးသီး ခွဲပစ်ခဲ့တာအတွက်ပါ"

"ဟာ ပြီးခဲ့ပြီပဲ သားရာ"

"မဟုတ်ဘူး ဒယ်ဒီ အခုမမနဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ရမှ
ယ်ဒီကို သား စာနာတတ်တာပါ၊ ဒယ်ဒီရွေးချယ်ခဲ့တဲ့ မိန်းမကို ဒယ်ဒီ
င်ချစ်ခဲ့သလားဟင်"

သား အမေးစကားကြောင့် သူ မျက်နှာထူပူကာ တုန်လှုပ်
သာသည်။

"ဒယ်ဒီ ချစ်ခဲ့မှာပါ သားလည်း မမကို သိပ်ချစ်တယ် ဒယ်ဒီ၊
ကြောင့် မမနဲ့ဘဝလေးကို သား ရအောင်ကြိုးစားခဲ့တာပေါ့"

သားရင်ထဲက ခံစားချက်တွေကို သိရတော့ သူ့ရင်ထဲ ပူလောင်
နေ၏။ သားရဲ့ နှလုံးသားကို မြသတိုး သိမ်းပိုက်ထားနိုင်ခဲ့တာတော့
ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သား တောင်းပန်ပါတယ် ဒယ်ဒီ သား စာနာတတ်

နောက်တစ်ခါ ဒယ်ဒီ ချစ်တဲ့သူတွေ့ရင် သား မဖျက်ဆီးပါဘူး"

သူ သားပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားတင်းအပြုံး

ဟန်လုပ်ပြုံးပြရ၏။

"သား ဖေဖေဘဝမှာ သားပဲရှိတယ်၊ စိတ်ချပါကွာ

အတွက် လိုအပ်တာ သားပဲ"

"သားတစ်ယောက်တည်း မဟုတ်ဘူးလေ ဖေဖေရဲ့ ချွေး

ရှိသေးတယ်"

"အင်း ဟုတ်ပါပြီ သားရယ် ဟုတ်ပါပြီ"

သား မသိသေးသော ပြဿနာကြီး တစ်ချိန်ချိန်မှာ

သိသွားခဲ့လျှင် သား နာကျင်ခံစားရတော့မည် ထင်ပါရဲ့။

မင်းရဲ့ အမုန်းတွေ ကြေဖျက်အောင် ငါ့အသက်ကိုမှ

အလိုရှိတယ်ဆိုရင်တောင် ငါပေးရဲပါတယ်။

သားကိုတော့ မင်းရဲ့အမုန်းမီးတွေနဲ့ လောင်တိုက်မသွင်း

ပါနဲ့။

■ ■ ■



## အခန်း (၃၅)

တစ်နေ့တာ သူတို့မျက်နှာသုံးခု ဆုံချိန်သည် နံနက်စာ ကော်ဖီ

မှာဖြစ်၏။ သူ့ရှေ့မှောက်မှာ မြသတိုးသည် တမင်ပြုတတ်သော

ပြုအမူတွေကို သူ မမြင်ချင်ပေမယ့် မရခဲ့ပါ။

"လင်း စားနော် မမကိုယ်တိုင် သုတ်ထားတဲ့ နန်းကြီးသုပ်"

"အိုကေ မမလက်ရာပဲ လင်း စားမှာပေါ့"

နန်းကြီးသုပ် မကြိုက်သော သားသည် ဖနီးကြောင့် စားမှန်း

သိ၏။ သို့ပေမယ့် တစ်ဇွန်းစားမိသည်နှင့်

"အ အီးလားလား စပ် စပ်လိုက်တာ"

"ဟာ သား ဘာဖြစ်တာလဲ"

"ငရုတ်သီးစိမ်းလေးတွေ ပါးပါးလှီးပြီး ထည့်ထားတာပါ လင်းရဲ့

စပ်စပ်လေးမှ စားကောင်းတာ"

"ဟာ ကျွန်တော် အချဉ်အစပ်ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဟင်း လင်းကသာ မကြိုက်တာ လင်းဒယ်ဒီက ဒါမျိုး ကြိုက်တယ်၊ ဒါကြောင့် မမက စပါယ်ရှယ် စီစဉ်ပေးတာ၊ နေ့လ စာတောင် လင်း ဒယ်ဒီ ကြိုက်တဲ့ မှုစ်ချဉ်နဲ့ ဝက်သား အစပ်ချက် ချက်မှာ''

သားရှေ့မှာ မြသတိုး တမင်ပဲ သူ့ကိုရိနေမှန်း သူသိသ သား ကတော့ ရေတတ်သီးစားမိကာ မျက်နှာကြီး ရဲရဲနီ ချွေးတွေ နေလျက်က

''ဒယ်ဒီကြိုက်တာဆို မမ ချက်ပါ၊ လင်းက အဆင်ပြေတ စားပါ့မယ်''

''အဟင်း ဟင်း လင်း ဒယ်ဒီက အရမ်းကံကောင်းတာပဲ လင်းရဲ့ အချစ်တွေလည်းရတယ်၊ မမရဲ့ဂရုစိုက် ချစ်ခင်မှုလည်း ရတ ဦး အရမ်းကံထူးတယ်''

သူ့မျက်နှာကြီး ရဲရဲနီကာ ဘာမှ ခွန်းတုံ့မပြန်နိုင်ခဲ့။ သား တော့ ရိုးသားစွာ မြသတိုး စကားကို ခေါင်းညိတ်ထောက်ခံနေခဲ့

ကြာလျှင် သူတို့ကြားမှာ မဟာပြဿနာကြီးတော့ ကြုံ တော့မည်ထင်သည်။

■ ■ ■

မဖြစ်သင့်သော ပြဿနာတွေ ဖြစ်မလာစေဖို့ သူ စင်က မှာ ပြန်နေဖို့ စီစဉ်တော့

''ဦးမိုးစက်ထင်က လင်းခြံရဲ့ကို စိတ်ချသွားချင်လို့လား အဝ





မောင်း ကျွန်မ လက်ထဲမှာ စိတ်ချလက်ချ ထားသွားချင်ရင်တော့ ရှင့်သ ဘောနဲ့ ရှင်ပဲပေါ့''

''မြသတိုး မင်း ငါ့ကို ခြိမ်းခြောက်နေတာလား''

''သိပ်သေချာတာပေါ့ ဦးမိုးစက်ထင် ကျွန်မက ဒီအခြေအနေ ကိုပဲ လိုချင်တာ၊ ဒါကိုမှ ရှင်လက်မခံနိုင်ရင် အမှန်တရားကြီးကို ဖွင့်ချဖို့ ဝန်မလေးဘူး''

''မြသတိုး မင်းအဲဒီလောက်ထိ ဘာလို့ အငြိုးတွေ ကြီးနေခဲ့ တာလဲကွာ၊ ငါ့သားက မင်းကိုသိပ်ချစ်တာပါကွာ''

''ရှင်ကော ကျွန်မကို သိပ်ချစ်ခဲ့သလား ဦးမိုးစက်ထင်''

''မြသတိုး''

သူ့ ဆတ်ခနဲ ထရပ်ကာ ဟစ်အော်တော့ မြသတိုး သဘောကျ စွာ ဟားတိုက်ရယ်မောနေသေး ပြန်၏။

ဒီလို အနိုင်ယူမှုတွေ နှိပ်စက်မှုတွေနှင့် မြသတိုး သူ့ကို မသေမ ချင်း ဒုက္ခဆင်းရဲတွေ ပေးနေမှာ သေချာ၏။

''အဟင်း ဟင်း လင်းခြံရဲ့ တောင့်တတဲ့ဘဝကို ကျွန်မဘယ် တော့မှ မပေးနိုင်ဘူး၊ ဒါသေချာတယ်၊ သူ ပိုင်ဆိုင်မယ်ဆိုရင် ကျွန်မရဲ့ ခန္ဓာကိုယ်ပဲ ဖြစ်လိမ့်မယ်၊ ကျွန်မ နှလုံးသားက သေဆုံးခဲ့ပြီးပြီ''

''အတိတ်ကို ပြန်မဖော်ပါနဲ့တော့ မြသတိုး''

''ဖော်ရမယ် ဦးမိုးစက်ထင် အတိတ်က ကျွန်မရင်ထဲမှာ မ ဆောက်နိုင်တဲ့ ဒဏ်ရာကြီးအဖြစ် အမြဲရှိနေတယ်၊ အဲဒါအတွက် လင်းခြံ



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ကျွန်မခန္ဓာကိုယ်ကို ပုံအပ်ခဲ့တာပဲ''

''မြသတိုး မင်း ငါ့ကို ဘာဖြစ်စေချင်သလဲ''

သူ့စကားကြောင့် သူမ စူးစူးရဲရဲ ကြည့်၏။ သေချာသည်က ထိုအကြည့်တွေထဲမှာ အမုန်းတရားနှင့် နာကျည်းမှုများသာ ကိန်းဝပ်နေ ခြင်းပင်။

''ရှင် ကျွန်မတို့နဲ့ အတူရှိနေရမယ် ဦးမိုးစက်ထင်၊ ကျွန်မ ပေးနေတဲ့ ဒဏ်ရာတွေကို ရှင်ခံယူရမယ်၊ ကျွန်မအလှည့်တုန်းကလည်း ကျွန်မ ခံယူခဲ့ရတာပဲလေ၊ ဒါမှမဟုတ်ဘဲ ရှင် ရှောင်ထွက်သွားရင် ရှင်မလိုချင် မဖြစ်စေချင်တဲ့ အရာတွေ ပိုင်ဆိုင်ရလိမ့်မယ်''

သူ့ကို ပြောပြီးသည်နှင့် မြသတိုး ချာခနဲလှည့်ထွက်သွားခဲ့သည်။ သူ့ကို မြသတိုး စီရင်ချက် ပြစ်ဒဏ် ချမှတ်လိုက်ခြင်းဟု နားလည် ခဲ့သည်။

လူက အသက်မဲ့သလို ထိုင်ခုံပေါ် သူ ပြုတ်ကျသွားခဲ့သည်။ ဘယ်ဘက်ရင်ဘတ်ထဲက စူးခနဲ နာကျင်သော ဝေဒနာက ဆို့လွန်း သည်။

မြသတိုး ကျေနပ်သော အပြစ်ဒဏ်ကို သူ့ရဲ့နောက်ဆုံး ထွ သက်အထိ ခံယူရဦးမည်။

သားအတွက် သူ ကြေကွဲနာကျင်စရာ အိပ်မက်ဆိုးတွေ မ ချင်ပါ။

■ ■ ■



## အခန်း (၃၆)

တကယ်ဆို မြသတိုး ဆိုသော သူမဘဝကို သူမ ကျေနပ် ည်ဟုပဲ ထင်ကြမည်။

ရင်ထဲမှာ ပူလောင်မှုတွေ အငြိုးတရားတွေနှင့် မြသတိုး လောင နေခဲ့တာလည်း ကိုယ်တိုင်ပဲသိသည်။

ဦးမိုးစက်ထင်ကို မုန်းသော အမုန်းတရားတွေနှင့် လင်း အပေါ် ရက်စက်ခဲ့မိသောအမှားကို တွေးမိတိုင်း စာနာခံစားရစမြဲ။

''မမ နေမကောင်းဘူးလား''

သူမ မျက်နှာတစ်ချက်ပျက်သည်နှင့် လင်း သည် ပျာယာခတ် ဂရုစိုက်ခဲ့သည်။ ချက်ချင်းဆေးတွေယူကာ ကိုယ်တိုင်တိုက်သည်။

''မမ လင်း ဒီနေ့နောက်ကျမယ်နော်၊ ထမင်းစား မစောင့်နဲ့ မမ စားနှင့် သိလား''



www.burmeseclassic.com

www.burmeseclassic.com



အသုံးကိုမှအတွက် နောက်ကျလျှင်တောင် ဖုန်းလေးဆက် ခွင့်တောင်းတတ်သည်။ အလုပ်နားသည့် ရက်တွေမှာ သူမအနား အမြဲလိုက်ရှိတတ်သူ။

''မမ လင်းတို့ မိသားစုဘဝလေး ပြည့်စုံချင်ပြီ''

''လင်း မမကို သိပ်ချစ်တယ် နောင်ဘဝအထိချစ်မှာ မမ လင်းတို့ရဲ့ အနာဂတ်ဘဝလေးမှာ မမရယ် လင်းရယ် ချစ်စရာသား မီးမီးတွေရယ် ရှင်သန်ချင်တယ်''

လင်းရဲ့ဆန္ဒ မျှော်လင့်ချက်တွေ ဘယ်သောအခါမှ ဖြစ်လာ မဟုတ်တာ လင်း မသိရှာပါ။

ဦးမိုးစက်ထင် ကိုယ်တိုင်က နောင်တွယ်စရာ သားသမီး လျှင် သတိုးရဲ့ အမုန်းတွေ ပြေသွားမည် ယူဆထားတာ သတိုး သည်။

ဒီလိုအဖြစ်မျိုး သတိုး အဖြစ်ခံမည်တဲ့လား။ ဘယ် သံယောဇဉ်ကြိုးတွေ မဖြစ်တည်စေရ။

''တို့ ကလေးမလိုချင်သေးဘူး လင်း''

''အင်း မမ ဆန္ဒမရှိသေးရင် လင်း မတောင်းဆိုပါဘူး ဆန္ဒအတိုင်းပါနော်''

သူမ မျက်နှာလေး တစ်ချက်မညှိုးအောင် လင်းက ဂ သည်။ ည ည သူမ အိပ်ပျော်နေချိန်တွေမှာတောင် လင်းသည် ပြင်လေးကို တိတ်တခိုး နမ်းရှိုက်တတ်တာ သတိုးသိပါသည်။





သတိုးအပေါ် ဖြူစင်သော ကြင်နာယုယမှုတွေ အမြဲတမ်း ပေးခဲ့သော လင်း အဖြစ်က တစ်ခါတုန်းက သတိုး အတိုင်းပဲဖြစ်သည်။

သတိုးသည်လည်း ကိုကို အနှိုင်းမဲ့သော ယုယမှုတွေ ကြင်နာမှုတွေ ပေးခဲ့ဖူးသည်။

ဒါပေမဲ့ နောက်ဆုံးတော့ သတိုး ပိုင်ဆိုင်ခဲ့ရသော အရာတွေ သည်။

လင်းရယ် ဝမ်းနည်းပါတယ်။

မင်းရဲ့ ယုယကြင်နာခြင်းတွေက တို့ရင်ထဲက အမုန်းမီးကို ငြိမ်းစေနိုင်ပါဘူး။ ဦးမိုးစက်ထင်ကို မြင်တိုင်း တဟုန်းဟုန်း တောက် လောင်နေတဲ့ မီးတောက်တွေက အပြစ်မဲ့တဲ့ မင်းကို သင့်စေခဲ့ရင် တို့ စိတ်မကောင်းပါဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၇)

နာကျည်းမှု အမုန်းတရားတစ်ခုက ဒီလောက်အထိ ကြီးမ
နက်ရှိုင်းခဲ့သည်လား။

မမရင်ထဲက အမုန်းမီးတွေကို သူ့ရဲ့ကြင်နာ ယုယခြင်းန
ငြိမ်းသတ်ဖို့ ကြိုးစားခဲ့ဖူးသည်။

သို့သော် မမသည် တစ်ချိန်က ဒယ်ဒီလက်ထပ်ယူမည့် မိန်
တစ်ယောက်ဟု သူသိလိုက်ရချိန်မှာ အရာရာသည် နောက်ကျသွာ
သည်။

မမနှင့်လက်ထပ်ပြီး ပတ်ဝန်းကျင်က စကားတွေကို သူကြာ
ချိန်မှာ တုန်လှုပ်ချောက်ချားခဲ့ရသည်။

သူ မယုံချင် မယုံကြည်ရဲပေမယ့် ဒယ်ဒီရဲ့ မိတ်ဆွေ တာ
ကို ချော့မော့ သိမ်းသွင်းကာ မေးကြည့်တော့

''ဒါ အမုန်းပဲ လင်းခြိုရဲ့၊ မင်းအဖေနဲ့ မြသတိုး လက်ထပ်





ဒီး ဖြစ်ခဲ့တယ်၊ ဖိတ်စာတွေတောင် ဝေပြီးတဲ့အထိ ဖြစ်ခဲ့ပြီးမှ ပျက်သွား
ခဲ့တာ''

''ဗျာ''

''ငါတို့လည်း အရမ်းအံ့သြတယ်၊ ဒီပွဲကို ဖျက်ခဲ့တာ မင်းအဖေ
လေ မြသတိုးက သူ့ကို သိပ်ချစ်ရှာတာ''

မမရဲ့ အကြောင်းတွေကို သူ သိခဲ့ရ ကြားခဲ့ရသည်။ မမသည်
ဒယ်ဒီဘဝကို စွန့်လွှတ်ပေးဆပ်ခြင်းများစွာနှင့် ဝင်ရောက်လာခဲ့တာ
ဖြစ်သည်။

ဒါကို ဒယ်ဒီ ဘာကြောင့် စွန့်ခဲ့သည်လဲ အဖြေရှာကြည့်တော့
အရေးခံသည် သူပဲဖြစ်၏။

''ဒယ်ဒီက ကျွန်တော့်ကြောင့် မမကို စွန့်လွှတ်ခဲ့တာပဲ''

''ဟုတ်တယ် မြသတိုးကလည်း မင်းကို နာကျည်းချက်တွေ
ကြောင့် လက်ထပ်ယူပြခဲ့တာ''

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားရသည်။ မမရဲ့ ချစ်ခြင်းကို သူယုံကြည်
ခဲ့ပေမယ့် မမ လက်ထပ်ခြင်းက ဒယ်ဒီနှင့် သူ့ကို လက်စားချေလို့မှ
အတွက်တဲ့လား။

ဒါပေမဲ့ မမကို သူစွန့်လွှတ်လိုက်ဖို့ နှလုံးသားက လက်မခံနိုင်
ခဲ့ပါ။ မမရဲ့ အမုန်းတွေကို သူ နားလည်သည်။

ဒါကြောင့်လည်း မျိုးသိပ်ကာ မမအပေါ် ယုယကြင်နာမြဲ ရှိခဲ့သ
ဒါပေမဲ့ မမရဲ့ အမုန်းတွေက ပြေမသွားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မမ ပေးဆပ်နေသော ဒဏ်တွေကို ဒယ်ဒီ ခံယူနေရတာ သူ နားလည်သည်။ ဒယ်ဒီခမြာ အချိန်တိုလေးအတွင်းမှာ ပိန်ကျသွားတာကို သူတွေ့နေသည်။

အခုတော့ သူ ဆုံးဖြတ်ပြီးခဲ့ပြီ။

ဒယ်ဒီအတွက် သူ နှလုံးသားကို စတေးလိုက်တော့မည်။ အမုန်းမီးတွေထဲမှာ မမကော ဒယ်ဒီပါ လောင်မြိုက်နေတာ သူ မကြည့်ရက်

ထို့အတွက်လည်း သူ ဒီအခန်းထဲမှာ ပန်းချီကားတစ်ချပ်ကို အပြီးသတ် ရေးဆွဲနေခဲ့ခြင်း ဖြစ်၏။

မမ၏ ချစ်ခြင်းနိဂုံး ပန်းချီကားထဲကအမုန်းတွေကို သူ အဆုံးသတ်ပေးမိတာ ဖြစ်၏။

သူ့ နှလုံးသွေးနှင့် ရေးခြယ်ခဲ့သော ပန်းချီကားက အဆုံးသတ်ပြီးဆုံးခဲ့ပြီ။

ပန်းချီကားထဲမှာ မမသည် အဖြူရောင် ဂါဝန်ဝတ်စုံလေးနှင့် လှပသော သတို့သမီးတစ်ပါး။ မမရဲ့နံဘေးမှာ အဖြူရောင် သတို့သား ဝတ်စုံနှင့် ပြုံးရွှင်နေသော ဒယ်ဒီပုံရိပ်။

ရင်ခုန်သံ တူညီခဲ့သော ချစ်သူနှစ်ဦးရဲ့ ချစ်ခြင်းကို သူဖျက်ဆီး ခဲ့မိသည်။

အခုတော့ ထိုပန်းချီကားလေးကို သူ အမည်ပေးလိုက်ပါသည်။

‘ချစ်ခြင်းသစ္စာ’ ဆိုသော ပန်းချီကားလေးကို တွေ့လျှင် မမ အမုန်းတွေ ပြေနိုင်ပါစေတော့။





သူကတော့ မမကို မြတ်နိုးချစ်သော နှလုံးသားကို သိမ်းဆည်းကာ အဝေးဆုံးမှာ ရှင်သန်တော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဒါ လင်း ပို့လိုက်တာ ဟုတ်လား"

"ဟုတ်ပါတယ် မမ မြသတိုး သူ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး အိပ်မက်ဆိုးရာ ပန်းချီပြတိုက်မှာ ရှိနေခဲ့ပါတယ်၊ ဒီပန်းချီကား ရေးနေ တာထင်တယ်၊ အခု ကျွန်တော့်ကို ပို့ခိုင်းလို့ပါ"

"အင်း အခုသူကော"

"အဲဒါပို့ခိုင်းပြီး သူ အပြင်ထွက်သွားပါတယ်၊ ဒီမှာ ဒီ ကဏ် ဆက်လေးလည်း ပေးခိုင်းလိုက်တယ် ခင်ဗျ"

"အင်း ကောင်းပြီကွယ်"

ချာတိတ်လေး ပြန်သွားတော့ သတိုး ပန်းချီကားမှ အုပ်ပတ် ထားသော အနီရောင် ကတ္တီပါစကို ခွာပစ်လိုက်သည်။

"ဟင်"





သတိုး မျက်ဝန်းတွေ ထိတ်လန့် ပိုင်းစက်သွားခဲ့သည်။ မြင်လိုက် ရသော မြင်ကွင်း ပန်းချီကားက သူမနှင့် ဦးမိုးစက်ထင်ရဲ့ ယှဉ်တွဲထား သော ပုံရိပ်။

လင်းခြီရဲ့ အားလုံးကို သိသွားပြီတဲ့လား။

သတိုး အခုမှ လက်ထဲက ကတ်ဆက်လေးကို သတိရကာ ခလုတ်လေးကို နှိပ်ဖွင့်လိုက်သည်။

တိုးလျလျ ကြားနေရသော လင်းခြီရဲ့ စကားသံတွေက ပေါ်ထွက် လာသည်။

"မမ မမကို ကျွန်တော်သိပ်ချစ်ခဲ့တယ်၊ နှလုံးသားထဲက မြတ်နိုး စိုးမက်စွာ ချစ်ခဲ့တာပါ၊ ဒါပေမဲ့ မမရဲ့ ချစ်ခြင်းတည်ရာကို ကျွန်တော် သိခဲ့ရတယ်၊ မမရဲ့ အမုန်းတွေကို သိလိုက်ရတယ်၊ ဒါပေမဲ့ ကျွန်တော် မမကို မမုန်းနိုင်ခဲ့ဘူး၊ မမကို မစွန့်လွှတ်ရက်ဘဲ ချစ်ခဲ့တယ်၊ အခုတော့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ၊ မမနဲ့ဒယ်ဒီ ခံစားနေရတဲ့ ဝေဒနာတွေ အတွက် ကျွန်တော် အဝေးဆုံးကို သွားပါတော့မယ်၊ မမရင်ထဲက ချစ်ခြင်း မိုးအတွက် ဒီ ချစ်ခြင်းသစ္စာ ပန်းချီကားလေးနဲ့ ပြေငြိမ်းပေးပါ၊ မမနိုင် ပါတယ်၊ မမကို မြတ်နိုးချစ်တဲ့ ဒဏ်ရာတွေ ကျွန်တော့်ရင်ထဲမှာ သေသည့် တိုင် ပါသွားခဲ့လို့ပါ နှုတ်ဆက်ခဲ့ပါတယ် မမ"

စကားသံလေးတွေ တိတ်ဆိတ်သွားပေမယ့် သတိုး မင်သက်စွာ ရပ်နေမိဆဲရှိ၏။

လင်း အဝေးကို ထွက်သွားပြီတဲ့လား၊ အားလုံးကို ကြေတင်



www.burmeseclassic.com

www.burmeseclassic.com



သိနေခဲ့သည်တဲ့လား။ ဒါနဲ့တောင် သတိုးအပေါ်မှာ လင်းရဲ့ ချစ်ခင်ကြင်နာမှုတွေ ရုပ်သိမ်းမသွားခဲ့တာ ထူးဆန်းသည်။

သတိုး ရင်ထဲမှာ ဘာမှမရှိတော့သလို ခံဟားနေရသည်။ ရှေ့က ပန်းချီကားကြီးကို မင်သက်စွာ ကြည့်နေမိဆဲ။

''ဟာ ဒါ ဒါက''

အံ့သြတုန်လှုပ်သံနှင့် ဦးမိုးစက်ထင် ဧည့်ခန်းထဲ ရောက်လာကာ ရေရွတ်သည်။

ပန်းချီကားကိုကြည့်ရင်း ဦးမိုးစက်ထင် မျက်ဝန်းတွေ ထိတ်လန့်စွာ ဝိုင်းစက်ပြူး ကျယ်နေခဲ့သည်။

''ဒါ ဒါ ဘာ ဘာလဲ မြသတိုး ပြောစမ်းပါ''

''ဒါ လင်းခြိမ်ရဲ့ ပို့လိုက်တဲ့ ပန်းချီကား''

''ဘာ''

ဦးမိုးစက်ထင် သွေးရူးသွေးတန်း ခေါင်းကို ခါရမ်းသည်။ ပြီးတော့ ပန်းချီကားကို တုန်တုန်ယင်ယင် လှမ်းယူကာ နံရံမှာ ရိုက်ချိုးသည်။

''ဖြောင်း ဖြောင်း''

''မဟုတ်ဘူး မဖြစ်သင့်ဘူး မဟုတ်ဘူး''

ဦးမိုးစက်ထင် သွေးရူးသွေးတန်း ဟစ်အော်ကာ အားရအောင် ရိုက်ချိုးပြီးမှ သတိုးနှင့် လှည့်ရင်ဆိုင်သည်။

''မင်း မင်း သားကို ပြောလိုက်ပြီပေါ့၊ မင်း မင်း သိပ်ရက်စက်





တယ် မြသတိုး''

''ဟင့်အင်း ကျွန်မ မပြောခင်ကတည်းက သူ ကြိုတင်သိနေခဲ့တာပါ ဦးမိုးစက်ထင်''

''ဘာ သား သား''

ဦးမိုးစက်ထင် မျက်လုံးတွေ ဝိုင်းစက်တုန်လှုပ်နေရာမှ နာကျင်တုန် မျက်နှာကြီး ရှုံ့သွား၏။

''အ အ''

လက်နှစ်ဖက်က ရင်ဘတ်ကို စုံဖိရင်း ပျက်စီးသွားသော ပန်းချီကားကြီးပေါ် ဦးမိုးစက်ထင် ပြိုလဲကျသွားခဲ့၏။

''ဟယ် မောင်မိုး မောင်မိုး''

ဒေါ်မြိုင် အပြေးရောက်လာကာ ထွေးပွေ့ခေါ်သည့်တိုင် ဦးမိုးစက်ထင် မလှုပ်ရှားတော့။ ဝိုင်းစက်နေသော မျက်ဝန်းတွေက ပွင့်နေဆဲ။

''တူ တူ တူ''

စားပွဲပေါ်က ဖုန်းလေးက ထမြည်ပေမယ့် ကိုင်မည့်သူမရှိ။ သတိုး ကိုယ်တိုင်လည်း အိပ်မက်မက်နေသူ ပမာရှိဆဲ။

''တူ တူ တူ''

အဆက်မပြတ်မြည်နေသော ဖုန်းလေးကို သတိုး သတိဝင်လာကာ ပြေးကိုင်လိုက်ရ၏။

''ဟဲလို မြသတိုး ပါ''



www.burmeseclassic.com

www.burmeseclassic.com



"..."

"ရှင်"

"..."

သတိုးလက်ထဲက ဖုန်းခွက် လွတ်ကျသွားတာကို ဒေါ်မြိုင် မျက်ရည်တွေကြားက လှမ်းကြည့်ရင်း

"ဘယ်သူလဲ သမီး"

"ဆေးရုံက ဆက်တာ၊ လင်း ကားအက်ဆီးဒင့် ဖြစ်လို့တဲ့"

"ဘုရားရေ"

ရှိုက်ကြီးတငင် ငိုချလိုက်သော ဒေါ်မြိုင် အသံတွေ နောက်မှာ ကျန်ခဲ့သည်။ ဆင်ဝင်အောက်က ကားပေါ်သို့ သတိုး ပြေးတက်လိုက်ပြီး ဖြစ်နေ၏။

ကားစက်နှိုးကာ လင်းမြို့ရုံဆီသို့ ဦးတည်လိုက်မိ၏။

■ ■ ■

အရေးပေါ်ခန်းရှေ့မှာ သတိုး တစ်ယောက်တည်း ထိုင်နေမိဆဲ။ ရင်ထဲမှာ လင်းအတွက် ဆုတောင်းပေးနေမိဆဲ။

ထိုအချိန်မှာပဲ အိတ်ထဲက ဖုန်းကမြည်လာတာမို့ ဖွင့်နားထောင်လိုက်တော့ ဒေါ်မြိုင်ဆီက ဖြစ်နေသည်။

"မောင်မိုး ဆုံးရှာပြီ သမီး၊ နှလုံးရောဂါအခံကြောင့်လို့ ဆရာဝန်ကြီးပြောတယ်"

သတိုး ဘာမှ မဆိုနိုင်ဘဲ မျက်ရည်တွေပဲ စီးကျလာ၏။ သတိုး





အနိုင်ရခဲ့တာလား။ ရင်ထဲမှာ ပူလောင်သော မီးတွေနှင့် သတိုးရဲ့ နောင်တတို့ နောက်ကျခဲ့ပြီ။

"လင်း အခြေအနေကော သမီး"

"လင်း သတိမရသေးဘူး ဦးခေါင်းကို ထိခိုက်ထားလို့ စိုးရိမ်ရတယ်တဲ့"

"အင်း သမီးစောင့်နေပါနော် ဒေါ်မြိုင်ဒီမှာ"

"သိတယ် ဒေါ်မြိုင် လင်းအတွက် မပူပါနဲ့"

သတိုး ဖုန်းလေးပြန်ပိတ်ကာ မျက်ရည်တွေကြားက လင်းအတွက် ဆုတောင်းမိပြန်သည်။

လင်းဘာမှ မဖြစ်ပါစေနဲ့။ လင်းသာ တစ်ခုခု ဖြစ်ခဲ့လျှင် သတိုး သည်လည်း ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

''မင်းကိုချစ်တယ် ပန်းကလေး ငါ့ကို မမုန်းနဲ့နော်''

ခြံထဲက ခုံတန်းလေးမှာ ထိုင်ရင်း လင်း ပန်းအကြွေပွင့်လေး ကောက်ယူကာ စကားတွေ ပြောနေခဲ့တာကြာပြီ။

သတိုး လင်းကို ငေးကြည့်ရင်း ရင်ထဲမှာ မချိ။

တစ်လကျော်ကြာမှ ဆေးရုံက ဆင်းခဲ့ရသော လင်းသည် ဒဏ်ရာတွေ ပျောက်ကင်းခဲ့ပေမယ့် အာရုံကြောတွေတော့ ထိခိုက်သွားခဲ့သည်တဲ့။

ဘာပဲဖြစ်ဖြစ် လင်း သူမ အနီးမှာ ရှိနေခြင်းအတွက် သတိုး ကျေနပ်ပါသည်။

လင်းခြံရံ ဆိုသော လင်း ဘဝလေးကို သတိုး တစ်သက်လုံး





စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်ထားသည်။

''လင်း''

''ကျွန်တော့်ကို ခေါ်တာလား''

''အင်းလေ အရမ်းအေးလာပြီ အထဲဝင်ရအောင်နော်''

လင်း ခေါင်းလေးခါကာ ငြင်းသည်။ သတိုး လင်း အနားထိ လှမ်းလျှောက်လာရင်း ပြုံးပြုံးလေး ချော့မော့ရ၏။

''လာပါ လင်းရယ် တို့ထမင်း ခွံ့ကျွေးမယ်လေ''

''တကယ်နော်''

''တကယ်ပေါ့''

''ဒါဆို ကျွန်တော့်ကို သီချင်းဆိုသိပ်မှာလား''

''လင်းအတွက်ဆို အမြဲတမ်းအသင့်ပါကွယ်''

''ဟား ပျော်လိုက်တာ ဒါဆိုသွားကြမယ်''

လင်း သူမလက်ကိုဆွဲကာ အိမ်ထဲ ပြေးဝင်တော့ သူမ ခပ်သုတ်သုတ်လေး ပြေးလိုက်ရသည်။

ညှိခန်းရောက်တော့ လင်း ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပြီး

''နေဦး ပန်းကလေးကို နမ်းချင်လို့''

ပြောရင်း သတိုး ပါးပြင်လေးကို လင်း ရွှတ်ခနဲ နမ်းသည်။ သတိုး ကျေကျေနပ်နပ်လေး ပြုံးလိုက်မိပါသည်။

လင်းအတွက် သတိုး အမြဲတမ်း ယုယကြင်နာခြင်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်သွားမှာပါ။ သတိုး နှလုံးသားထဲမှာ လင်းအတွက် ချစ်ခြင်းမေ
က ပြည့်ဝစွာ ရှိနေခဲ့ပြီပဲ။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

BURMESE CLASSIC .com



www.burmeseclassic.com